ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောဆဒ္ဒန်ဆင်မင်း ယခင်ဆင်ဖြူများ ရှင် လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်။ ရွှေး ရွှေး သောကိုယ် တော်၏အဖြစ်နှိုက်ဖြည့်ကျင့်ဆည်း ပူး တော်မူခဲ့ သောကုသိုလ် တံ ကြောင့်ယခုဘဝမြတ် သော မင်း အဖြစ်သို့ ရောက် တော်မူလျှင် သော်း လောင်း တော် မဟာသမတစကြာမန္ဓာတ်မင်း မြတ်မင်း တောင်း တို့ဘိသိက်ခံသည့်ထုံး စံသက် သေရှိ သည့်အတိုင်း မူဒ္ဓါဘိသိက်ကိုနှစ်ကြိမ် မြောက်စင်ခံ တော်မူသည်။ မင်း တို့ကျင့်အပ် သော ရာဇဓမ်တရား အ ပေါင်း ကိုလည်း မပေါင်းမမှား စေရကျင့် ဆောင် တော်မူသည်။ သဗ္ဗညုဘုရား ဟောကြား တော်မူအပ် သောတရား ဒေသနာများ စွာယိုယွင်း သဖြင့်ရဟန်း ရှင်လူပြည်သူပြည်သား တို့အကျင့်သီလထိမ်း စောင့်သမှုကိုလည်း အနာ ဂတသုဗ္ဗန် ဒေသနာဗျာဒိတ် တော်နှင့်အညီကိုယ် တော်၏ပင်ပန်း ခြင်း ကိုမငဲ့နှစ် ပေါင်း များ စွာမှန်ကန်ရာဖြစ်စေ ကြောင်း ကို ရွှေနှလုံး တော်ထား လျက်တရား သဖြင့် ဆွေး နွေး ပြောဆို တော်မူသည်။ တရား အ ပေါင်း ကြောင့်မင်း ဆက်တကာ ရခဲစွာ သောဆဒ္ဒန်ဆင်မင်း ကိုရ တော်မူခြင်း ၊ စကြာရတနာအ ပေါင်း ရွှေစက် တော် အောက်များ စွာ ရောက်ခြင်း ၊ ဘုန်း တော်ကြီး လျှက်သက် တော်ရှည်ခြင်း စ သောများ မြတ် သော ကောင်း ကြိုး အ ပေါင်း နှင့်ပြည့်စုံ တော်မူသည်။ တိုင်း ကြီး ပြည်ကြီး ဆိုသမျှသည်ခိုး သူထား ပြလျှပ်စား ပေါက်စား ပြုကျင့်သူတို့နှင့်မကင်း ရာ၊ ဘုရား သခင်လက်ထက်ရာဇဂြိုဟ်သာဝတ္ထိအစရှိ သောတိုင်း ကြီး ပြည်ကြီး တို့နှိုက်လည်း ခိုး သူခိုး သား အများ ပေါ်ရှိ ကြောင်း ကိုဇာတ်နိပါတ်ကျမ်း ဂန်တို့နှိုက်လာသည်။ ရွှေပြည် တော်မှစ၍နိုင်ငံ တော်မြို့ ရွာ ရွာများ မှာလည်း တိုင်း ကား ပြည်ရွာ ကြီး ကျယ်များ ပြား သည်ဖြစ်၍တ ယောက်ဥစ္စာကိုတ ယောက်လှျပ် ဘောက်ခိုး ဖုက်ခြင်း နိုင်ထင်စီး ကဲမ တော်မသင့်ကျင့်ခြင်း အမှုပေါ်ထွက်သည်။ ပေါ်သမျှကိုလည်း မှန် ကန်ရာစစ် ဆေး ၍ဒဏ်ထိုက်သူကိုဒဏ်နှင့် လျော်စွာရာဇဝတ် ကြောင်း ထုံး စံအတိုင်း သတ်တန်သူကိုသတ်ရသည်။ ဖြတ်တန်သူကိုဖြတ်ရသည်။ ထိုသို့ထွပ်ညှပ်စီရင်ပဲ့ပြင်ဆုံး မခြင်း သည်လည်း လောကဗ္ဗစရိယပြည်သူတို့အကျိုး စီး ပွါး ကို ထောက် တော်မူ၍ထွပ်ညှပ်စီရင် တော်မူရခြင်း သည်ရာဇဝတ်ထုံး စံစီရင်ရန်အမှုထိုက် သော်လည်း ငါအသျှင်ဧကရာဇ် မင်း မြတ်နှင့်စပ်ရှည် သော ရွှေ ငွေရတနာဘဏ္ဍာ တော်များ ကိုခိုး ယူဖျက်ဆီး သည်

အမှုပေါ်ထွက်လျှင်ဇီဝိတဒါနအသက်အလှူကို ထောက် တော်မူ၍ရာဇဝတ် တော်ကိုချမ်း
သာ ပေး တော်မူသည်၊ ပြည်သူတို့ဥစ္စာကိုလုယက်ခိုး ယူသည့်အမှုတဦး ကိုတဦး နိုင်ထက်
စီး ကဲပြုကျင့်သည့်အမှုများ မှာ မူကား ငါကိုယ် တော်နှင့်စပ်သည့်အမှုကဲ့သို့မဟုတ် ဒဏ်
ထိုက်သူကိုဒဏ်နှင့် လျော်စွာစီရင်အပ်သည်နှင့်အညီဘုန်း တော်ကြီး၍သက် တော်ရှည်
သမျှကာလထိတို့နိုက်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့အား ပြစ်မှား ကျူး လွန်သူတစုံတရာ
ပေါ်ထွက်သည်ကိုရာဇဝတ်အလျောက်စီရင်ရမည်အမိန့် တော်ရှိလျှင်ရာဇဝတ် တော်
ကိုချမ်း သာစေ ထုတ်ပြန် တော်မူသည့်အမိန့် တော်ရှိကြောင်း နှင့်ဝန်ကြီး အတွင်းဝန်
ဝန်ထောက်တို့ ရွှေနား တော်ကြား လျှောက်ထား ရမည်၊ မှူး မတ်ဆိုသည့်အရာသည်
ငါအသျှင်ဧကရာဇ်မင်း မြတ်အကျိုး စီး ပွါး တိုင်း သူပြည်သား အကျိုး စီး ပွါး များမြတ်
မည်အကြောင်း ကိုနှလုံး သွင်း အပ်သည်နှင့်အညီ နေ့ညနှလုံး ထား ၍ဆင့်ဆိုစီရင်။

18 April 1811

သက္ကရာဇ် ၁၁၇၃ ခုတန်ခူး လဆန်း ၁၁ရက် နေ့နား ခံ စခြောင်မှူး
ထွင်ပြန်။
(ရှိုး ကြည့်၊ ပု၊ ၆၁၆)

4 June 1811

ပုထိုး တော်ကြီး မြောက်ခေါင်း လောင်း တော်တင်ရန်အရပ်တွင် တော်သင့်ရာကနန်း တော် ဆောက်စေ။

4 June 1811

(သက္ကရာဇ်) ၁၁၇၃ ခုနယုန်လဆန်း ၀၄ ရက်နေ့န ၁း ခံ ဇေယသိမ်သွ တွင်ပြန်။

(တကိဗတို ၄၅၂၁၇)

9 July 1811

26 July 1811

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်း စံ၂၉နှစ် သောဠသမိမာသ်
သုဒ္ဓဒိန်၃၁၃ကရကဋ်ရာသီဝါခေါင်လဆန်း ၁၃ရက် နေ့ညတတိယယံ၃ မောင်း၂ပတ်
အချိန် ရောက်လျှက်စက် တော်ဂါဘုရိုးကို ရွှေထီး တင်လှူတော်မူမည်၊ ရေစက် တော်
သွန်း ၊ ဘုရား ရဟန္တာမှစ၍အလှူတော်လှူဒါန်း ရန်ရှိသမျှကိုပြီး ပြေ အောင်စီ
ရင်၊ ရဟန်းသံဃာတို့မှာအလှူဝတ်ကိုယ နေ့လှူစေ၊ အလှူခံပြီး လျှင် ကျောင်း သို့ပြန်

27 July 1811

လိုလျှင်ပြန် စေ၊ ပဒေသာအလှူတော်များ ကိုဝါခေါင်လဆန်း ၁၄ရက် နေ့ညတတိယ
ယံ၃ မောင်း ၂ပတ်အချိန် ရောက်လျှင် ဘောင်နှင့် မျှော စေ၊ စက် တော်ရာဘုရား
ထီး တော်တင်အခါတော်မှာ(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်း စံ

26 July 1811

၂၉နှစ် သောဠသမိမာသ်သုဒ္ဓဒိန်၃၁၃ဝါခေါင်လဆန်း ၁၃ရက် နေ့ညတတိယယံအ
ဝင်၃ မောင်း ၂ပတ်အချိန်ကိုတင် စေ၊ ထီး တော် ရေစက်သွန်း မှာအိမ် ရှေ့မင်း
ထွက်၍ထီး တော်တင်အခါမ ရောက်မီသွန်း စေ၊ ထွက် တော်မူမည့်လမ်းမှာ မြောက်
တံခါး ကပြင် စေ၊ ထီး တော်တင်အခါတော် ရောက်မှထွက် တော်မူမည်၊ ပဒေသာ
ပင်အလှူတော် များ ကိုလည်း ထီး တော်တင်အခါတော်နှင့်တချိန်တခါတည်း မျှော
စေ။

9 July 1811

(သက္ကရာဇ်)၁၁၇၃ခုဝါဆိုလပြည့်ကျော်၅ရက် နေ့နား ခံ ရေးခါး ငွာစား
ငပသီတွင်ပြန်။

(တက်ဗဟို၄၅၂၁၇)

နန်းကံကျွေး ဝန်ရဲလှ ကျော်ထင်ကိုဒူး နေရာမှာချ၍ခစား စေ၊ နန်းကံ ကျွေး ဝန်ရဲလှ ကျော်ထင်ကိုကွမ်း ခွက်၊ လက်ဘက်အိုး ၊ တကောင်း ပိတ်အဝန်း ၊ ထား အဆောက်ကတ္တီပါစိမ်း မွမ်း ရင်း ဖျား ခွေး မခွေး ငယ်ရတန့် ရွှေသား ကျောက်အိမ်ပါ၊ အိမ်ကတ္တီပါစိမ်း မွမ်း ရင်း ဖျား ခွေး မသပတ်၅တန့်၊ ရွှေသီး ကျောက်စီအိမ်ပါ၊ ထီး နီဆင်စွယ်ထွက် ၁၊ မြဝ်း ကကိုင်း ညောင်ရွက် ၅၊ သမ္ဘ ရှာခွံ၊ ရက်ဘောက်၊ ကတောင်ဆွဲ၊ ဆက်၊ ပါးကာ၊ ရွှေဇာဝါဝိန်း ၊ နင်း နှင်း သိဝ်၊ အိမ် မြှောင် ရင်ပတ်ကွင်း ၊ ငွေဇာဝါ၊ ကတောင် ရွှေရေး စာမရိဂူဝ်ပန်း ခက်တိုက်အနား သံငှံ ရွှေဝိန်း ၊ ဥကွက်၊ ထိဝ် ဆောင်း ၊ မြီး ဖြန်း ၊ ရင်ပတ်၊ သက္ကလဝ်ကြိုး ရွှေကြယ်တဝ်၊ စီး နှီး သက္ကဒါန်၊ သက္ကလတ်တင်ရန်း ၊ စက်ရွှန်း ၃ဆင့်၊ ဝတ်လုံမှိုင်း လုံး ၊ ဗောင်း ပန်း ၆၊ စလွယ်ဂသွယ်၊ ဘွဲ့ဖြူ ရွှေမြိတ်ငှံ၊ မောက်တိုအုံ ရွှေဝိန်း ၊ အရဝ်အနား သံ ၅၊ ရွှေကုံး ၊ ရွှေထိဝ်၊ ရွှေဖွတ်၊ ဖိန်ပွင့်ရ၊ ပါး ကါ နား ကာ၊ ဒမောက်ရှူ၊ ပါလည်ကွေး ၊ ငွေ့ကာ၊ နောက်ကာ၊ ကတ္တီပါဇိမ်း အကွဝ်၊ မျည်း တိုကတ္တီပါပြဘဲကွဝ်၊ မျည်း ဒှည်မှိုင်း လုံး နီဘဲကွဝ်သနား တော်မူသည်၊ စာ ချွန်ရေး မြ ရေး ၍သွင်း ။

3 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့်ကျော် ၂ ရက် နေ့နား ခံစ မြောင် မှူး ဘယ ကျော်ထင်တွင်ပြန်။

(ရွှေး ဟောင်း သူတေသန)

ငဘား ၊ ငဝက်တို့နှင့်ငစည့်ကူး မြို့အနီး အပါး လာ ရောက်တိုက်ခိုက်သည့်ထား ပြ
လူဆိုး တို့ကို ငစည့်ကူး ၊ ကျောက် မြောင်း ၊ မြစ်စဉ် ကျေး ရွာကလူ ၂၀၀၀ မိုး မိတ်
မြို့ကလူ ၃၀၀၀ ခန့်ထား ၍ တွေ့မိ အောင်လိုက်လံဘမ်း ဆီး စေ၊ ကျော်စဉ်တိုက်က
လည်း တော်သင့်အောင်ခန့်ထား လိုက်လံဘမ်း ဆီး စေ။

4 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့် ကျော် ၃ ရက် နေ့နား ခံ ရေခါး
ရွာစား ငဝသီတွင်ပြန်။
(ရှေး ဟောင်း သုတေသန)

ပုထိုး တော်ကြီး ဘုရား ၊ စက်တော်ရာဘုရား ၊ ရှင်ဖြူဘုရား ၊ မဟာမုနိဘုရား ၊ ဆင်ကြီး ရွှေဂူဘုရား ၊ ရွှေကွန်းအုပ်ဘုရား ၊ ရွှေတန့်တစ်ဘုရား ၊ ရွှေလင်း ပင် ဘုရား ၊ အောင်မြေ လောကဘုရား ၊ စန္ဒမုနိဘုရား ၊ မဟာ ဗောဓိပင်၊ ခေါင်း လောင်း တော်ကြီး ၊ ကောင်း မှုတော်များ ကို ရွှေမြို့တော် နေ ယောက်ျား မိန်း မတို့ကို မဘူး မမြော်မဝင်မ ရောက် စေနှင့်၊ ဆိုင်ရာဆင့်ဆိုတား ဆီး စေ။

5 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့် ကျော် ၄ ရက် နေ့နံနား ခံစ မြောင် မှူး ဘယ ကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

6 October 1811

သင်း မှူး ရွှေတောင်သူငိုန်မှာဆယ်၍ရသည့်ဥဆုပ် ၃ ဦးသစ်လုံး ရေဘကိုနန်း
တော်ရွှေလက်ကြား သို့သွင်း ၍ထား စေ။

6 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့်ကျော် ၅ ရက် နေ့နား ခံစ မြောင်
မှူး ထွင်ပြန်။

(ရှေး ဟောင်း သုတေသန)

7 October 1811

အရပ်ရပ်အစုငန်းသားတို့အကပ်အနိုအထိမ်း အရှောင်များ ပြား သောကြောင့် အစုပျက်ပြား၍မင်း မှုတော်အခန့်အထား မပြေမကုန်ရှိ ကြောင်း နှင့်ရွှေနား တော်ကြား တော်မူသည်၊ ကပ်နိုထိမ်း ရှောင်သမျှလူတို့ကိုငြိမ်ဝပ် အောင်မည်သို့ သိမ်း ရုံး ထမ်း ရွက် စေမည်ကိုအိမ်ရှေ့မင်း ရှေ့မှာပြည်မင်း ၊ တောင်ငူမင်း ၊ ပုဂံမင်း ၊ ပုခန်း မင်း တို့နှင့်မှူး တော်မတ် တော်တစုစည်း ရုံး ပြောဆိုကြစေ၊ ဟန်လင်း မြို့မှာထား ပြလူဆိုး အများ စုရုံး၍ ပတ်လည် ကျေး ရွာများ ကိုတိုက် ကြောင်း နှင့်ထား ပြတို့စစ်ချက်ထွက်သည်၊ ဟန်လင်း မြို့နယ်တွင်း မှာရှိသမျှထား ပြလူဆိုး တို့ကိုဗဒုံ၊ ဒီပယင်း ၊ ငရနဲ၊ ထန်း တပင်၊ ခေါ်သန္တိ၊ ရတနာသိယ်၊ ကျောက် မြောင်း မြို့များ ကလူနိုင် လောက် အောင်ခန့်ထား ပြီး လျှင် တွေ့မိ အောင် လိုက်လံဘမ်း ဆီး စေ၊ တိုင်း ရေး ပြည်မှု ငှမှုငန်း မှုစည်း ရုံး ပြောဆိုကြသည်မှာ ရှေ့ တော်သို့ဝင်၍ ပြောဆိုကြ စေ၊ ခြောက်ဖို့ဝင်း လေး မျက်နှာမှစ၍အရပ်ရပ် စုသား ငန်း သား တို့မှာမင်း ညီမင်း သား မင်း မိဘုရား တို့ကို ပေး ဘွဲ့သနား တော်မူသူလည်း ရှိသည်၊ ကပ်နိုထိမ်း ရှောင်သူလည်း ရှိသည်၊ ပေး ရာပါသူတပ်နို ထိမ်း ရှောင်သူလက်ရှိခန့်ထား ရသူတို့ကိုစုရှင်ငန်း ရှင်တို့တစာရင်း တင် စေ၊ ပေး ဘွဲ့ရာပါလူတို့မှာမင်း မှုမင်း ခင်း ခန့် ခြေထား ခြေကျလျှင်ဆိုင်ရာဝန်အ ကြီး စာ ရေး တို့ကိုလွှတ် တော်တခန့်၍မင်း မှုတော်ကျရာထမ်း စေ၊ ကပ်နိုထမ်း ရွက်သူတို့မှာမည်သည့်မင်း ညီမင်း သား မိဘုရား တို့တွင်မည်သည့်အဖို့ကမည် မျှကပ်သည်စာရင်း တင် စေ၊ ဝန်အကြီး စာ ရေး တို့နှင့်တိုက်ဆိုင်စစ် ကြော၍ကပ် နိုရှိသည်မှန်သူတို့အတွက်ခန့် ခြေကြသည်ကိုဝန်အကြီး စာ ရေး တို့တခန့်ထား ပြီး လျှင် ဆိုင်ရာအစုရှင်တို့သို့အပ်၍မင်း မှုတော်ကျရာထမ်း စေ၊ ကပ်နိုထမ်း ရွက်သူတို့ စာရင်း တို့လည်း သေချာ အောင် ရေး ၍သွင်း ၊ စာရင်း ပါလူပြင် နောက်ကို တိုး ပွါး ၍အကပ်အနိုမခံ စေနှင့်၊ စုထိန်း စုအုပ်တို့မှာလည်း လက်ရှိလူကိုအမှန်အကန် စစ် ကြော၍လက်ရှိလူအကျကိုသာလွှတ် တော်တခန့်ထား ၍ထမ်း ရွက် စေ၊ တိမ်း လူ ရှောင်လူသိမ်း ရုံး မရသူတို့မှာလွှတ် တော်တစစ် ကြော၍သိမ်း ရုံး မရမှန်သူတို့ကို စုထိန်း စုအုပ်တို့မှာအခန့်အထား လွှတ် စေ၊ မြို့စုတိုက်စုအသည်အလာလူတို့မှာလည်း အစုအငန်း ကိုပြဋ္ဌာန်း ပညတ် တော်မူသည့်အမိန့် တော်အတိုင်း ထမ်း ရွက်ကြ စေ၊

အစုသား တို့ကိုသနား တော်မူသည့်လယ် မြေမှာလည်း လူရှိနှင့်ထွက်၍အစုကျရာလုပ်
စား စေ၊ လူမရှိ သော်လည်း မြေကိုလုပ်စား ၍ထမ်း ရွက်ပါမည်ဆိုလျှင်လုပ်စား
စေ၊ လုပ် မြေအကျလူကိုထွက်၍ထမ်း စေ၊ ခန့်ခြေထား ခြေမရ၊ လူမရှိသူတို့စား
ပုံ မြေကို မြေစွန်း ဝန်ကလုပ်စား စေ၊ အစုသား အငန်း သား သို့ချ ပေး သည့်
မြေကိုအခြား သူတို့သို့မချ စေနှင့်၊ အစုသား တို့ကိုသာလုပ်စား စေ၊ ရနိုင်အရေး
တော်ရှိရာအချီအသွား မှာလိုင်မင်း ချီသွား သင့် တော်သည်မဟုတ်ပြီ၊ တပ်မှူးမင်း
လှစည်သူကိုခန့် တော်မူရင်း အတိုင်း အုပ်ချုပ်ထမ်း ရွက် စေ၊ ရေဘက်ရာမြို့ရွာ
များ ကလက်နက်ကိုင်ကိုသာ မင်း လှစည်သူကသိမ်း ရုံး ချီသွား စေ၊ ခန့်ခြေလက်နက်
ကိုင်စာရင်း ကိုမင်း လှစည်သူရှိရာ ပေး အပ်၍ စလင်း ၊ ကျပင်း ၊ အထက်မြို့ရွာ
စုကိုလက်နက်ကိုင်မသိမ်း စေနှင့်၊ မြို့ရွာတွင်ရှိသည့်စုအုပ်တို့ကသိမ်း ရုံး ခန့်ထား
ထမ်း ရွက် စေ၊ မြို့ရွာသူကြီး တို့ကသိမ်း ရလက်နက်ကိုင် ၆၀၀ ကိုမိုး တောင်း မြို့ရဲ
ခေါင် နော်ရထာကိုကပ်မှူး တပ် အုပ်ခန့်ထား ၍ ငစည့်ကူး မြို့၊ မဏ္ဍရာ၊ ကျော်
စဉ်တပြင်ရှိသည့်သူခိုး ထား ပြတို့ကိုကုန်စင် အောင်လိုက်လံဘမ်း ဆီး စေ၊ တောင်
ဘက်ကိုး ခရိုင်နယ်တွင်း ရှိအိမ် ရှေ့တော်ဘွဲ့ပါအစုအငန်း သား တို့ကိုသနား တော်
မူသည့်လယ် မြေကအခွန်စပါး ကိုအိမ် ရှေ့မင်း ကိုမှာသွင်း စေ၊ မြေစွန်း ဝန်ကကို
တော်မှာသွင်း ရမည်မ တောင်း စေနှင့်၊ ပေး မိသမျှကိုနှုတ် စေ၊ မြ တောင်မြို့
မှာ တောင်ငူမင်း ကခန့်ထား သူဟန်လင်း မြို့စာ ရေး ငမွန်း ကို တောင်ငူမင်း
က ရွှေဘဝါး တော် အောက် ခေါ် စေ၊ စပါး လှေဆန် လှေများ ကိုအကြေအညာအရပ်
ရပ်ကင်း ဆိပ်တည်ပွဲများ ကအ ကောက်အယူမရှိ စေနှင့်၊ ဆိုင်ရာဆိပ်စား အထိန်း
အအုပ်တို့ကို စေ့ငု အောင်ဆင့်ဆိုစီရင်။

7 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့် ကျော် ၆ ရက် နေ့နား ခံ ကျော်
ထင်ရာဇာသူတွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

သူခိုးဘမ်းခန့်ထားသူအာဏာ ကျော် ခေါင်ကိုမိုး ကောင်း မြို့ဝန်ရဲ ခေါင် နော်ရထာ
ကအဆုံး စီရင် စေ၊ ကျွန်း တောင်မြို့စီရင်စုမှန်ဖွန်ရွာအနီး အပါး လွယ်မော
တောင်ခါး ပန်း ကျောက်တွင်း မှာထုံး မြတ်သည့်လှံ တော်ကိုကျွန်း တောင် စော်
ဘွား လူမှန်ဖွန်ရွာ နေငအယ်၊ ငထွန်၊ ငပါရှင်တို့ရ ကြောင်း နှင့်ကျွန်း တောင်
စော်ဘွား ကအစီရင်ခံ သော ကြောင့်အမှုး အကြီး ခန့်ထား ဆောင်ယူပြီး လျှင်မိုး
နဲတပ် တော်မှာ ကောင်း မှန် လျှောက်ပတ် အောင်တန် ဆောင်း တံကနား ဆောက်
လုပ်၍ပွဲသဘင်အခင်း အကျင်း အ စောင့်အ နေနှင့်ထား ကြောင်း မိုး နဲ စော်မြို့
အမတ်စာ ရေး တို့ကလည်း လှံ တော်ရသည့်အရပ်သည်ကျွန်း တောင် စော်ဘွား စီရင်
စုနယ်တွင်း မဟုတ်၊ မိုး နဲမြို့စီရင်စုနယ်တွင်ဖြစ် ကြောင်း မိုး နဲမြို့ကဆက်ရသင့်ပါ
သည်အစီအရင်ခံ ကြောင်း နှင့်မိုး နဲဗိုလ်မှူး ကရှိခိုး သံ တော်ဦး တင်ချက်ဆက်သွင်း
ချက်တွင်ပါသည်မှာလှံ တော်ကိုကျွန်း တောင် စော်ဘွား လူတို့ရရင်း ဖြစ်သည်၊ ရရင်း
သူကျွန်း တောင် စော်ဘွား လူတို့နှင့်မိုး နဲဗိုလ်မှူး ကသင့်ရာအကြီး အကြပ်ခန့်ထား
၍ ရွှေဘဝါး တော် အောက်ဆက်သလှာ စေ၊ လှံ တော်ရသည့် ကျောက်ပလင်၊ ကျောက်
ကြာပွင့်အ နေအထိုင်ပုံသဏ္ဍာန်ကိုလည်း ရေး သား ၍ ဆောင်ယူခဲ့ စေ၊ တိုက် တော်တွင်
ယမ်း ပြီး ၄၀၀၀ ကျော်သာ ရှိသည်၊ ရွှေမြို့ တော်ပတ်လည် ရောင်း သူတို့မှာ ရှိသည့်
ယမ်း များ ကို ဈေး နှုန်း ပေါက်ရာအတိုး ငွေ တော် ပေး ဝယ် တောင်း လုပ် စေ
အိမ် ရှေ့မင်း အမိန့် တော်အတိုင်း ရောင်း သူတို့ကို မေး မြန်ယမ်း ငါမ်း ၁၀၀ကို
၂ ဒိပြန်စင်ယမ်း ၁၀၀ကို ၅ဝိ ရောင်း ဝယ်နိုင်မည်ထွက်ဆို ကြောင်း နှင့်ဆက်သွင်း
သည်မှာ ဝယ်ရန်ယမ်း ရသမျှကိုစာရင်း သွင်း ၊ အတိုး ငွေ တော်ထုတ် ပေး တော်
မူမည်၊ ရာဇမတ္တဏ်ကျမ်း တွင်သကန္တနတ်ကိုတ ပေါင်း လရထား တင်၍ပူ ဇော်ရမည်
ထွက်သည်ကိုမဟာပိန္နဲနတ်ဖြစ်သည်အနက်မြန်မာပြန်မှား ၍နှစ်စဉ်မဟာပိန္နဲနတ်
ကိုပူ ဇော်သည်၊ သကန္တနတ်သည်မဟာပိန္နဲနတ် မဟုတ်၊ မဟာပိန္နဲညီကတ္တိ ကေယနတ်ဖြစ်
ကြောင်း နှင့် ဂေါဝိန္ဒမဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရုဆရာတော်ရှိခိုး သံ တော်
ဦး တင်ချက်ရှိ၍အဘိဓါန်မူရင်း စာ၊ ရာဇမတ္တဏ်ကျမ်း များ ကိုကြည့်ရှုတိုက်ဆိုင် စေ
လျှင်မဟာပိန္နဲအနက်မထွက်သကန္တသာထွက်သည်၊ မဟာပိန္နဲပရိယာယ် ၈ ပါး တွင်လည်း
သကန္တမပါ၊ ကတ္တိကေယပရိယာယ် ၁၇ ပါး တွင်သကန္တပါ သော ကြောင့်အမှန်အတန်

ဖြစ်စေခြင်း ၄၁ကျမ်း ထွက်အတိုင်း သက္ကနတ်ကိုတပေါင်း လရထား တင်၍ပူ ဇော်စေအမိန့်တော်နှင့်နှစ်စဉ်ပူဇော်၍ပြီဖြစ်သည်၊ မဟာပိန္နဲနတ်ကိုတန် ဆောင်မုန်း လရထား တင်၍ပူဇော်စေအမိန့်တော်ထွက်၍ သော်လည်း ကျမ်း မ ထွက်သည်ကိုမပူဇော်သာပြီ၊ သက္ကနတ်ကိုသာကျမ်း ထွက်အတိုင်း တပေါင်း လရထား တင်၍ပူဇော်စေ။

8 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့်ကျော်၇ရက် နေ့နား ခံဗေယ သံခ်သူတွင်ပြန်။

(ရှေး ဟောင်း သုတေသန၊ အုပ်ချုပ်ပုံ၊ တ၊ ၁၉၇၀၊ ပုဒ်၃၉၄/ဇ၊ စာ၁၂၀)

9 October 1811

တန်ဆောင် တော်မှစ၍အိမ်ရွှေမင်း မင်းမိဘုရား သား တော်သမီး တော်
13 October 1811
တို့တန်ဆောင်မုန်း လပြည့်ကျော် ၂ ရက် ၁ ရအသီ ၁ နေ့နက်အတွင်း တော်သို့သွင်း ပြ၍ညထွန်း ညှိပူဇော်စေ၊ တန်ဆောင်တော် ၁၅ တိုင်ဆင်ကြိုး ရွှေဂူဘုရား၊ ရွှေထွန်အုပ်ဘုရား၊ ရွှေစတားဘုရား၊ ရွှေလင်းပင်ဘုရား၊ မဟာမုနိဘုရား၊ ဂူကြီးဘုရား၊ အောင်မြေလောကဘုရား၊ ပုထိုးတော်ကြီးဘုရား၊ စက်တော်ရာဘုရား၊ ရှင်ဖြူဘုရား၊ စန္ဒမုနိဘုရား၊ မဟာဗောဓိ ၂ ပင်များ မှာတတိုင်စီပူဇော်စေ၊ တန်ဆောင်တော် ၂ တိုင်ပို့သည်ကို အောင်မြေလောကဘုရား မှာပူဇော်စေ၊ အိမ်ရွှေမင်း မင်းမိဘုရား သား တော်သမီး တော်တို့တန် ဆောင်များ မှာသဒ္ဒါ စေတနာရှိရာ ပူဇော်ကြစေ၊ ပုထိုး တော်ကြီး မှာထား ရန်အထက်လှုပ် ဆောင်သည့်ကျောက်ဖြူနတ်ရုပ်မီး သင့်သည့်မျည်း ကိုပုထိုး တော်ကြီး အထက်သို့ဆောင်ယူ၍သိတိုက်အတွင်း ထား စေ၊ ၄ ပေါက်တက်ကိုသနား တော်မူသည် အစီး အနင်း အဆောင်အရွက်ဘဲ့အမည်အရာအထူး အစုအငန်း များ ကိုနှုတ်၊ ဗဒို မြို့ဝန်သီရိမဟာ သောကရှိရာသို့ပို့၍ ငယ်သား ထိထမ်း စေ၊ ၄ ပေါက်တက်ကိုဗဒိုမြို့ သို့မပို့စေနှင့်ဦး ။
9 October 1811
(သက္ကရာဇ်) ၁၁၇၃ ခုသတင်းကျွတ်လပြည့်ကျော် ၈ ရက် နေ့နား ခံစမြောင် မှူး ဘယကျော်ထင်တွင်ပြန်။
(ရှေးဟောင်းသုတေသန)

10 October 1811

ရက်ကန်း တော်အစုသား တို့မှာလွှတ် တော်ရုံး တော်အတွင်း တော်များ ကအ ဆင့်အဆုံအခန့်အထား မရှိစေနှင့်၊ ဝန်၊ ဝန်စာရေး တို့က နှိုး ဆော်၍ ရက် ကန်း တော်ကိုသာ တဝတည်း ယက်လုပ် စေ။

10 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့် ကျော် ၉ ရက် နေ့ နားခံ ကျော်ထင် ရာဇာသူတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

11 October 1811

ဆီမီး မြင့်မိုရ်တန်ဆောင်တော်ထား တဲများ ကိုဖျက်သိမ်း ပြီး လျှင်သစ်ဝါး သက္ကယ် ဇိုင်ကြမ်များ ကိုစက်တော်ရာဘုရား မဟာရံထံတိုင်း သစ်စေး သုတ်ရန်ငြမ်း အကာအမိုး လုပ်စေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ အောင်မြေ လောက ကျောက်စေတီတော်လုပ်ဆောင်သည်မှာပြီး ပြေလွယ်အောင်လုပ်ဆောင်စေ။

11 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့်ကျော် ၁၀ ရက် နေ့နာ: ခံ ဇေယ သိမ်ယူတွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

သက္ကရာဇ် ၁၁၇၃ ခုသတင်းကျွတ်လပြည့်ကျော် ၁၁ ရက် နေ့အ ရှေ့ဆက်နန်း တော်သို့ကူး တော်မူမည်၊ ဘောင်တော် လှေ တော်သွဲ့ လှေငင် လှေများကိုနှိုး ဆော်၍အသင့်ရှိစေ၊ နောက်တော်တွင်ပါသမျှအရပ်ရပ် လှေစုများ မှာလည်း နန်း တော်တောင်က ကျောက်စုကို လှေတစင်း လျှင် ကျောက်၁၀လုံး စီတင် ဆောင်ခဲ့စေ၊ တောင်ထိပ်ပန်း နတ်ပန်း လှေ တော်နှစ်စင်း ကိုသမ္မန် တော်မှာသွဲ့မြဲသွဲ့ စေ၊ ခေါင်း လေါင်း တော်ကြီး နန်း တော်မှာလုပ် တော်မူသည့် လှေ တော်က လေး သုံး စင်း ကိုအ ရှေ့ဘက်သို့ ဆောင်ယူခဲ့ စေ၊ င ပေါက်တက်ကိုအကျည်း ထား ၊ သူခိုး ထား ပြုအဘမ်း အဆီး ဗဒိုမြို့ဝန်ကခန့်ထား သည့်တပ်မှူး တပ်အုပ်တပ်ပါလူတို့ကိုဟန်လင်း မြို့ရောက်ချီခဲ့စေ၍ဟန်လင်း မြို့ဝန်ကလည်း ရှိတိုင်း သူခိုး ထား ပြုတို့ကိုမကြွင်း မကျန်ကုန်စင် အောင်လိုက်လံဘမ်း ဆီး စေ၊ မိုး တောင်း မြို့ဝန်ရဲ့ ခေါင် နော်ရထာကိုလည်း မတ္တရာ၊ ကျောက်ဆည်၊ င စည့်ကူး တပြင်ရှိသမျှသူခိုး ထား ပြုတို့ကိုလိုက်လံဘမ်း ဆီး ပြီး လျှင်အ နောက်ဘက်သို့ကူး ၍သူခိုး ထား ပြု ပေါ်ထွက်သမျှကို တွေ့မိ အောင်ဘမ်း ဆီး စေ၊ အ ရှေ့ဘက် ရွှေနန်း တော်သို့ဝင် တော်မူလျှင်အ နောက်ဘက် ခေါင်း လေါင်း တော်ကြီး ပုထိုး တော်ကြီး လှေကား လုပ်လက်စ၊ မပြီး မပြေ ရှိသည်ကိုလုပ် ဟောင်း လူက လုပ်ရင်း ပင်တဝက်ကူး သန်း ၍လုပ် ဆောင် စေမည်စာရင်း ရန်တား ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ မဘဲမြို့စား ၊ မင်း တပ်မြို့စား ၊ ကျောက်ရစ်၊ တောင်သာ မြို့စား ၊ ရေနံ့သာမြို့စား တို့ကိုချမ်း သာ ပေး တော်မူသည်၊ အကျည်း ကလွတ် စေ၊ င ပေါက်တက်ကိုချမ်း သာ ပေး တော်မူသည်၊ အကျည်း တလွတ် စေ၊ ထောင်မှာအကျည်း ရှိသူနှား သတ်င ယောက်ကိုချမ်း သာ စေ၊ အကျည်း တလွတ်၊ အ ရှေ့ဘက် ကြေး တိုက်က ဆောင် ယူခဲ့သည့်သံ ချောင်း များ ကိုပုဂံမင်း သို့အပ်၍ ပုထိုး တော်ကြီး လှေကား လုပ်သည်မှာသင့်ရာသုံး စေ၊ စက် တော်ရာဘုရား မဟာရုံမှ နောက်မျက်နှာ မြောက်မျက်နှာ များ ကလုပ်ရန်ကျန်သည်မှာဘုရား မြောက်တန်း ပင်မြင်ကို လျှောက်၍လုပ် ဆောင် စေ။

12 October . 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်းကျွတ်လပြည့်ကျော် ၁၁ ရက် နေ့နား ခံစ မြောင်မှူး တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

13 October 1811

ငဖျို၊ ငရွှေမှုတ်တို့မှာ သနား တော်မူသည့်စား ကျေး မြို့ရွာ ကျေး ကျွန်သင်း ပင်း အစီး အနင်း အဆောင်အရွက် မင်း သား ဝတ်မင်း သမီး ဝတ်မှစ၍ သက်ငှယက်မဲ့ ပစ္စည်း ဥစ္စာ ရှိသမျှကိုကုန်စင် အောင်စာရင်း နှင့်ကြည့်ဝ်မင်း သမီး မြေး တော် မါန် အောင်မင်း သမီး တို့သို့စုပုံ ပေး အပ် စေ၊ ငဖျို၊ ငရွှေမှုတ်တို့ကိုအ စေအပါး ငဖျိုမှာ သုံး ယောက်၊ ငရွှေမှုတ်မှာ သုံး ယောက်လူတို့နှင့် မြောက်နန်း တော် ဝန် အိမ်မှာ နေ စေ၊ ငဖျိုအိမ်တွင်အ စောင့်အ ရှောက်လွှတ်ကခန့်ထား၍ စောင့် နေ စေ။

13 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်း ကျွတ်လပြည့်ကျော် ၁၂ ရက် နေ့နား ခံ ဇေယ နော်ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

13 October 1811

သီရိနန္ဒဝန်ဥယျာဉ်တော်မြို့သစ်ဥယျာဉ်တော်မှူး နရာရွှေထောင်၊ ဥယျာဉ်စာရေး မနော်သီရိတို့က ကျောက်တိုင်စိုက်မှတ်၍သမုတ်ပြဋ္ဌာန်း တော်မူသည်အတိုင်း ဥယျာဉ်တော်နယ် လေးရပ်၌အင်ဈေး ကူး တို့များ ကို ကောက်ခံ၍နှစ်စဉ်ဆက်သွင်း ပါရသည်ကို အောင်ပင်လယ်လမိုင်း ဝန်ကလုလူ နှောက်ယှက်**ကြောင်း**သံ တော်ဦး တင်သည်၊ ဥယျာဉ်တော်နယ် လေး**ရပ် ရှစ်** ရပ်အတွင်း မြေရှင်ရေရှင်ဆို၍တရား တပေါင်မ တွေ့မဆို မနှောက်မယှက် စေနှင့်၊ အမိန့် တော်မြွက်အတိုင်း အနှောက်အယှက်မရှိငြိမ်ဝပ်စွာ ထိမ်း သိမ်း ဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်သည်၊ ဥယျာဉ် တော်မှာ ကျောက်တိုင်နယ်နိမိတ်နှင့်ဖြစ်သည်၊ ဥယျာဉ် တော် ကျောက်တိုင်အတွင်းအင်း ဈေး ကူး တို့များ ကို အောင်ပင်လယ်လမိုင်း ဝန်လမိုင်း စာရေး မြေရှင်ဆို၍ မ လုမလုပ်မ နှောက်မယှက် စေနှင့်၊ အမိန့် တော်ရှင်း အတိုင်း ဥယျာဉ်မှူး နရာရွှေ ထောင်၊ဥယျာဉ်စာရေး မနော်သီရိတို့တထိန်း သိမ်း ပြုစုဆက်သွင်း စေ၊ မန်ကျည်း တို့ရွာ၊ ရွာသစ်ကြီး ရွာများ ကိုဟန်လင်း မြို့နေငဝက်၊င ချော်တို့နှင့်မြင်း လူအ များ တို့တိုက်ခိုက် ကြောင်း ကိုမကျည်း တို့ရွာသူကြီး ငမြတ်မင်း စစ်ချက်ဆက်သွင်း ချက် တွင်ပါသည်၊ စစ်ချက်အတိုင်း မှန်မမှန်ကိုစစ်ချက် ဝင်လူတို့ကိုစစ်၊ စစ် ကြောထွက်ဆို ချက်ကိုလည်း သွင်း ၊ အစစ်ခံရင်း သူမန်ကျည်း တို့သူကြီး ငမြတ်မင်း ကိုလည်း ရွှေဘ ဝါး တော် အောက်ခေါ် စေ။

13 October 1811

(သက္ကရာဇ်) ၁၁၇၂ ခုသတင်း ကျွတ်လပြည့်ကျော် ၁ရက် နေ့နာ း ခံ ဇေယ သိန်သူတွင်မြန်။

(ရှေး ဟောင်း သု တေသန)

သမ္ဗန်တော်ကြီး သမ္ဗန်တော်ငယ်နှစ်စင်း ကိုအနောက်ဘက်မှာမထားစေနှင့်၊ အရှေ့ဘက်မှာအစဉ်ထားစေ၊ ရွှေမြို့တော်မှာနန်းတော်ကိုဝန်ကြီးနေမျိုး သီဟသူသို့ငွေတော်အဝ်ရှိကြဝ်မဆောက်လုပ်စေရမည်၊ ဝန်ကြီးနေမျိုးသီဟသူကို ရွှေဘဝါးတော်အောက်ခေါ်စေ၊ မကွေးမြို့လောင်းရှည်မြို့များကိုဝန်ထောက် နေမျိုးကျော်ထင်ကထိန်း အုပ်စီရင်မြဲထိန်း အုပ်စီရင်စေ၊ ရန်ကုန်မြို့မှာစာ တော်ဘက်ရွှေလုံး ကိုအမိန့်တော်နှင့်ခေါ်စေသည်၊ ယခုတိုင်မရောက်ဖြစ်သည်၊ မရောက်နေစေရမည်မဟုတ်၊ အမိန့်တော်ရင်းအတိုင်း ငရွှေလုံးကိုရွှေဘဝါး တော်အောက်ရောက်အောင်ခေါ်စေ။

14 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုသတင်းကျွတ်လပြည့်ကျော် ၁၃ ရက်နေ့နားခံကျော် ထင်ရာဇာသူတွင်ပြန်။

(ရှေးဟောင်းသုတေသန)

ဝန်ဝန်စာရေး တို့ရှိခိုး သံတော်ဦး တင်ချက်ကို ထောက်၍သီဂိုနန္ဒဝန်ဥယျာဉ် တော်မှာအလျှင်အရပ်ရပ်ထွက်သမျှအမိန့်တော်စိုက်မှတ်သည့် ကျောက်တိုင်များ ကို သိမ်း ပြီး လျှင်ဝန်ဝန်စာရေး တို့ကဆက်သည့်ပုံတွင်မိုး ရွေး မှတ် တော်မူသည့်အတိုင်း ဝန်ကူး တို့ဆိပ်ကသည်အနောက်ကိုကြို့ ဖြုကုန်း ရွာ မြောက်နား ကို ရှောက်၍ ငင်း က တောင်သို့ပတ်ပြီး လျှင်ကျွန်း ချောင်း အနောက်နား ၊ ငင်း က တောင်ကိုအင်း သာယာကန် မြောက်ဘက်ကန်ဝိုး နှင့်အတည့် ၊ ငင်း ကအနောက်ကိုအင်း သာယာကန်ဝိုး ကို ရှောက်၍ ရွှေကြူပေါက်ထိ ၊ တောင်ဘက်ကိုသီဂိုနန္ဒဝန်ဥယျာဉ် တော်နယ် မြေဖြစ် စေ ၊ ဥယျာဉ် တော်နယ်ကိုလည်း ကျောက်တိုင်အသစ်စိုက် စေ ၊ ဥယျာဉ် တော်နယ် မြေပြင် တောင်သမန် တောင်အင်း မြောက်အင်း ပုံဆက်ရာပါသည့် အတွင်း မုရင်း ကောက်တိုင်း ကျွန်း ကူး တို့များ နှင့်မိဘုရား ဥယျာဉ် တော်များ ကိုဝန်ဝန်စာရေး တို့ကထိန်း သိမ်း ချတင်လုပ် ဆောင်ကူး ပို့၍တနှစ်ကို ရွှေ ၁၀ ဆက် စေ ၊ ဥယျာဉ် တော်ကဆက်သွင်း မြသစ်သီး သစ်ပွင့်များ ကိုလည်း ဆက်မြဲဆက် စေ ၊ ဝန်ဝန်စာရေး တို့ဆက်စုအမိန့်တော်တွင် မြေရပ်ကိုလမိုင်း ဝန်လမိုင်း စာရေး တို့ကမနှောက်မရှက်မလုပ်မဆောင် စေနှင့် ၊ ဥယျာဉ် တော်မှူး နရာ ရွှေတောင် မှာလည်း ဝန်ဝန်စာရေး တို့ဆက်သည့် မြေပြင်ကျန် မြေကဆက်စုသင့်ကိုထွက်၍ဆက် စေ ။

16 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုတန်ဆောင်မုန်း လဆန်း ၁ရက် နေ့နား ခံစ မြောင်မှူး ဘယ ကျော်ထင်တွင်ပြန်။

(ရွှေ ဟောင်း သုတေသန)

ရွှေမြို့တော်မှာနန်းတော်ဆောက်လုပ်ရန်ကိုထွက်ချက် စေလျှင်အဖြူထည်လက်ခ ၃၄၀၇၈၊ အမွှမ်းလက်ခ ၁၇၅၃၅်၊ ကံကျွေး ခ ၁၇၅၃၅်၊ ၃စု ငွေဖ ၉၁၄၀် ထွက်ခြေထွက်သည့်အတိုင်း ရွှေမြို့တော်စောင့်ဝန်ကြီး နေမျိုးသီဟသူသို့အပ်၍ကြပ်မ စီရင်ဆောက်လုပ်စေ၊ စာရေးကြီးလက်ဝဲဇေယနော်ရထာ၊ အသုံးစာရေး ကျော်ထင်ရာဇာတို့ကိုလည်း ဝန်ကြီးနှင့်ရွှေမြို့တော်သို့လိုက်စေ၊ မင်းကွန်းနန်းတော်အတွင်းလုပ်ဆောင်သည့်နန်းတော်အဆောင်ပုံများနှင့်ရွှေကြာအင်းက သစ်ပျဉ်များကိုလည်း ရွှေမြို့တော်သို့ပို့စေ၊ နန်းတော်ကသိမ်း၍မင်းကွန်းကြေး တိုက်မှာထားသည့်သံများကိုလည်း ဝန်ကြီးသို့အပ်၍နန်းတော်ဆောက်သည်မှာ တော်သင့်ရာသုံးစေ။

17 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုတန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ နားခံ ဇေယ နော်ရထာတွင်ပြန်။

(ရှေးဟောင်းသုတေသန)

ပုခန်းကြီး ၊ တလုပ်မြို့နယ်စပ်၊ မြောင်၊ ကျောက်ရစ်၊ နဘက်ကသည်ဧရာဝတီ
မြစ် မြောက်ဘက်အနောက်ဘက်မှ အရှေ့ဘက် တောင်ဘက်ကို လျှောက်၍ ရတနာသိင်္ခ
မြို့၄၆ခေါင်း နှင့်အစပ် ကျေး ရွာစုမှာအထိန်း အအုပ်အစည်း အကြပ်မရှိကြ သော
ကြောင့်သူခိုး ထား ပြတ်ဝင် ရောက် နှောက်ယှက်ရသည်၊ မြင်း မွေး ၊ ပဲခွဲ၊ င
တရော်၊ရွာသစ်ကြီး ၊ လယ်ကြီး ၊ မောင်း ထောင်မှစ၍အနောက် တောင်ဗဒို၊
အမြင့်၊ ပုခန်း ကြီး ၊ တလုပ်မြို့နယ်နှင့်အစပ် ကျေး ရွာစုမှာ ရှေ့တောင်သီတ ကျော်
စွာ၎င်း ကအ ရှေ့ မြောက်စကိုင်း မြို့၊ ရတနာသိင်္ခ၊ ဗဒိုမြို့စီရင်စုနယ်စပ် ကျေး
ရွာစုမှာဗလသင်္ဃ ကျော်စွာကိုအအုပ်အထိန်း ခန့်၍ညီညွတ် အောင်စည်း ကြပ်ပြီး လျှင်
သူခိုး ထား ပြလုံမြို့ အောင်ထိမ်း သိမ်း စေ အိမ်ရှေ့မင်း အမိန့်တော်ပြန်ဆိုဆက်
သွင်း ချက်အတိုင်း သင့်ပြီ၊ ကာမပထုံး မှာပုခန်း မင်း က ခေါ်၍ ရောက်သည့်င
ရွှဲနှင့်လူ၅၀ကိုဥစ္စာ တော် ပေး မြဲပေး ပြီး လျှင်ပုခန်း မင်း သို့အပ်၍ နောက်ကို
မဆုံး မသွမ်း ငြိမ်ဝပ်စွာအမှုတော်ကိုထမ်း ရွက် စေ၊ ရှင်ဂဂီရေဝတ ကျောင်း
တွင် နေ့စဉ်ကပ်လှူတော်မူသည် ရွှေပွတ်အုံး ဖုံး ရွှေဖလား ပျောက်သည့်အမှုမှာ
ငသာလွှမ်း ၊ ငဘော်တို့ကြည့်ရှု စောင့်နေထိမ်း သိမ်း ရသည့်အနီး အပါး ကျောင်း
များ တလည်း အသီး အသီး ထိမ်း သိမ်း စောင့်နေကြသည့်တွင်ဖြစ်သည်၊ ပျောက်ဆုံး
စေသင့်သည် မထုတ်၊ ငသာလွှမ်း ၊ ငဘော်တို့ကိုမြို့ဝန်သို့အပ်၍ စစ် ကြော စေ၊ မြေး
တော်သရက်မင်း သား တအထက်စလင်း မြို့သူကြီး မဟာသမန်း နှင့်ကျပင်း မြို့သူကြီး 1802
တို့(သက္ကရာဇ်၁၁) ၆၄ ခုနှစ်နယ် မြေမှ ကြောင့်မြို့ပုံနှစ်ရပ်ဆက်သွင်း ၍အမိန့်
တော်ခံကြသည်၊ သမုတ်ပြဋ္ဌာန်း ပိုင်း ခြား တော်မူ၍ ရသည် ကျေး ရွာစုကိုမဟာ
သမန်နောက်ကြီး စိုး သူစလင်း မြို့မြေတိုင်း သူကြီး ကဆီး တား နှောက်ယှက်ပြန် 1803
သော ကြောင့်(သက္ကရာဇ်၁၁) ၆၅ခုနှစ်ရှိခိုး သံ တော်ဦး တင်လျှင်ကျပင်း မြို့သို့
ပါဝင်သည့်ကျွန်ရင်း ရွာ၊ အုံး သည်ရွာ၊ ကန်ရွာ၊ ဥဒင်ဂုရွာ၊ ရင်း မဖျား ရွာ
များ ကိုစလင်း မြို့မြေတိုင်သူကြီး တို့ကမဆီး မတား မနှောက်မယှက် စေနှင့်၊ ကျပင်း
မြို့သူကြီး တို့ကသိမ်း ရုံး စီရင်စေ အမိန့်တော်မြတ်ကိုဦး ထိပ်ထက်ဆင်ရွက်ရပါသည်၊ 1810
(သက္ကရာဇ်၁၁)၇၂ ခုနှစ်စာရင်း တော် ပေး ဆက်ရမည်သိမ်း စေရာစလင်း
မြို့သူကြီး တို့က နှောက်ယှက်ပြန် သော ကြောင့်ရှိခိုး သံ တော်ဦး တင်သည်တွင်လည်း အ

18 October 1811

ထက်အမိန့်တော်ပါကျေးရွာများကိုစလင်းမြို့မြေတိုင်းသူကြီးတို့ကမသိမတား
မနှောက်မရှက်စေနှင့်၊ ကျပင်းမြို့သူကြီးတို့ကသိမ်းရုံးစီရင်၍စာရင်းတော်
ကိုဆက်သွင်းစေအမိန့်တော်မြတ်ကိုဦးထိပ်ရွက်ဆင်ရွက်ရသည့်အတိုင်းကျပင်းမြို့သူ
1783
ကြီးတို့ကဆက်သွင်းရှိပါသည်ကိုမငြိမ်းပါရ၊ စလင်းမြို့မှာ(သက္ကရာဇ်၁၁)၄၅ခု
1810
နှစ်စာရင်းမပျက်(သက္ကရာဇ်၁၁)၇၂ခုနှစ်လက်နက်ကိုင်သိမ်းစာချွန်ပေး
အပ်ရာပါသည်ကျေးရွာဖြစ်သည်၊ စလင်းမြို့သူကြီးတို့ကနှောက်ရှက်ပြန်ကြောင်း
1783
နှင့်ရှိုးသံတော်ဦးတင်ချက်အတိုင်းစလင်းမြို့က(သက္ကရာဇ်၁၁)၄၅ခုနှစ်စာ
ရင်းပါသည်ကိုစွဲ၍ကျွန်ရင်းရွာ၊ အိုးသည်ရွာ၊ တန်ရွာ၊ ဥဒက်ဂူရွာ၊ ရင်းမ
1810
ဖျားရွာများကို(သက္ကရာဇ်၁၁)၇၂ခုနှစ်လက်နက်ကိုင်သိမ်းစာချွန်စလင်း
1783
မြို့သို့ပေးအပ်ရာပါသည်မှန်လျှင်(သက္ကရာဇ်၁၁)၄၅ခုနှစ်စာရင်းတွင်စလင်း
မြို့ကပါဝင်သော်လည်းစလင်းနယ်နှင့်ကျပင်းနယ်ကိုသီးသန့်ခြားနားရှိ၍အမိန့်
တော်ပြဌာန်းပြီးဖြစ်သည်၊ ကျွန် ရင်းရွာ၊ အိုးသည်ရွာ၊ တန်ရွာ၊ ဥဒက်
1783
ဂူရွာ၊ ရင်းမဖျားရွာများကို(သက္ကရာဇ်၁၁)၄၅ခုနှစ်စလင်းမြို့စာရင်း
1810
မှနှုတ်သိမ်းစေ၊ ကျပင်းမြို့က(သက္ကရာဇ်၁၁)၇၂ခုနှစ်စာရင်းဆက်သွင်းသည့်
1810
အတိုင်းကျပင်းမြို့ကသိမ်းရုံးစီရင်စေ၊ (သက္ကရာဇ်၁၁)၇၂ခုနှစ်စလင်းမြို့
ကိုလက်နက်သိမ်းပေးအပ်သည့်စာချွန်ကိုလည်းနှုတ်သိမ်းစေ။

18 October 1811

(သက္ကရာဇ်)၁၁၇၃ခုတန်ဆောင်မုန်းလဆန်း၃ရက်နေ့နားခံကျော်
ထင်ရာ●သူတွင်ပြန်။

(ရွှေးဟောင်းသုတေသန)

ဒလမြို့စား က ဒလမြို့ကိုဟံသာဝတီမြို့ကအာ ခေါ်အချုအစစ်အကြောမရှိ စေနှင့်၊ သီး ခြား ကွဲပြား ထမ်း ရွက် စေအမိန့် တော်ထွက်နှင့်ရှိပါသည်ကိုဟံသာဝတီမြို့ဝန်မင်း ရဲနန္ဒမိတ်ကသူ ခိုး လူဆိုး တို့ကိုဘမ်း ဆီး စီရင် စေ အမိန့် တော်ရှိသည်ဆို၍ ဒလမြို့ မှာမြို့သူကြီး သူကြီး ငယ် ကြေး ပေး ကြေး ဆုံမြို့ရွာ နေရွာသား တို့ကိုအသွယ်သွယ်အာ ဝဝအာ ခေါ်အချုအစစ်အကြော ကြေး တောင်း ငွေထုတ်နှင့် ကြေး ငွေအကုန်အကျ များ ပြား ၍ မငြိမ်မဝင်ရှိပါသည်။ အမိန့် တော်ရင်း အညီသီး ခြား ကွဲပြား ဖြစ် ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်သည်၊ ဒလမြို့သည်ဟံသာဝတီစီရင်စု မဟုတ်၊ ဟံသာဝတီမြို့နှင့်သီး ခြား ကွဲပြား စီရင် စေအမိန့် တော်ထွက်အတိုင်း သီး ခြား စီရင်သည့်မြို့ဖြစ်သည်၊ ဟံသာဝတီမြို့ဝန်မင်း ရဲနန္ဒမိတ်အရာရှိတို့ကအာ ခေါ် အချုအစစ်အကြောမရှိ စေနှင့်၊ မြို့ရွာနယ်အတွင်း သူခိုး လူဆိုး ပေါ်ထွက်လျှင်မြို့ ရှင်တို့ကသာဘမ်း ဆီး စစ် ကြော စီရင် စေ။

19 October 1811

သက္ကရာဇ် ၁၁၇၃ ခုတန် ဆောင်မုန်း လဆန်း ၄ ရက် နေ့နံနား ခံ ဇေယ သိခ်သူတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

သမား ငနိုင်၊ ငဝါ၊ ငမှုန်တို့ကိုပုခန်း မင်း မဂျွန်း မမာဂွ်ရာ စောင့်နေ ကြည့်ရှု၍အနာအဖုပ်အဆင်အကြောင်း အရာများ ကိုမပြတ်ဖွ်နိုး သံတော်ဦး တင်စေ၊ အိမ်ရှေ့အတွင်း ဝန်နေမျိုး သီဟသူရ ကျော်ထင်၊ ရွှေ တောင်စည်သူတို့က တောင်စမှတ် မြောက်စမှတ်ကုန်ဝင်ရန်တွက်စုသင့် ငွေ ၁၆၀ ဝန်စာ ရေး လက်ဝဲ ကျော်ထင်၊ သမန်ဝေ သော်၊ ကျော်ထင်သူရိန်၊ ဆင်မင်း စာ ရေး ကြီး ၊ ပုံချို ကျော်သူ၊ သီဟကျော်သူတို့က တောင်ဝင်းတော် ဆောင်ကုန်ဝင်ရန်တွက်စုသင့် ငွေ ၇၀ အိမ်ရှေ့သံဆင့် သီရိဇေယသူကပြသာဒ်တော် ရှေ့စနု ဆောင် တော်ကုန်ဝင်ရန်တွက်စုသင့် ငွေ ၂ ဆက်သွင်း ကြသည့် ငွေကိုဝန်ကြီး ဖွ်ရာ ရွှေမြို့တော်သို့ပို့စေ၊ အသီး အသီး ဆက်ကြသည့် ငွေအတွက်ကိုအပ် တော်မူရင်း ငွေ တော်ကနုတ်၍ ရွှေဘဝါး တော် အောက်ဆက်သွင်း လာစေ။

20 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုတန်ဆောင်မုန်း လဆန်း ၅ ရက် နေ့နာ ခံစ ဈေးမြောင်မှူး ဘယကျော်ထင်တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

မင်းရဲနရာကိုသနားတော်မူရင်း လင်းတခေါင်းရွာနှင့်လဲ၍ငရနီမြို့ကို သနားတော်မူသည်။ အရိယာရှစ်ယောက်တွင်ရဟန္တာပုဂ္ဂိုလ်မှာအလုံးစုံသော ကိလေသာကိုပယ်သည်။ အနာဂါမ်ပုဂ္ဂိုလ်မှာကာမရာဂကိုပယ်သည်။ သကဒါဂါမ် ပုဂ္ဂိုလ်မှာကာမရာဂဘဝရာဂနှစ်ပါးကိုခေါင်းပါးစေသည်။ သောတာပန် ပုဂ္ဂိုလ်မှာဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်သည်။ ကာမရာဂအမှုကိုမပယ်။ ပုထုဇဉ်လူတို့ကဲ့သို့ သားအိမ်ရာနှင့်ရှိသည်။ ကျမ်းဂန်လာသည်ဟူ၍ဆရာစဉ်ဆက်ယူမှတ်လျက်လာကြ သည့်အယူတော်မှာရဟန္တာအနာဂါမ်ပုဂ္ဂိုလ်တို့သာကာမရာဂကိုပယ်သည်မဟုတ်။ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆတဉ္စသီလဗ္ဗတံဝါပိ။ ဟူသောရတနာသုတ်ပါဠိတော် ယောစာယံ။ ကာမေသု။ ကာမသုခလ္လိကာ။ နုယောဂေါ။ ဟီနော။ ဂမ္မော။ ပေါထုဇ္ဇနိကော။ အနရိယော ဟူသောဓမ္မစကြာပါဠိတော်တွင်သီလဗ္ဗတဟူသောခွေးနွားတို့အကျင့် ကိုသောတာပန်ပယ်ကြောင်း အရိယာတို့အကျင့်မဟုတ်။ ပုထုဇဉ်တို့အကျင့်သည်ကာမ ဂုဏ်မှီဝဲခြင်းဟူသောယုတ်မာသောအကျင့်ဖြစ်ကြောင်းကိုလာသည်ကိုထောက်၍ လည်းကောင်း။ ဘောဇနံမေထုနဉ္စေဝ ဂေါဏော ပေါသေဝဝတ်အစရှိသ ဖြင့်နိဒ်ကျမ်းတို့နှိုက်မေထုံမှီဝဲခြင်းသည်ခွေးနွားတို့အကျင့်သီလဗ္ဗတဖြစ်ကြောင်း ကိုလာသည်ကိုထောက်၍လည်းကောင်း။ သောတပန်သကဒါဂါမ်ပုဂ္ဂိုလ်တို့မှာလည်း သီလဗ္ဗတဟုဆိုအပ်သောသားအိမ်ယာထောင်ခြင်းမရှိပယ်သည်ဟုအယူတော်ရှိသည်။ အယူတော်အတိုင်းသင့်သည်မသင့်သည်ပါဠိကျမ်းဂန်မည်သို့လာသည်ဆရာစဉ်ဆက်မည် သို့ယူသည်များကိုသိတော်မူသောအောင်ရဟန်းသံဃာဆိုသူတို့ကပါဠိကျမ်းဂန်ထုတ်နုတ် ၍စာဆက်သွင်းကြစေ။ မြေစွန်းဝန်ကတော် ကြီးတဲနန်းတော်ရာဥယျာဉ်တော် ကိုစားတော်ကဲနေမျိုးရာဇကျော်သူကထိန်းသိမ်းပြုစု၍တပ်ကြီးဥယျာဉ်တော်နယ် တွင်းကတနှစ်လျှင်စပါး ၇၀ဝံသာဆက်သွင်းပါသည်။ ရွှေကြက်ယက်မြေစွန်းဥယျာဉ် တော်နှင့်တစပ်တည်းမကွဲမပြားဖြစ်သည်နှင့်အညီပစ္စည်းတော်ပျက်စီးယိုယွင်း သည်ကိုလည်းတိုးပွါးစည်ပင်အောင်ပြုစုထိုက်မျိုးပါမည်စားတော်ကဲနေမျိုးရာ ဇကျော်သူကတနှစ်လျှင်စပါး ၇၀ဝံဆက်သွင်းသည်ထက်လည်း ၁၃၀ဝံတိုး၍စပါး ၂၀၀ဝံဆက်သွင်းပါမည်။ တပ်ကြီးဥယျာဉ်တော်ကိုမြေစွန်းဝန်ကထိန်းသိမ်းပြုစု ချတင်သိမ်းခံဆက်သွင်းပါရမည့်အကြောင်းနှင့်ရှိခိုးသံတော်ဦးတင်ချက်အတိုင်း

မြေစွန်း ဝန်ကထိန်း သိမ်း ပြုစုချတင်သိမ်း ခံ၍တနှစ်ကို စပါး ၂၀၀၀ ဆက်စေ၊
စား တော်ခဲ နေမျိုး ရာဇ ကျော်သူ မထိန်း မသိမ်း မဆက်မသွင်း ငစိနှင့်။

21 October 1811

သက္ကရာဇ် ၁၁၇၃ ခုတန် ဆောင်မုန်း လဆန်း ၆ ရက်နေ့ နား ခံ ဇေယ
နော်ရထာ တွင်ပြန်။

(ရှေး ဟောင်း သုတေသန၊ တက်ဗဟို ၄၅၂၀၉)

ပြည့်မင်း လုပ်ရင်း ရဲ လှေမှာဦး ကရဲ လှေရုပ်မတပ် စေနှင့်၊ သိမန်ရုပ်တပ်၍လုပ်
စေ၊ တောင်တွင်း ကြီး မင်း သမီး ရွှေ တောင်မင်း သမီး တို့ကိုသနား တော်မူ
သည်၊ တန်လင်း ထား ပြစတား မှာငဘား ၊ ငဝက်၊ တောင်းကင်ဖိုလ်၊ ရုပ်စုံ
ဖိုလ်ဆိုသူတို့ဟန်လင်း မြို့နယ်အတွင်း ၌သည်၊ တန်လင်း မြို့ နေလူတို့နှင့် ပေါင်း ဘက်
တိုက်ခိုက်သည် စစ်ချက်မထွက်မှ တောကြီး သား တို့နှင့်လူမှုစကား ကဆက်သွယ်ပွါး
များ ဘည့်လက္ခဏာသာပြစ်သည်၊ ဟန်လင်း မြို့သို့အချိအသွား ဗဒ္ဒုမြို့ဝန်ကအရပ်ရပ
ခန့်ထား သည့်တပ်များ ကိုဟန်လင်း မြို့သို့မဝင်မ ရောက်မတိုက်မခိုက် စေနှင့်၊
ထား ပြငဘား၊ ငဝက်၊ တောင်း တင်ဖိုလ်၊ ရုပ်စုံဖိုလ်တို့၌ရာများ မှာသာလိုက်
လံဘမ်း ဆီး စေ၊ ဟန်လင်း သွေး ကြီး တို့ကိုလည်း ရပ်ရွာပြန် စေ၊ တန်လင်း မြို့
အုပ် ဟောင်း ငအေး ၊ တန်လင်း မြို့သူကြီး ငမြတ်မင်း တို့ကိုလည်း အကျည်း ကချမ်း
သာ စေ၊ ဟန်လင်း မြို့ရှိစုသား ငန်း သား တို့မှာလည်း အစုဆိုင်ရာကသိမ်း ရုံး
သည့်ကို တောင်ငူမင်း ကမဆီး မတား စေနှင့်၊ တောင်ငူမင်း မှာမြို့စား နှင့်
ဆိုင်သင့်သည်များ ကိုသာသိမ်း ခံစား ယူ စေ၊ ဟန်လင်း မြို့နယ်မှလည်း ခမည်း
တော်ဘုရား လက်ဘက် တော်ဟန်လင်း မြို့ကမစီရင်ရသည် ကျေး ရွာများ ကိုမသိမ်း
မရုံး မစီမရင် စေနှင့်ဆိုင်ရာတိုက်စုမြို့စုကစီရင်မြဲစီရင် စေ၊ စလင်း မြို့နှင့်ကျ
ပင်း မြို့လုဆိုကြသည့် ကျွန်ရင်း ရွာ၊ အိုး သည်ရွာ၊ တန်ရွာ၊ ဥဒက်ရုရွာ၊ ရင်း
မာဖျား ရွာများ ကိုကျပင်း မြို့ကရ စေအမိန့်တော်ပါသည်မှာပြဒ္ဒါန်း ပိုင်း
ခြား တော်မူသည့်ကာလလုင်ဆုံ တောင်အ နောက်ဘက်ကိုစလင်း မြို့နယ်၊ အရှေ့ဘက်
ကိုကျပင်း မြို့နယ်ဖြစ် စေပိုင်း ခြား တော်မူသည်၊ လုဆိုကြသည့် ကျေး ရွာများ သည်
ကျပင်း မြို့သို့ပါသည်၊ လုင်ဆုံ တောင်အ ရှေ့ဘက်မဟုတ်ပါ၊ လုင်ဆုံ တောင်အ နောက်ဘက်
ကျေး ရွာဖြစ်၍နှစ်ဦး အစစ်ခံချက်နှစ်မြို့ပုံစံများ နှင့်အိမ်ရှေ့မင်း အမိန့်တော်
ကိုခံကြရာလုင်ဆုံ တောင်အ နောက်ဘက်ဖြစ်မည်၊ အရှေ့ဘက်ပြစ်မည်ကိုလွှတ် တော်က
အမှုး အကြီး ခန့်ထား ၍ကြည့်စေ အိမ်ရှေ့မင်း အမိန့် တော်နှင့်အမှုး အကြီး ခန့်
ထား မည်၌သည်အတွင်း ဖြစ် ကြောင်း နှင့်စလင်း မြို့ သူကြီး ကဇ္ဈိုး သံတော်ဦး
တင်ပြန်သည်၊ ကျွန်ရင်း ရွာ၊ အိုး သည်ရွာ၊ တန်ရွာ၊ ဥဒက်ရုရွာ၊ ရင်း မာဖျား
ရွာများကိုစလင်း မြို့ကျပင်း မြို့နှစ်ဦး တပင်မစီရင် စေနှင့်ဦး ၊ ပြဒ္ဒါန်း တော်

22 October 1811

မှုရင်း လှုင်ဆုံ တောင်ကိုမှန်ကန်စစ်ကြော၍ ပိုင်း ခြား တော်မူရာသူကရစေ၊ ငဝန်ကိုယ် တော်ဆင့်ခန့်၊ ကြိုညှပ်မဏီး သမီး မြေး တော်မန် အောင်မင်း သမီး ဝန်လည်း ခန့်။

22 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုတန် ဆောင်မုန်း လဆန်း ၇ရက် နေ့နား ခံ ကျော် ထင်ရာဇာသူတွင်ပြန်။

(ရှေး ဟောင်း သု တေသန)

ရေဝန် နေမျိုး မင်း ကျော်ကသား ၄ ယောက်ကို စေ၍ဆက်လာသည့်ဗိန်မှုကိုဟံသာ
ဝတီမြို့ဝန်မင်း ရဲနန္ဒမိတ်ကဖွင့်ဒုံး သံတော်ဦး တင် ရောက်သည်မှာ နေမျိုး မင်း
ကျော် တင်ချက်တွင်တိုက် စောင့်၄ ကျောက်ခဲလက်မှာစစ်၍ ရသည့်ဗိန်၁၈လုံး ကို
ရွှေဘဝါး တော် အောက်ဆက် ကြောင်း ၊ တလုံး ဗိန်မှာမင်း ရဲနန္ဒမိတ်လူငမြတ်
ထွေး ကို ရောင်း သည်စစ်ချက်ထွက်သည်၊ ငမြတ် ထွေး ၊ မင်း ရဲနန္ဒမိတ်နှင့်ပါ၍
မစစ်မကြောရှိ ကြောင်း နှင့်ဖွင့်သည်၊ မင်း ရဲနန္ဒမိတ်တင်ချက်တွင်လည်း ဗိန်
၁၉လုံး ရေဝန်ကဆက် ကြောင်း နှင့်ပါသည်၊ စကား မရှင်မလင်း မသိသာ သေး
ဖြစ်သည်၊ နေမျိုး မင်း ကျော်ကဆက်ရင်း ဗိန်၁၈လုံး ကိုမင်း ရဲနန္ဒမိတ်လူတို့တွင်
မှတ်သား ပေး အပ်၍ ဆောင်ယူသွား စေ၊ ဟံသာဝတီမြို့သို့ ရောက်လျှင်မင်း ရဲ
နန္ဒမိတ်ကသိသာ အောင်စစ် ကြော မေး မြန်း ၍ ရွှေဘဝါး တော် အောက်ဆက်လှာ
စေ၊ သိလျှင်မြို့ဝန်ငစပ်ကဟံသာဝတီမြို့ဝန်မှာအရင်း ခံသည့်အမှုကိုဖွင့်ဖွင့်း သံတော်
ဦး တင်သည်မှာငစပ်အစီရင်ခံချက်အတိုင်း မှန်လျှင်ငလတ်သည် မှူး နှောက်ဆုံးသွမ်း
သူလူဆိုး ဖြစ်သည်၊ ငလတ်ကိုဟံသာဝတီမြို့ဝန်ကအဆုံး စီရင် စေ၊ ဘောင်ဘက်သန္တန်
တော်ရဲ လှေမှူး ကိုမကွဲမပြား ထိန်း သိမ်း မြဲဖြစ်သည်၊ ဘောင်ရဲ လှေအကွဲအပြား
မရှိ စေရ၊ ရဲ လှေထိန်း အစုသား တို့ကို ဘောင်ဝန်လက်ဝဲ နော်ရထာသို့အပ်၍ထိန်း
သိမ်း စေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ နန္ဒာကန် တော်က ရေကိုလွှတ်ယူသည်မှာ
အောင်ပင်လယ်လမိုင်း ဝန်ကိုမ မြော မဆိုလွှတ် ကြောင်း နှင့် အောင်ပင်လယ်လမိုင်း
ဝန်ကဖွင့်ဖွင့်း သံတော်ဦး တင်သည်၊ နန္ဒာကန် တော်ကို အောင်ပင်လယ်လမိုင်း ဝန်
သို့အပ်၍ထိန်း သိမ်း စေ၊ နန္ဒာကန် တော်က ရေလွှတ်ရန်ရှိလျှင်လည်း လမိုင်း ဝန်
ကဆင့်ဆို၍လွှတ် စေ၊ ကျောက် မော်မြို့သူကြီး ကအခွန် တော်သွား ဆက် စေလွှတ်သူတို့
ရေ ကြောင်း ဆန်တက်ခဲ့၍ မနုဖြူမြို့ စီရင်စုတိုးစပ် မော်ရွာတွင်ညည့်အိပ် နေရသူ
ခိုး လူဆိုး ၄၀ ကျော် လှေ လောင်း နှစ်စင်း နှင့်လာ ရောက်လုယူ သော ကြောင့်မြို့
စား မင်း သမီး ကိုဆက်ရန် ငွေ ဂါမြို့ဝန်ထွက် ကြေး ဆပ်ရန် ကျေး ရွာက ငွေ ၂ ဝါအ
ခွန် တော် ဆောင် ၁ ဝ ဝါအခွန် တော်ဆက်လူတို့တွင် ပါသည်၊ သေနတ် ဂ ငွေကွပ်ထား
၄ ပုဆိုး အဝတ်ကွမ်း အစ်ဆုံး ပျောက် ကြောင်း အရပ်ရပ်ကင်း မှူး ကအ တောက်
မခံ စေနှင့် ပေး အပ်သည့်စာ ချွန်အတိုင်း မတည်အသိ အသိ ကောက်ခံ သော

ကြောင့်အခွန် ထော်ကွမ်း သီး ၉၀၀အနက်က၁၀၀ ငွေရဝ် ကျော် ပေး တုန်ရ
ကြောင်း နှင့် ကျောက် မော်မင်း သမီး အကြီး စာ ရေး တို့ကလွှတ် တော်မှာအစ်
ရင်ခံချက်ကိုဆက်သွင်း သည်မှာ မနုဖြူမြို့နယ်အတွင်း တိုက်ခိုက်လုယူ၍ဆုံး ပျောက်သမျှ
ကိုမနုဖြူမြို့ကအစား ပေး လျော် စေ၊ အရပ်ရပ် ကင်း များ က ကောက်ခံ ပေး
တုန်ရသမျှကိုလည်း အထက်အမိန့် တော်ရင်း အတိုင်း ကင်း တိုင်ကင်း သား တို့က လျော်
စေ၊ မိုး နဲတပ် တော်မှာတုရင်ဝတ္တု ကျော်သူအသက်အရွယ်ကြီး ရင့်ထိုင်း မိုင်း သူဖြစ်
သည်၊ ရွှေဘဝါး တော် အောက် ခေါ် စေ အိမ် ရွှေမင်း အမိန့် တော်အတိုင်း တုရင်
ဝတ္တု ကျော်သူကို ရွှေဘဝါး တော် အောက် ခေါ် စေမည်ဆက်သွင်း သည်မှာသင့်ပြီ၊
လေး ပစ်နန်း တော် ရွှေမဏ္ဍပ် တော်ကြီး ကိုမိုး စေ၊ မဏ္ဍပ် တော်အတွင်း စံ တော်
မူရန်သင့် အောင် ဆောက်လုပ် စေ။

24 October . 1811

(သက္ကရာဇ်) ၁၁၇၃ခုထန် ဆောင်မုန်း လဆန်း ၉ရက် နေ့နား ခစ
မြောင်မှူး ဘယ ကျော်ထင်တွင်ပြန်။
(ရွေး ဟောင်း သုတေသန)

25 October 1811

ရခိုင်အရေးအကြောင်းကို လောက်၍ဟံသာဝတီမြို့ဝန်မင်း ရဲနန္ဒမိတ်ကဘာဂ်လိုး စစ်သူကြီး ကုမ္ပဏီတို့သို့ပေး မှာရာရန်စာကိုစီကုံး ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ဆင်မင်း ဘောင်ရေမလိုယ်သည်ကိုနန်း တော်ရှေ့ဆောင် မြေညီ မြေပြန့်တွင်အ တင်ခံ၍ ထေး ဖါပြင်ဆင်လုပ် ဆောင်စေမည်ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ စဉ့်ကိုင်ရွာစား တနှမမိနန်း ကိုနဘက်ရွာသူကြီး ငအတ္တပို၊ မယား ငယ်မိနုတို့အကြား အလွန်ပြုကျင့်ကြောင်း နှင့်ဖွဲ့ခိုး သံတော်ဦး ထင်၍ဆိုင်ရာ မြောက်ဘက်တိုက်ဝန်က စစ်ကြော စေသည့်အမှုမှာ ငအတ္တပို၊ မယားကြီး မိနန်းဆိုသူ့ခိုး ထားပြကိုလက်ခံသည်ဆို၍ ငအတ္တပိုကနဘက်ရွာမှာလူအများ နှင့်ခေါ်သည်၊ မြင်း မွေး ရွာသို့ရောက်လျှင်အိမ်အောက်မှာသွင်း ထား သည်၊ မိနန်း ပါး ကိုမိနုပုတ်သည်၊ ငအတ္တပိုနဘက်ရွာတွင်မနေမြင်း မွေး ရွာမှာမယား ငယ်နှင့်နေသည်၊ ဃောက္ခမငစံခဲကိုတွင်စပါး ကိုအတင်း သိမ်း ယူသည်၊ မှန်ကြောင်း များ ကို ဖြောင့်သည်၊ သူခိုး ထားပြကို မိနန်း လက်ခံသည် ဆိုသည် မှါလည်း မိနန်းလက်ခံသည် မဟုတ်၊ မိနန်း,, မေါင်တို့ရွါအစီအရင်ဖြစ်၍သူခိုး ထားပြဘမ်းဆီး မိသည်ကို ချုပ်ထားရာ၊ ငအတ္တပိုကလူအများနှင့် ခေါ်ယူသည်၊ ခေါ်ယူပြီးလျှင်လည်းဆိုင်ရါမပို့မအပ်သူခိုးထားပြကိုလွှတ်သည်၊ စဉ့်ကိုင်ရွာစား လျှော်ချက်အရပ်ရပ်အမှန်ဖြစ်သည်၊ ငအတ္တပိုကို ထောင်မှာအကျဉ်း ထား ၊ နဘက်ရွာသူကြီး အရာကလည်း နှုတ်၊ ဃောက္ခမငစံခဲကိုမှာသိမ်း ယူသမျှစပါး ကိုလည်း ငအတ္တပိုကငစံခဲသို့ပြန် ပေး စေ၊ မယား ကြီး မိနန်း ပါး ကိုပုတ်သူမိနုကိုလည်း လက်ကိုပယ်၊ နဘက်ရွာမှာငအတ္တပိုမယား ကြီး မိနန်း သား ငရွှေအပ်ကိုသူကြီး ခန့်၍ကြီး စိုး စေ။

25 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုထန် ဆောင်မုန်း လဆန်း ၁၀ ရက် နေ့နား ခံစော ယနေ ၇ ရထာတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေမြို့တော်မှာ ရှိသည့်လင်ဇင်း ပေါ်တော်ကို ရွှေဘဝါး တော်အောက် ဆောင်ယူစေ၊ သမီး တော်ကာမမြို့စား မင်း သမီး ကံကုန်ရာလုပ် ဆောင်ကုန်ဝင်ရန်ရှိသမျှကိုအတွင်း တော်ကထုတ် ပေး တော်မူမည်၊ ကုန်ဝင်ရန်သင့်သမျှကို စာရင်းနှင့်ထုတ်ယူစေ၊ ကဏ္ဍီပါကိုသာပြင်တဝယ်ချမ်း သုံး ဆောင်စေ၊ သမီး တော်ကာမမြို့စား သီရိရတနာ ဒေဝီမင်း သမီး ကံတုန်သည်ကိုထွက် တော်မူ၍သင်္ဂြိုဟ် တော်မူမည်၊ ဝင်းခင်း နောက် တော်လိုက်အစောင့်အ နေမှ စ၍ ခန့်ထား စီရင်ရန်ရှိသမျှကိုပြီး ပြေအောင်စီရင်၊ စာရင်း ကိုလည်း သွင်း ၊ သမီး တော်ကာမမြို့စား မင်း သမီး ကံကုန်ရာသင်္ဂြိုဟ်ရပ်မှာအိမ် တော်ဝင်း အတွင်း အရှေ့ မြောက် ထောင့်တွင်သင်္ဂြိုဟ်စေ။

28 October 1811

(သက္ကရာဇ်) ၁၁၇၃ခုတန် ဆောင်မုန်း လဆန်း ၁၃ရက် နေ့နား ခံစ မြောင်မှူး ဘယကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှင်ဂင်္ဂါရေဝတ ကျောင်း မှာဘလား ပျောက်သည့်အမှု ကြောင့်အကျည်း ထား သူ ငသာလွမ်း ၊ ငဘောတို့ကိုချမ်း သာ ပေး တော်မူပါမည် အကြောင်း နှင့်ပုခန်း မင်း ကရှိနိုး သံတော်ဦး တင်ချက်အတိုင်း ချမ်း သာ စေ၊ အကျည်း ကလွှတ်၊ ရဟန်း ကျောင်း များ မှာလည်း မစောင့်မနေ စေနှင့်၊ ဗဒ္ဒိမြို့ဝန်သို့အပ်၍အစား လူသွင်း စေ၊ ကျောင်း တော်များ မှာ စောင့်လူကိုလည်း သင်း မှူး တို့အုပ်စုလူက ပေး၍ စောင့်စေ၊ သမီး တော်ကာမမြို့စား မင်း သမီး ကံကုန်သည်မှာနှမ တော်ကံကုန်သည်တွင်သင်္ဂြိုဟ် တော်မူသည့်နည်း သင်္ဂြိုဟ် တော်မူမည်၊ အခန်း အနား ခန့်ထား စီရင်ရန်ရှိသမျှကိုထုံး စံရှိရာ မေး မြန်း၍ပြီး ပြေ အောင်စီရင်။

27 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုတန်ဆောင်မုန်း လဆန်း ၁၂ ရက် နေ့နား ခဗေယ သိန်သူတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မြို့စွန်း ဝန် ကျော်ထင် နော်ရထာ၊ စာရေး ကြီး စည်သူ နော်ရထာ၊ ရွှေ
တောင် နော်ရထာတို့ကို ဝန် ထောက်ခန့်၊ နေမျိုး နော်ရထာ စည်သူ၊ နေမျိုး
သီရိ ကျော်စွာ၊ လက်ယာ ရန္တမိတ်တို့ကို ဝန် ထောက်အရာကနှုတ်၊ ခန့်တော်မူရင်း
ဝန်စုဝန်ငန်း နှင့်အ ဆောင် တော်မှာ မြဲစွဲထမ်း ရွက် စေ၊ ဒေါ်ကြီး ဒေါ်ဘလာ
သူရဲ စီး ရထား ရဲကမှ စ၍ မပြည့်မစုံသည် များ ကိုပြည့်စုံ အောင်လုပ် ဆောင် စေ၊
လင်း ဇင်း ဒေါ်တော်မှာယိုယွင်း သမျှကိုလည်း ကြည့်ရှု၍ ပြင်ဆင်လုပ် ဆောင် စေ။

31 October 1811

(သက္ကရာဇ်) ၁၁၇၃ ခုတန် ဆောင်မုန်း လပြည့်ကျော် ၁ ရက် နေ့နာ: ခံ
ဇေယသိခ်သူ တွင်ပြန်။

(ရှေး ဟောင်း သု တေသန)

မိုး ကောင်း မြို့ဝန်ကဘမ်း မိသည့်ထား ပြတို့စစ်ချက်ကျွင်ဟန်လင်း မြို့နေလူတို့ပါ ကြောင်း တိုက် ကြောင်း ကိုထွက်သည်၊ ဟန်လင်း မြို့အုပ်မြို့သူကြီး အရပ် သွေး ကြီး တို့ ကိုမိုး ကောင်း မြို့ဝန်ရှိရာပို့၍သူခိုး ထား ပြတို့ကိုစစ် ကြောဘမ်း ဆီး စေ၊ သူခိုး ထား ပြတို့ထွက် ပြေး သမျှမြို့ရွာ တော တောင်များ ကိုလည်း စေ့နှံ့ အောင်လိုက်လံ ဘမ်း ဆီး စေ၊ မိုး ကောင်း မြို့ဝန်ဗဒ္ဒိမြို့ဝန်တို့သို့မှာထား ၍လာသူတို့ကိုပြန်သွား စေ၊ လက်ယာ နော်ရထာကို နေမျိုး ရာဇ ကျော်သူလက်ယာဝန်တို့နှင့်ဘက်၍ စား တော်ခဲခန့်၊ ပုထိုး တော်ကြီး အထက်သို့သဲတင်ခ ပေး ရန်အပ် တော်မူသည့် ငွေ တော် ကကျန် ငွေ ၁၁ ရိအသည်ဝန်ကဆက် ငွေ ၅၂ စု ၆ ၁ ဝိ ငွေကိုပုဂံမင်း သို့အပ်၍သဲတင်ရာ သုံး စေ။

1 November 1811

(သက္ကရာဇ်) ၁၁၇၃ ခုတန် ဆောင်မုန်း လပြည့်ကျော် ၂ ရက် နေ့နား ခံစ မြောင်မှူး ဘယကျော်ထင်တွင်ပြန်။

(ရွှေး ဟောင်း သုတေသန)

နေမျိုးရာဇကျော်သူကိုစား တော်ခဲ့အရာကနှုတ်၊ ရန်ကုန်မြို့သွေး ဆေး ကန်ဏာ ရေလုံး ရောကိုဟံသာဝတီမြို့ဝန်တ ရွှေဘဝါး တော် အောက် ကောင်း မှန် အောင် ဆောင်ယူဆက်သလ္လာ စေ၊ စန္ဒမုနိဘုရား သခင်အသုံး အဆောင် တော် ရွှေတင် စေသည်များ ကိုတန် ဆောင်း ဆောက်သည့်အတွင်း ရွှေတိုက်တွင်ထား နှင့်သည်မှာ တန် ဆောင်း ပြီး ပြေ၍ ရှိသည်၊ တန် ဆောင်း အတွင်း သို့ ပြောင်း၍ သေတ္တာ သော့ပ နောက်နှင့်လုံခြုံ အောင်သိမ်း ထား စေ၊ နေမျိုး မင်း လှမဟာ နော် ရထာကိုကျိုဝန်အရာကနှုတ်၊ မထာမင်း လှကိုကျိုဝန်ခန့်၊ အစို့၄၀ဒိုင်း ကတ ဆေး လုပ်တတ်သည့်ဆို၍စား တော်ခဲ့တို့ကိုအပ်သည့်ကသည်း ၅၊ အိမ်ရွှေထမ်း ကသည်း ၅၊ ၂စု ၁၀ကိုဆိုင်ရာအပ်၍ထမ်း ရွက် စေ။

5 November 1811

(သက္ကရာဇ်) ၁၁၇၃ ခုနတ်တော်လပြည့်ကျော် ၆ ရက်နေ့နား ခံ ဇေယ သိန်သူတွင်ပြန်။

(ရှေး ဟောင်း သုတေသန)

မြဝတီမြို့ဝန်မင်းကြီး ကျော်ထင်စစ်ကဲတို့က ရှိခိုး သံတော်တင်ချက်လာလူတို့စစ်
မေးထွက်ဆိုချက်များကို ထောက်၍ မင်းလှစည်သူမှာလည်း လက်နက်ကိုင်အများ
ရပ်နေသိမ်းရုံး သင့်တော့သည်မဟုတ်၊ သိမ်းရုံး မိသမျှလက်နက်ကိုင်လူနှင့်နေ့
ညည့်အလျှင်အမြန်ချီတက်တိုက်လံဘမ်းဆီး စေ၊ ဟံသာဝတီမြို့၊ ပုသိမ်မြို့များ ကလည်း
အထက်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း သဘော်၊ တို၊ မုတိတတူး သင့်ရာနှင့်
သေနတ်ဆေး ခဲယမ်းမီး ကျောက်တင် ဆောင်၍ ပင်လယ်ကြောင်း ကဆီး ဆို့ရပ်
ခံဘမ်းဆီး စေ၊ ရွှေဘဝါး တော် အောက်ကလည်း လူထင့်လူမြန် ၅၀၀တန်ဘည် ၆၀၀
တန်သည်နှင့်သင့်ရာလူကိုတပ်မှူး တပ်အုပ်ခန့်ထား ပြီး လျှင် သေနတ်ခဲယမ်း တော်
သင့်အောင်ပေး အပ်၍လာရင်း လူတို့နှင့်အတူ နေသူ ရောက်လွယ် အောင်လာလမ်း
ကစီး သွားစေမည်သွင်း ချက်အတိုင်း သင့်ပြီ၊ ပြည်မြို့၊ ပုသိမ်မြို့များ မှာသာပြည်
ဝန်၊ ပုသိမ်ဝန်တို့ကိုအချီအသွား ခန့်ထား၍အထိန်း အအုပ်မရှိလပ်သည်၊ ပြည်ဝန်
ပုသိမ်ဝန်တို့မ ရောက်မီအထိန်း အအုပ် တော်သင့်ရာ ရွေး၍ခန့်ထား အုပ်ထိန်း
စေ၊ ကင်း စာရေး စန္ဒနရာ၊ငခဲ၊ တင်း အုပ်ငထွန်း တို့က ကျောက်တလုံး ကင်း
1783
တော်သို့ဆိုက် ရောက်သည့်လှေများ တွင်(သက္ကရာဇ်၁၁) ၄၅ခုစစ်တမ်း ထွက်အ
ခွန်ကို ကောက်ခံ၍ ဖလတကြိမ်ဆိုင်ရာတင်း စား မှာ ချေပေး ပါမည်အခွန်ပြင်
စစ်တမ်း ထွက်ဆန်ဘ်လပ်သပန္နာများ ကိုလည်း ကင်း စောင့်ကင်း နေအကွဲအပြား
မရှိစေရ၊ တဝတည်း စောင့်နေထိန်း သိမ်း တောက်ခံပြီး လျှင်တနှစ်ကို ရွှေ၁၅၀
ဆက်ပါမည်၊ ငမှို၊ ငထွန်း ၊ ငခဲတို့ရှိခိုး သံတော်ဦး တင်ချက်အမိန့် တော်ထွက်နှင့်
ဆက်သည့်ရွှေ၁၅၀တွင်၅၀တိုး၍ ၂၀၀ ကျော်တံဆိပ်ကင်း စာခံယူ ပေး အပ်သည်အ
ထွက်ဆက်သည့်ရွှေ၁၅၀တွင်၅၀တိုး၍ ၂၀၀အိမ် ရွှေ တော်မှာ ဝါသုံးစု ရွှေ၅ဆက်သွင်း ပါ
မည်ကင်း အုပ်ကင်း တိုင်အ စောင့်အ နေအကွဲအပြား မရှိစေရ၊ အိမ်ရွှေဝန်နေ
မျိုး ကျော်ထင်သီတသူအအုပ်ကိုခံ၍တဝတည်း တံဆိပ်ကင်း စာခံယူ ပေး အပ် ကောက်
ခံဆက်သွင်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်အတိုင်း ကျောက်တ
လုံး ကင်း မှာကင်း အုပ်ကင်း တိုင်အ စောင့်အ နေအကွဲအပြား မရှိစေနှင့်၊ အိမ်
1783
ရွှေဝန်နေမျိုး ကျော်ထင်သီတသူအအုပ်ကိုခံ၍(သက္ကရာဇ်၁၁)၄၅ခုစစ်တမ်း ထွက်
ကင်း ခွန်ကိုစန္ဒနရာ၊ ငခဲ၊ ငထွန်း တို့ကခံယူ ပေး အပ်ဆက်သွင်း စေ၊ ဆိုင်ရာ

ကင်း စား မှာလည်း (သက္ကရာဇ် ၁၁) ၄၅ ခုစစ်တမ်း ထွက်အခွန်ကို ဖလတကြိမ် ချပေး စေ၊ င ကျော်ကတံဆိပ်ကင်း စာမခံမယူမ ပေး မအပ် စေနှင့်၊ ငမှုံ၊ ငခဲ၊ ငထွန်း တို့က ရွှေ ၁၅ ဝိစိဆက် စေ၊ အထက်ထုတ်ပြန်သည့်အမိန့် တော်ထွက် စာချွန်များ ကိုနှုတ်။

18 December 1811

(သက္ကရာဇ်) ၁၁၇၃ ခုပြာသိုလဆန်း ၅ ရက် နေ့နား ခံစ မြောင်မှူး ဘယကျော်ထင်တွင်ပြန်။

(ရှေး ဟောင်း သုတေသန)

ရွှေမြို့တော် မြောက်ပြင်ပလိုင်း ရပ်တွင်ညည့်အချိန်ငတူး အိမ်သို့သူခိုး တက်၍ခိုး ယူကြောင်း နှင့်စစ် ကြောချက်ကိုဆက်သွင်း သည်မှာအရပ်အကွက်တွင်ခိုး ယူသည့်သူခိုး ကိုမိ အောင်မဘမ်း မဆီး ဖြစ်သည်၊ ခိုး ယူ ပျောက်ဆုံး သည့်ဥစ္စာကိုဥစ္စာရှင်အမှန်ဆိုစေ၊ ဆိုဝံ့သမျှဥစ္စာကို ထောင်မှူး တင်း အုပ်ကင်း ခေါင်း ကင်း စောင့်ကင်း နေ သွေး ကြီး သွေး ဆော်အရပ်သား တို့က ပေး လျော် စေ၊ တရား စကားကိုအမှန်အတန် ပြောဆိုစေရမည်ဖြစ်သည်၊ ရတနာဘုံ ကျော် ကျောင်း တော်မှာဆရာ တော်နှင့်ဆရာတစုစည်း ဝေး ၍ညှိနှိုင်း တိုင်ပင် ပြောဆိုကြ စေ၊ ပြောဆို၍ပြီး လျှင်လည်း ပြီး ကြောင်း ကိုစာဆက်သွင်း စေ။

20 December 1811

(သက္ကရာဇ်) ၁၁၇၃ ခုပြာသိုလဆန်း ၇ရက် နေ့နား ခ ဇေယသိင်္ခသူတွင် ပြန်။

(ရှေး ဟောင်း သုတေသန)

လိုင်မင်း သီရိမမ္မရာဇာကလိုင်မြို့ခနုဖြူမြို့ကိုမြို့စား သနား တော်ခံပါရသည်၊ လိုင်မြို့နည်း ခနုဖြူမြို့ကိုပုသိမ်မြို့နှင့်သီး ခြား ကွဲပြား ဖြစ်ပါရ အောင် ရွှေ တောင်ကျော်စွာထင်ကိုလိုင်မြို့ခနုဖြူမြို့ဝန်ခန့် တော်မူ၍အုပ်ထိန်း စီရင်ပါစေရမည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်မှာ ခနုဖြူမြို့သည် ပုသိမ်၃၂မြို့အဝင်ဖြစ်သည်၊ နယ်ကိုသီး ခြား စေမဆိုသာ၊ ရာဇဝတ်ရေး ခိုး သေး မီး ပွါး စစ်လက်နက်ကိုင်မင်း မှုမင်း ခင်း များ ကိုသာလိုင်မင်း ကသနား တော်ခံသည့်အတိုင်း ရွှေ တောင် ကျော်စွာထင်ကိုလိုင်မြို့ခနုဖြူမြို့ဝန်ခန့်၍အုပ်ထိန်း စီရင် စေ၊ ပုသိမ်မြို့ဝန်သီရိ ကျော်သူကိုအုပ်ထိန်း စီရင်မြဲအုပ်ထိန်း စီရင်၍တပ် တော်အချီအသွား အကြောင်း အရာများ ကို ထောက်လှမ်း စေပါး ပြီး လျှင် ရွှေဘဝါး တော် အောက်မပြတ် လျှောက်ထား စေ။

21 December 1811

သက္ကရာဇ် ၁၁၇၃ ခုပြာသိုလဆန်း ၈ရက် နေ့နား ခံစ မြောင်မှူး ဘယကျော်ထင်ပြန်။

(ရှေး ဟောင်း သုတေသန)

သံလျှင်မြို့နယ်ဘာဝရွာအတွင်း ဝင်ရောက်၍ ရသည့်ဆင်တော်သည်ထူး မြတ်သည့်ဆင်
တော်ဖြစ်ကြောင်း နှုတ်သံလျှင်မြို့ဝန်ငစပ်ကရှိန်း သံတော်ဦးတင်သည်၊ ဆင်တော်
ကိုအိမ်ရှေ့မင်း က နေ့ခန့်ရက်ခန့် လှေလျှင်နှင့် တော်သင့်သူခန့်ထား၍ကြည့်ရှုစေ၊
ဆင်တော်ကိုလည်း ဟံသာဝတီသံလျှင်ဒလသုံးမြို့က လှေလှူခန့်ထား ပြီး လျှပ်ဟံသာဝတီ
မြို့မှာရှိသည့်ဆင်တော်နှင့်တောင်း မွန်အောင်တင်၍ ရွှေဘဝါး တော်အောက်ဆက်
လာစေ၊ မြေး တော်ရွှေဂူမင်းသား ဝန်ရာဇဝေလု၊ ရွှေတောင်အိန္ဒသူ၊ အတွင်း
ဝန်ပုံချီသီရိ၊ သီရိစည်သူ၊ ပုခန်းကြီးမြို့ဝန်ပုံချီဇေယကျော်တို့ကို ၄၀ တော်ဗလရာ
ဇာသွေး သောက်မှာစာရင်း သွင်း၍ဘွဲ့၊ သား မယား အသက်နေ့နံစာရင်း
ကျယ်ကိုလည်း သွင်း ၊ သီရိစည်သူ၊ ပုံချီဇေယကျော်တို့မှာ ဒူး နေရာမှာချ၍ခစား
စေ၊ ရာဇဝေလု၊ ရွှေတောင်အိန္ဒသူ၊ ပုံချီသီရိ၊ သီရိစည်သူ၊ ပုံချီဇေယကျော်တို့
ကိုကွမ်း ခွက်လက်ဘက်အိုး တတောင်း ဝိတ်အဝန်း ၊ ထား အဆောက်ကတ္တီပါစိမ်းမွမ်း
ရင်း ဖျား ခွေးမ ခွေးငယ် ၅ တန်၊ ရွှေသား ကျောက်အိမ်ပါ၊ မြင်း ကကိုင်း ညောင်
ဇဝါ
ရွက် ၅ သမ္ဘရာဒွန်ရက် ဘောက်ကတောင်ဆွဲ၊ ဆက်ပါးကာ ရွှေပြိန်း ၊ နင်နှင်း သိပ်
အိမ်မြှောင်ရင်ပတ်ကွင်း ငွေဇဝါ၊ က တောင်ရွှေရေး စာမရိရုပ်ပန်း ခက်ကိုက်
ကြိုး
အနား သံငှံ ရွှေပိန်း ၊ ဥက္ကက်ထိပ် ဆောင်း မြီး ဖြန်း ရင်ဝတ်သက္ကလပ်ရွှေကြယ်တပိ၊
စီး နှီး သက္ကဒါန်သက္ကလတ်တင်ရန်း ၊ စက်ရွှန်း ၃ဆင့်၊ ထီး နီဆင်စွယ်ထွတ်၁၊ ပေါင်း
ပန်း ၆၊ တမာရွက် ထောင် ၆၊ မိုင်း လုံး ဝတ်လုံ၊ စလွယ်ဖြွယ်၊ ရွှေနား ထောင်း
အနား ဆူး ၂ထပ်၊ ရွှေဂူမင်းသား အချိရွှေ တောင်လှထင်ကိုမြင်း ကကိုင်း ညောင်
ရွက် ၅၊ သမ္ဘရာဒွန်ရက် ဘောက်ကတောင်ဆွဲ၊ ဆက်ပါး ထာ ရွှေဇဝါပိန်း ၊
နင်း နှင်း သိပ်အိမ်မြှောင်ရင်ပတ်ကွင်း ငွေဇဝါ၊ က တောင်ရွှေရေး စာမရိ
ရုပ်ပန်း ခက်ကိုက်အနား သံငှံ၊ ရွှေပိန်း ၊ ဥက္ကက်ထိပ် ဆောင်း မြီး ဖြန်း ရင်ပတ်
သက္ကလပ်ကြိုး ရွှေကြယ်တစ်၊ စီး နှီး သက္ကဒါန်သနား တော်မှုသည်၊ စာချွန်ရေး မြဲ
ရေး၍သွင်း ၊ မိုး မိတ်မင်း ဝန်ရာဇမိတ်ကျော်ထင်ကို ၄၀ တော်ဗလရာဇာသွေး
သောက်မှာစာရင်း သွင်း၍ဘွဲ့၊ သား မယား အသက်နေ့နံစာရင်း ကျယ်ကိုလည်း
သွင်း ၊ ဒူး နေရာ၌ ချ၍ခစား စေ၊ ရာဇမိတ်ကျော်ထင်ကိုကွမ်း ခွက် လ
ဘက်အိုး တတောင်း ဝိတ်အဝန်း ၊ ထား အဆောက်ကတ္တီပါစိမ်း မွမ်း ၊ ရင်းဖျား

ရွေး မရွေး ငယ် ၅ တန့်၊ ရွှေသား ကျောက်အိမ်ပါ၊ အိမ်ကတ္တီပါစိမ်း မွမ်း ရင်း ဖျား ရွေး မသံပတ် ၅ တန့် ရွှေသား ကျောက်အိမ်ပါ၊ မြင်း ကကိုင်း ညောင်ရွက် ၅ သံပရ ၁ ခွန့်ရက် ဘောက်က တောင်ဆွဲ၊ ဆက်ပါး ကာ ရွှေဇာဝါဝိန်း ၊ နင်း နှင်း သိဝ်အိမ် ဖြောင်ရင်ပတ်ကွင်း ငွေဇာဝါ၊ ကတောင် ရွှေ ရေး စာမရိရှုဝ်ပန်း ခက်ကိုက်၊ အနား သံငုံ ရွှေဝိန်း ၊ ဥက္ကက်ထိဝ် ဆောင်း မြီး ဖြန်း ရင်ပတ်သက္ကလဝ် ကြိုး ရွှေကြယ်တဝ်၊ စီး နှီး သက္ကဒါန်သက္ကလဝ်တင်ရန်း စက်ရွှန်း ၃ ဆင့်၊ ယီး နီဆဝ် စွယ်ထွတ် ၁၊ ပေါင်း ပန်း ဖ၊ တမာရွက် ထောင်ဖ၊ မိုင်း လုံး ဝတ်လုံ၊ စလွယ်ဖ သွယ်၊ ရွှေနား တောင်း အနား ဆူး ၂ ထပ်သနား တော်မူသည်၊ စာချွန် ရေး မြဲ ရေး ရှိသွင်း ။

22 December 1811

(သက္ကရာဇ်) ၁၁၇၃ ခုပြာသိုလဆန်း ၉ ရက် နေ့နား ခံ ကျော်ထင်ရာဇာသူ ထွင်ပြန်။

(ရှေး ဟောင်း သုတေသန၊ တင်မောင်ကြည် ပုရပိုက်)

ကန္တမင်း သမီး အိမ်ဟောင်း နှမ်း ယိုယွမ်း သည်မှာ ကောင်း မွန်ခိုင်ခန့်အောင် အသစ်ဆောက်လုပ်စေ။

23 December 1811

(သက္ကရာဇ်) ၁၁၇၃ ခုပြာသိုလဆန်း ၁၀ ရက်နေ့နှံ၁း ခံ ဇေယသိဒ်သူတွင် ပြန်။

(ရှေး ဟောင်း သုတေသန)

စော်ဘွား မြို့စား တို့ကကန်တော့ဆက်လက် ဆောင် တော်မြင်း များ ကိုမဟာမင်း လှတစ်ကြောသည်တွင်ကျိုင်း တောင်၊ တောင်ပိုင်မြို့များ ကမြင်း ကိုမဆက်မသွင်း၊ အဝေး ရောက်စာရေး ငပို ၊ ငအုတို့စား ယူသည် စစ်ချက်ထွက်ချက်ကိုဆက်သွင်း လျှောက်ထား သည့်အတိုင်း ငပို၊ ငအုတို့သည်အရာအထူး နှင့်ခန့် တော်မူသူဖြစ်လျက် ရာဇဝတ် တော်ကိုမ ထောက်ပြုကျင့်သူ များ ဖြစ်သည်၊ ငပို၊ ငအုတို့ကိုအဝေး ရောက် စာရေး အရာတနှုတ်၊ ဘွဲ့အမည်အစီး အနင်း အဆောင်အရွက်ကိုသိမ်း ရှိသွင်း ၊ ငပို၊ ငအု၊ ငအုန်း တို့စား ယူသည့်မြင်း ငွေများ ကိုလည်း မဟာမင်း လှကတောင်း ရှိသွင်း စေ၊ စော်ဘွား မြို့စား တို့က မဆက်ကျန်ကန် တော့လက် ဆောင်မြင်း များ ကိုလည်း မဟာမင်း လှကတောင်း ရှိဆက်သွင်း စေ။

24 December 1811

(သက္ကရာဇ်) ၁၁၇၃ ခုပြာသိုလဆန်း ၁၁ရက် နေ့နားခံ စမြောင်မှူး ဘယကျော်ထင်တွင်ပြန်။

(ရှေးဟောင်း သုတေသန)

စည်သူ နော်ရထာ၊ ရွှေတောင် နော်ရထာတို့ကို ဝန်ကြီး ခန့်၊ အစီး အနင်း အဆောင်အရွက်မှာ ဝန်ကြီးသီရိမဟာသီဟသူ၊ မဟာသီဟသူရတို့နည်း စီး နင်း ဝတ်ဆင် ဆောင်ရွက် စေ၊ လက်ဝဲရာဇသူ၊ ငပြေတို့ကို ဝန် ထောက်ခန့်၊ ဝန် ထောက် နေမျိုး နော်ရထာစည်သူ၊ နေမျိုး သီရိ ကျော်ထွာ၊ ကျော်ထင် နော်ရထာတို့နည်း စီးနင်း ဝတ်ဆင် ဆောင်ရွက် စေ။

25 December 1811

(သက္ကရာဇ်) ၁၁၇၃ ခုပြာသိုလဆန်း ၁၂ ရက် နေ့ပြန်။

(တင်မောင်ကြည်ပုရပိုက်)

ရခိုင်(အ)ရေး အကြောင်း မှာဒလက်ကြောင်း မအီကြောင်း မော်တင် ကြောင်း တပ်များ အရောက်စုံညီလျှင်အလွယ်တကူအရေး တော်ကုန်တွင်ရမည်ဖြစ် လျှက်မင်း လှစည်သူအစည်း အကြပ်အဆင့်အဆိုပေါ့လျော့သော ကြောင့်အဆိုက်အရောက် မစုံမညီ၊ လရက်ရှည်ကြာ ရှိရသည်ဖြစ်သည်၊ မင်း လှစည်သူကို ရွှေဘဝါး တော် အောက် ခေါ် စေ၊ မင်း ရဲမင်း လှ ကျော်ထင်ကိုပြည်မြို့ကရပ်နေစေ၍ ရခိုင်အရေး တော် နှင့်မြစ်ငိုး မြစ်စဉ် ပေါ်ရှိသည့်သူခိုး ထား ပြတို့ကိုရှင်း လင်း အောင်စီရင်စီး ကြပ်ထမ်း ရွက်စေ အိမ်ရှေ့မင်း အမိန့်တော်အတိုင်း မင်း ရဲမင်း လှ ကျော်ထင် ကိုခန့်ထား၍မင်း လှစည်သူကို ရွှေဘဝါး တော် အောက် ခေါ် စေမည်ဆက်သွင်းသည် မှာသင့်ပြီ၊ ဗင်္ဂလား စစ်သူကြီး ကုမ္မဏီကသနား တော်ခံ စေလွှတ်၍ ရန်ကုန်မြို့ဆိပ် တော်သို့ရောက်သူဇံ ကောနီနှင့်လက်ဆောင် တော်၊သီဟိုဠ်စစ်သူကြီး က စေ၍ ရောက် သူရဟန်း သာမဏေအမတ်တို့ကိုတံသာဝတီမြို့ဝန်တ လှတက်လူသူအ ကြွေး အမွေး ကောင်း မွန် အောင်ခန့်ထား ပေး အပ်ပြီး လျှင်အခွန်ဝန်သီရိ ဇေတရပ် ကျော်ကြပ်မ၍ ရွှေဘဝါး တော် အောက်ဆက်လာ စေ၊ စာ ပေကျမ်း ဂန်အတွက်များ နှင့်တရား စကား ပြောဆိုရန်ရှိသည်များ ကို နေရာငါး သွယ် နေမှူး တော်မတ် တော်တို့ကို နေ့စဉ်အတွင်း တော်သို့ဝင်၍စည်း ဝေး တိုင်ပင် ပြောဆို ဦး စေ။

26 December 1811

(သက္ကရာဇ်) ၁၁၇၃ ခုပြာသိုလဆန်း ၁၃ ရက် နေ့နား ခ ဇေယသိဒ်သူတွင် ပြန်။

(ရှေး ဟောင်း သုတေသန၊ တင်မောင်ကြည် ပုရပိုက်)

ဆိပ်တည်ပွဲကူး တို့ဈေး အကောက်အစား များ မှာလည်း ရွှေး ထုံး စံနှင့်အညီ ကောက်မြဲပေး မြဲကိုသာ ပေး စေ၊ သာလွန်တိုး ပွါး၍အကောက်အခွန်မရှိစေနှင့်၊ ရွှေပြည်တော်မြို့တွင်း မြို့ပြင်မှစ၍လာ ရောက်သမျှကုန်ယည်တဲကား ရောင်း ဝယ်သူတို့မှာ နောက်ကိုသာလွန်တိုး ပွါး၍ ကောက်ခံလျှင် ကောက်ခံသူတို့လက်ကိုဖြတ်၊ ရွှေကုမ္ပနီ၊ ကျောက်ကုမ္ပနီ၊ ငွေမှုတ်ပွဲခွန်လှယ်ခွန်အရပ်ရပ်ကုမ္ပနီများ နှင့်ရန်ကုန်စကါးပြန်မှစ၍ ရွှေး ထုံး စံမရှိတိုး ပွါး ယည့်အဆက်အသအ ကောက်အခံကိုလည်း မရှိ စေနှင့်၊ ဟံသာဝတီ၊ ဓညဝတီမှစ၍အရပ်ရပ်မြို့ရွာများ မှာလည်း ရွှေး ထုံး စံနှင့်အညီ ကောက်မြဲခံမြဲကိုသာ ကောက်ခံ စေ၊ သာလွန်တိုး ပွါး၍မ ကောက်ခံ စေနှင့်၊ အကောက်အခံအမိန့် တော်စာချွန်ရှိသမျှကိုသိမ်း ။

5 August 1813

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ၃၁နှစ်အဌာရသမိမာသ်သုဒ္ဓဒိန်ဖ၄ တော်သလင်း လဆန်း ၄ရက် နေ့နား ခံ ဇေယသိဒ်သူတွင်ပြန်။ (<u>အုပ်ချုပ်ပုံ</u>၊ တ၊ ပိုဒ်၃၉ဖြ၊ စါ၁၂၀-၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ နေမျိုး ကျော်သူကိုကျီဝန်ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း နေမျိုး ကျော်သူသည် ကျေး ဇူး သဗ္ဗာ တော်နှစ်ပါး ကို စောင့်သိ ရိုသေစွာအမှုတော်ကို ဖြောင့် ဖြောင့် ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက် မည့်သူယုံ မှတ်သနား တော်မူသည့်ကျွန် တော် မျိုး ဖြစ် သော ကြောင့်ကျီဝန်ခန့် တော်မူသည်၊ ကျီဝန်ဆိုသည့် အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်အိမ် ထောင် မှုကဲ့သို့ဖြစ် လေသည်၊ ပြည်ကြီး ၊ မစိုး ရိမ်၊ မ တောင့်တ၊ ခန့်တိုင်း ရကျီ တော်မှစ၍အရပ်ရပ်ကျီ တော်များ မှာ နိုင်ငံ တော်အရပ်ရပ်မြို့ရွာများ က ရေ ကြောင်း ကြည်း ကြောင်း ဘို့ တော်ခွန် တော်ဆက်သွင်း ရသည့် စပါး တော် ရွှေနန်း ရိုး လယ်လုပ်လမိုင်း တော်မှစ၍အရပ်ရပ်လမိုင်း တော် ရေခွန် တော်စပါး တော်ဆက်သွင်း ကြရသည်၊ တံဆိပ်ရဆရာ တော်၊ ပိဋကတ် တော်မ၊ စာတည်း သင်္ဘော တော်လှူရန်လဝတ်ဆန်မှစ၍အရပ်ရပ်ရိက္ခာ တော် ပေး သုံး တော်မူသည့်အရာများ မှာလည်း ရှိသည်၊ အရပ်ရပ်ကျီ တော်ရှိစပါး ၊ သုံး တော်မူသည့်စပါး များ ကိုစာရင်း ပေရင်း သေချာ အောင်ကျီစိုး ကျီစာ ရေး တို့ ကိုမှတ်သား စေ၊ ကျီ တော်များ မှာမိုး ရေလွတ် အောင်အ ပေါက်အယိုမရှိ စေရ၊ မပြတ်ကြည့်ရှုပြင်လုပ် စေ၊ သော့ပ နောက်ကိုလည်း မြဲမြန် သေချာ အောင်ခတ်ထား စေ၊ အရပ်ရပ်ကသွင်း ဆက်သည့်စပါး မှာလည်း စာရင်း ရှိသည့်အတိုင်း အဖျင်း မပါသည့် စပါး ကိုမှန်တန် အောင်ချင့်တွက်၍သွင်း စေ၊ ကျီစိုး ကျီစာ ရေး သော့ကိုင်တင်းချီ စာတုတ်တိုက်ကျီသား တို့စား ရိုး မှာလည်း အစဉ်အရိုး ရှိသည့်ကိုသာ ပေး စေစား စေ၊ သာလွန်၍မ ပေး မစား စေနှင့်၊ ကျီစိုး ကျီစာ ရေး ကျီသား တို့ကိုလည်း ကျီ တော်များ တွင် နေ့ညအမြဲ စောင့် နေ စေ၊ ကျီ တော်စပါး တော်များ ကိုမယိုမယွင်း ရ ကြပ်ကြပ်လုံ့လ ဝီရိယပြုရမည်၊ အကျိုး အ ကြောင်း ကိုမြွသ၍ကျီဝန်ကသိသာနား လည် အောင် ဆိုရမည်၊ ကျီ တော်အစုအမှုထမ်း ကျီသား မှစ၍ ရွှေခွန် ငွေခွန်သ ရွေး ခွန်သံခွန် တား ခွန်လှံခွန်ချင်း ခွန်ငှက်မြီး ခွန် တော်ဆက်အစုအမှုထမ်း တို့ကိုလည်း ဘို့ တော် ခွန် တော်ဆက်သွင်း ထမ်း ကုန်နိုင် အောင်မစေ၊ ကျီ တော်အစုသား ရွှေခွန် ငွေခွန် သရွေး ခွန်သံခွန်တား ခွန်လှံခွန်ချင်း ခွန်ငှက်မြီး ခွန် တော်ဆက်အစုသား တို့တွင်

တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့် စကား ကိုပ ပျောက် အောင်ဂတိသို့မလိုက် တော်တည့် ဖြောင့်မတ်စွာစီရင်။

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ၃၁နှစ်အဋ္ဌာရသဗိမာသ်)

21 August 1813

သုဒ္ဓိဒိန်၁၀ တော်သလင်း လပြည့်ကျော်၅ရက် နေ့ဝန်ရှင် တောင်ဒွင်း ဝန်မင်း ကြီး မှာဝန် ထောက် တော်မင်း နေမျိုး နော်ရထာစည်သူ ရှေ့ကအမိန့်တော် ရေး မင်း ပုံ့ချီသူအစီရင်ခံလျှင်အပ်ဆင့်ချက်နှင့် ရွှေလွှတ်ကွန်း စင်တွင်း မှာနား ခံ တော်စ မြောင်မှုး တွင်ပြန်။

(မျိုး ကြည့်၊ ပု၊ ၆၂၂၊ သုရိယ၊ တွဲ၁၄၊ မှတ်၃၊ မေ၁၉၃၀၊ မျက်၁၁-၉)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်။ သိမ်ဇေယသူကိုဆင်ဝန်ခန့်တော်မူသည်။ သို့ခန့်တော်မူကြောင်း
လည်း သိမ်ဇေယသူသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကိုစောင့်သိရိုသေစွာအမှု
တော်ကိုကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါထမ်း ရွက်သည်။ ဆင်၏လက္ခဏာကိုလည်း
ကျွမ်း သိနား လည်သူဖြစ်သည်။ ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုကုန်
ထွင် အောင်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည်ကျွန် တော်မျိုး ဖြစ် သော
ကြောင့်ဆင်ဝန်ခန့်တော်မူသည်။ ဆင်ဝန် (ဆို) သည့်အရာသည်ငါအသျှင်ဧကရာဇ်
မင်း မြတ်တို့တွင်ဆင်သည်လက်နက် တော်ကြီး ဖြစ်သည်။ စီး တော်ဝင်း တော် ရွေး
ထမ်း ဆင် တော်မှစ၍အရပ်ရပ်ဆင် တော်များ ကိုမြတ်စွာ ရေ သောက်အအိပ်
အနေ ဖြောင့်မှန် အောင်ဦး စီး နောက်ပဲ့တို့ကိုမပြတ်ကြည့်ရှုနှိုး ဆော်။ မြက်စား
တိုင်ကျမြို့ရွာသူကြီး တို့ကဆင် တော်များ မှာ ပေး အပ် တော်မူသည့်အတိုင်း မှန်ကန်
အောင်ချိန် ပေး စေ။ ဦး တိုင်ပဲ့တိုင်နှင့် ဈေး ရော၍မ ပေး မ ကျွေး စေနှင့်။
မြက်စား တိုင်ပြင်ဦး စီး နောက်ပဲ့တို့ကသာလွန်၍မ တောင်း စေနှင့်။ ဆင်စချီ
မြက်စစ်တို့ကိုဆို၍ကြည့်ရှုမှတ်သား စေ။ စီး တော်ဝင်း တော် ရွေး ထမ်း ဆင် တော်
များ သည်အအိပ်အနေမြက်စား ရေ သောက်မမှန်၍ တောသို့ချထား သင့်သည့်အရာ
ကိုလည်း တောသို့ချထား စေ။ ဦး စီး နောက်ပဲ့တို့သင်း တို့ရပ်ရွာမှာ နေ ချင်၍
မချမထား သင့်သည့်အရာကိုချထား ပါမည်အစီရင်ခံ သော်လည်း မချမထား စေ
နှင့်။ အတွင်း တင်း ကုတ်ပြင်တင်း ကုတ် တော်များ မှာချီထား သည့်စီး တော်ဝင်း
မှစ၍ ရွေး ထမ်း ဆင် တော်များ ကိုဦး စီး နောက်ပဲ့တို့လုံ့လပြု၍ ပွတ်သပ် ကျွေး မွေး
သည်မ ကျွေး မွေး သည်ဆင်မှူး ဆင်စချီဦး စီး နောက်ပဲ့ဆင် ဆေး သမား တို့သည်
နေ့ညည့်မပြတ်ကြည့်ရှုစောင့်နေသည်မစောင့်နေသည်များ ကိုလည်း ကြပ်ကြပ်မပြတ်
ကြည့်ရှုနှိုး ဆော်။ မိန်း သစ်ဆင် တော်ရှိလျှင်လည်း သင့်သသူတို့ကိုဦး ပဲ့ခန့်၍ကြည့်နှိပ်
ရေအိပ်အဝင်အထွက်ရထွယ် အောင်စီး နင်း သွန်သင် စေ။ သို့များ ကိုအမြဲနှလုံးသွင်း
၍ကြည့်ရှုနှိုး ဆော်ရမည်။ ဆင် တော်ဦး စီး နောက်ပဲ့မှစ၍ဆင်နှင့်ဆိုင်သမျှအမှု
ထမ်း တို့ကိုအမှု တော်ကိုထမ်း ကုန်နိုင်၍လုပ်စား ဆောင်စား ဖြစ် အောင်မစေ။

ဆင်အမှုထမ်း တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကို ငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင်ဝတီသို့မလိုက်ညီညွတ်စွာစီရင်။

21 August 1813

ဆန္ဒန်ဆင်မင်း သခင်မင်း တရား ကြီး ဘုရား နန်း စံ ၃၁ နှစ်အဋ္ဌာ ရသ ဓိမာသ်သုဒ္ဓဒိန် ၇၀ တော်သလင်း လပြည့် ကျော် ၅ ရက် နေ့ ဝန်ရှင် တော် ဒိုင်း ဝန်မင်း ကြီး မှာဝန် ထောက် တော်မင်း နေမျိုး နော်ရထာစည်သူ ရှေ့ကအမိန့် တော် ရေး မင်း ပုံ့ချီသူအစီရင်ခံလျှင်အပ်ဆင့်ချက်နှင့် ရွှေလွှတ်ကွန်း စင်တွင်း မှာနား ခံ တော်စ မြောင်မှုး တွင်ပြန် ။

(မျိုး ကြည့်၊ ပု၊ ၆၂၂)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ မင်း လှစည်သူကို ရွှေတိုက်ဝန်ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း မင်း လှစည်သူသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို သေစွာအမှု တော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်တမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုကုန်တွင် အောင်ထမ်း ရွက်မည့်သူယုံ မှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့် ရွှေတိုက်ဝန်ခန့် တော်မူသည်၊ ရွှေ တိုက်ဝန်ဆိုသည့်အရာသည်ငါအရှင်ဧကရာဇ်မင်း မြတ်တို့တွင်ရာဇဒ္ဓာနီ ရွှေပြည် တော်ကြီး အခြံအရံများ သောတိုင်း ကား နိုင်ငံသင်္ဘောဆိပ်များ ကတို့ တော်ခွန် တော်အနဿရတနာ ရွှေ ငွေအုပ်မျိုး တည်မျိုး မှစ၍များ သောစီး ပွါး တော်ဘဏ္ဍာ တော်ကို နေ့စဉ်လစဉ် ရွှေဘဏ်ါး တော် အောက်မပြတ်ဆိုင်ရာတိုက် တော်ကျ တော်များ မှာဆက်သွင်း ရသည်၊ နေ့စဉ်လစဉ်လည်း မပြတ်သုံး တော်မူသည့်အရာများ လည်း ရှိသည်၊ သို့သွင်း သည်သုံး သည် မည်သို့အဘိုး ထိုက်သည်၊ အ ကောင်းအလပ်အညံ့ဖြစ်သည်၊ မ ထွေး မရှက်ရခြား နား သိသာ သေချာ အောင်မပြတ်ကြည့်ရှုရမည်၊ ရွှေတိုက် တော်မှစ၍အရပ်ရပ်တိုက် တော်ကျ တော်များ မှာအရပ်ရပ်သွင်း သည်သုံး သည် ဘဏ္ဍာ တော်အချိန်အ ရေအတွက်မည်မျှရှိသည်များ ကိုစာရင်း ပေရင်း သေချာ အောင်တိုက်စိုး စာ ရေး တို့ကိုပြသဆင့်ဆို၍ မှတ်သား စေ၊ သော့ပ နောက်ကို လည်း သေချာ အောင်ခပ်ထား စေ၊ တိုက် တော်ကျ တော်တွင်မည်သို့သွင်း သည်သုံး သည်ကိုလည်း နေ့ရက်စွဲမှတ်၍တိုက်စိုး စာ ရေး တို့ကိုစာရင်း ပေး စေ၊ အလုပ် တော်အ ဆောင် တော် ကျောက် ရွှေ ငွေတုန်ရန်ရှိလျှင်လည်း စာရင်း နှင့် ရွှေတိုက် ဝန်ကဆက်မြဲဆက်၊ တိုက်စိုး စာ ရေး အဝန်း ငယ်သား ခေါင်း တို့ကိုလည်း ဆိုင်ရာ တိုက် တော်များ တွင်ညည့် နေ့ စောင့် နေ စေ၊ ဘို့ တော်ခွန် တော်သွင်း လျှင်လည်း ရွှေး သုံး စံရှိသည့်အတိုင်း ရွှေတိုက်ဝန်တိုက်ကြပ် (တိုက်) စိုး စာ ရေး သူ ဌေး တို့ မှာဆိုင်ရာ ပေး ယူကြ စေ၊ သာလွန်၍ မယူ စေနှင့်၊ တိုက် တော်ကျ တော်ခပ်ထား သည့် သော့ပ နောက်များ ကိုလည်း ချထား မြဲအချိန်တွင်ချထား စေ၊ အချိန်ကကျူး လွန်လျှင်အတွင်း ဝန်တို့မှာအစီရင်ခံ၍အတွင်း တော်မြဲတို့နှင့်ဘွင့်ဖိတ်သုံး ဆောင်

(21 August 1813)

စေ၊ သတိဝိရိယပြု၍ မယိုမယွင်း မလစ်မဟင်း စေရ၊ ဖြောင့်မတ်မှန်ကန်စွာ နှိုး ဆော်စီရင်။

(21 August 1813)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ ၃၁ နှစ်အဋ္ဌာရသမိ မာသ်သုဒ္ဓဒိန် ၇၀ တော်သလင်း လပြည့်ကျော် ၅ ရက် နေ့ ဝန်ရှင်တော် ဒိုင်း ဝန်မင်းကြီး မှာဝန် ထောက်တော်မင်း နေမျိုး နော်ရထာစည်သူ ရှေ့ကအမိန့်တော် ရေး မင်း ပုံရှိသူအစီရင်ခံလျှင်အပ်ဆင့်ချက်နှင့် ရွှေလွှတ်ကွန်း စင်တွင်း မှာနားခံစ မြောင်မှူး တွင်ပြန်)

(မျိုးကြည့်၊ ပု၊ ၆၂၂)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဋ္ဌန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ မင်း လှသီရိကိုအသည်ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်း လည်း မင်း လှသီရိသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကိုစောင့်သိရိုသေစွာခန့် ထား တော်မူသမျှအမှုတော်ကိုကြိုး စား အား တုတ်စိတ်ပါကိုယ်ပါထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုမ သွေမဖီကြိုး စား အား ထုတ်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည်ကျွန် တော်မျိုး ဖြစ်သော ကြောင့်အသည်ဝန်ခန့် တော်မူသည်၊ အသည်ဝန်ဆိုသည့်အရာသည်ငါအရှင်ဧကရာဇ်မင်း မြတ်တို့တွင်ရာဇ ဌာနီ ရွှေပြည် တော်ကြီး အခြံအရံများ သောတိုင်း နိုင်ငံအရပ်ရပ်မြို့ပြ ကျေး ရွာ များ တွင်သူကြီး ပြည်စိုး မြေတိုင်ဒိုင်း ခေါင်း အသည်အလါတို့နေထိုင်၍ မင်း မှုမင်း ခင်း မြို့မှုရွာတာအသေး အကွဲအလုံး စုံကိုတိုင်သူရင်း ခန့်ထား တော်မူသည့်အတိုင်း နေ့စဉ်လစဉ် ပေး ဆုံ(ခန့်ထား)ထမ်း ရွက်ကြရမည်ကျွန် တော်မျိုး ဖြစ်သည်၊ အရပ်ရပ်မြို့ပြ ကျေး ရွာများ တွင်သူကြီး ပြည်စိုး မြေတိုင်ဒိုင်း ခေါင်း တို့သည်အသည် အလါတို့မှာမင်း မှုမင်း ခင်း တိုင်သူရင်း စာရင်း တော်ဘက်ခန့်သည့်အတိုင်း ရှေး ထုံး စံနှင့်အညီသာ ပေး ဆုံခန့်ထား ထမ်း ရွက်စေ၊ အမှုတော်အနည်း ရှိသည်ကိုအ များ ခွဲခန့်၍မ ပေး မဆုံမထမ်း မရွက်စေနှင့်၊ အသည်အလါဝင်နေကပ်ပါး အ များ ရှိသည်ကိုအနည်း သာရှိသည်စာရင်း ပေး ၍မထမ်း မရွက်စေနှင့်၊ ဟုတ် မှန်သည့်အတိုင်း တော်တည့်ဖြောင့်မတ်စွာဆိုင်ရာအမှုတော်ကိုထမ်း ရွက်ကြစေ၊ သူကြီး ပြည်စိုး မြေတိုင်ဒိုင်း ခေါင်း အသည်အလါတို့ကိုလည်း အမှုတော်ကိုထမ်း ကုန်နိုင် ၍လုပ်စား ဆောင်စား အောင်မစ၊ သူကြီး ပြည်စိုး မြေတိုင်ဒိုင်း ခေါင်း အသည် အလါတို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင် ငယ်သည့်စကား ကိုပ ပျောက် အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(21 August 1813)

(ဆဋ္ဌန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ၃၁ နှစ်အဌာဂုရသမိမာသီ သုဒ္ဓဒိန်၇၀ တော်သလင်း လပြည့်ကျော် ၅ ရက် နေ့ဝန်ရှင် တော်ဒိုင်း ဝန်မင်း ကြီး မှာဝန်ထောက် တော်မင်း နေမျိုး နော်ရထာစည်သူ ရှေ့ကအမိန့်တော် ရေး မင်း ပုံချိုသူအစီရင်ခံလျှင်အပ်ဆင့်ချက်နှင့် ရွှေလွှတ် တော်ကွန်း စင်တွင်း မှာနား ခံတော် စမြောင်မှူး တွင်ဖြန်)

(မျိုး ကြည့်၊ ပု၊ ၆၂၂)

(21 August 1813)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ နန္ဒသီဟကို ရွှေဝင်း မှူး ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း နန္ဒသီဟသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို သေစွာခန့်ထား တော်မူသမျှအမှုတော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါ ထမ်း ရွက်သည်၊ ရွှေသို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုမ သွေမဖည်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့် ရွှေဝင်း မှူး ခန့် တော်မူသည်၊ ဝင်း မှူး ဆိုသည့်အရာသည် ငါအသျှင်ဧကရာဇ်မင်း မြတ်တို့ တွင်သူရဲသူခက်ထား စွဲကိုယ်ရံ တော်လက်နက်ကိုင်ယာ စုံနှင့်ရာဇဝတ် ကြောင်း မြို နိုင်လုံ အောင်ဝင်း တော်တမျက်နှာတွင်ညည့် နေ့ဆိုင်ရာတန်း နှင့် စောင့် နေ ထမ်း ရွက်ရမည်၊ ရွှေနန်း ရွှေဘုံတွင်လည်း ၄၀၊ ၅၀၊စား တော်ထွမ်း ရေကိုင်၊ အဆောင် တော်မြံအမတ်၊ကျေး ၊၊ား ရှာစား၊လူပျို၊ မြေနန်း ဝန်း ကျင် သေနတ်၊ သွေး သောက်ကြီး ၊ ဝင်း မှူး ၊ ဒိုင်း မှူး ၊ သူရဲမှူး ၊ တပ် ကောင်ဟန်မှူး ၊ အမြောက်မှူး မှစ၍ ခေါင်း စကြီး အဝန်း အငယ်သား တို့ကိုအိပ်လှည့်အိပ်ဘန်မှန်ကန် အောင်ဆိုင်ရာခန့်ထား တော်မူသည့်အတိုင်း မပြတ်စစ် ကြောစီရင်ရသည်၊ ဝင်း တော်တွင်ထား စွဲကိုယ်ရံ တော်၊ ခေါင်း စကြီး အဝန်း ငယ်သား တို့ကိုလည်း ဆိုင်ရာ တန်း တွင်ညည့် နေ့ စောင့် နေထမ်း ရွက်ကြစေ၊ မဆိုင်သည့်အစုသား တို့ကိုဝါး ထောင် ၍မထမ်း မရွက် စေနှင့်၊ ထား စွဲကိုယ်ရံ တော်တို့ကိုလည်း သောက်ရစ်စား ဝနိုက် ပွါး ရန်ပွါး မရှိ စေနှင့်၊ တန်း တွင်ညည့် နေ့လုံခြုံ အောင်နိုး နိုး ကြား ကြား စောင့် နေအိပ် ဆောင် တည့်သုံးယမ်ဝင်း မောင်း ခတ်၍တာကျအတိုင်း နှိုး ဆော် စေ၊ ထား စွဲကိုယ်ရံ တော် ခေါင်း စကြီး အဝန်း ငယ်သား တို့ကိုအမှုတော်ကိုထမ်း ကုန်နိုင် ၍လုပ်စား ဆောင်စား ဖြစ် အောင်မစ၊ ထား စွဲကိုယ်ရံ တော်တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပပျောက် အောင်ဂတိသို့မလိုက်ညီညွတ်စွာစီရင်။

(21 August 1813)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ၃၁နှစ်အဌာရသမိမသည် သုဒ္ဒဒိန်ဂ၀ တော်သလင်း လပြည့်ကျော် ၅ရက် နေ့ဝန်ရှင် တော်ဒိုင်း ဝန်မင်း ကြီး

(21 August 1813)

မှာဝန်ထောက်တော်မင်း နေမျိုး နော်ရထာစည်သူ ရှေ့ကအမိန့်တော် ရေး
မင်း ပုံချိသူ့အစီရင်ခံလျှင်အဝိဆင့်ချက်နှင့် ရွှေလွှတ်ကွန်း စင်တွင်း မှာနား ခံ
တော်စ မြောင်မှူး ထွင်ပြန်။)
(သူ့ရိယ၊ တွဲ ၁၄၊ မှတ် ၃၊ ၀၀၁၉၃၀၊ မျက် ၀ ၀၊ မျိုးကြည်ယု ၆၂)

အိမ်ရှေ့မင်း ကိုမြို့တော်သို့ဝင်စေ၊ အိမ်ရှေ့မင်း သား ပုလိုင်း ရွာစား ကံကုန်သည်မှာ အိမ်ရှေ့မင်း သမီး ဘွား တော်ဘွား ကံကုန်သည်တွင်သဂြိုဟ်သည့်နည်း တူကြီး ဘုရား မဟာရုံအတွင်း သဂြိုဟ်စေ။

8 April 1814

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ ၃၂ နှစ်အဋ္ဌာရသဓိမဘ်သ်သုဒ္ဓဒိန် ၃၁၀ ကဆုန်လဆန်း ၁၀ ရက် နေ့နာ ခံ ဇေယသိဒ်သုတွင်ပြန်။
(တက်ဗတို ၄၅၂၁၇)

တပ္ပိုလရှင်ရ သေ့ကိုမင်းကွန်း သို့မပင့်မဆောင်နှင့်၊ **ရွှေမြို့**တော်အရှေ့မြောက် ထောင့်ရွှေကွန်အုပ်ဘုရား တံတိုင်းအတွင်း ဘုရားအနောက်တွင်အုတ်ကုလုပ်၍ ထားစေ၊ အသည်ဝန် နေမျိုး သီရိကျော်ထွာကမိဘုရား သုံးပါး ဝန်အရာခန့် အပ်တော်မူ၍အုပ်ထိန်း ရပါသည်၊ တောင်ငိုင်မြို့က နှစ်စဉ်လဘက်ချောင် ၊မောဝ် မြှင့်ကန် တော့လက် ဆောင်တော်၊ မိုး နဲ့ဗိုလ်မှူး ကမင်း မှုတော်ခန့်ထား ရှိသမျှ ကိုထမ်း ရွက်ရသည့်အမှုတော်၊ ရွှေမြို့တော်ကြီး ပြတံခါး လုပ်ဆောင်ထိန်း သိမ်း စု ကိုလုပ်ဆောင်ရသည့်အမှုတော်ရပ် ပြေကုန်ပါသည်၊ ဝန်ခန့်တော်မူသည်သုံး နှစ် ကျော်ရှိပါသည်၊ ကျွေး မြို့တကျပ်တပြား မှုမတင်မရှိပါ၊ တောင်ငိုင်မြို့ကိုမိဘုရား သုံးပါး သနား မခံရမီအထက်အမတ်အမှုဆောင်တို့ ချေး ယူသည့် ကျွေး သုံးပါး ဝန် ကြီး ဝန်စဉ် ချေး ယူသည့် ကျွေး နေမျိုး ကျော်ထင်ဝန်စဉ် ချေး ယူသည့် ကျွေး ရှိသည် ဆို၍အတောင်း အထုတ်ခံရခဲ့သည့်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်သည်၊ တောင် ငိုင်မြို့မှာအထက်တင်ရှိသည့် ကျွေး မြီများ သည်အတုတ်အမှန်အဖြောင့်အသား မဟုတ်၊ မြို့ရွာမင်း မှုနှင့်မစပ်သည်ကိုအလျောက် ချေး ယူသည်ဖြစ်သည်၊ သိပေါ်မြို့နည်း ကျွေး ဟောင်း ကိုမြို့ရွာအကြီး စာရေး တို့မှာမတောင်း မထုတ်စေနှင့်၊ ဆုံး စေ။

18 May 1814

ဆန္ဒြန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၂ နှစ်အဋ္ဌာရသမိမာသ် သုဒ္ဓဒိန် ၃၅၀ နယုန်လပြည့်ကျော် ၅ ရက် နေ့နား ခံ ကျော်ထင်ရာဇသီဟသူတွင်ပြန်။
(တက်ဗဟို ၄၅၂၁၇)

ပဟိုနာရီ ခေါင်း လောင်း များ ကိုလည်း ရွေး ထုံး စံရှိသည့်အတိုင်း တီး စေ။

20 May 1814

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၂ နှစ်အဋ္ဌာဝရသမိမဝသ်ပုံ ဒိန် ၃၅၂ နှစ်နယုန်လပြည့်ကျော် ၇ ရက် နေ့နား ခံ ကျော်ထင်ရာဇသူတွင်ပြန်။
(တက်ဗဟို ၄၅၂၁၇)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်၊ လက်နက်စကြာရတနာသခင်ငါအသျှင်ကေရာဇ်မင်း မြတ်သည်ဖြည့်ကျင့်အပ်သော ပါရမီတော်မြတ်ကြောင့် ရှေးစကြာမန္တတ်မင်း တို့ဝယ်ရအပ်သောဆဒ္ဒန်ဆင်ဖြူရတနာကဲ့သို့သိကြား နတ်တို့ဆက်သ၍ ရောက်သည့်ဆဒ္ဒန်ဆင်မင်းကို ရွှေတောင်လှကျော်ကိုဆဒ္ဒန်ဆင်မင်း ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း ရွှေတောင်လှကျော်သည် ကျေးဇူး သစ္စာတော်နှစ်ပါး ကိုစောင့်သိတို့ သစ္စာအမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုးကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါထမ်း ရွက်သော ကြောင့်အထိုက်အလျောက်အရာအတူး အဆောင်အရွက်သနား တော်မူ၍အရည် လျောက်ခန့်ထား ပြုစု တော်မူသည်၊ ရွှေသို့လည်း ခန့်ထား ပြုစု တော်မူသမျှအမှုတော်ကို မသွေမဘည်ထိန်း အုပ်ပြုစု စီရင်နိုင်မည်၊ စီရင်ခင်း စီရင်ဘွယ်အလုံး စုံကိုကျွမ်း သိနား လည် သည့်ယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်၍ဆဒ္ဒန်ဆင်မင်း ဝန်ခန့်တော်မူသည်၊ ဆဒ္ဒန်ဆင်မင်း သည်ဘိသိက်သွန်း ခြင်း မင်းအဖြစ်ကို ပေး၍ဆဒ္ဒန်ဆင်မင်း ကိုအထူး သဖြင့်ချီး မြှင့်ပြုစုတော်မူသည်၊ ကျေးကျွန်သင်း ပင်း မြို့ပြ ကျေး ရွာအဆောင်အရွက်ဆင်ယင်သည့်တံဆာဆင် ခြေဖုံး ဝင်း ကိုယ်ရုံအတီး အမှုတ်ကံ ကျွေး တန္တား အစုအငန်း အများ ရှိသည်၊ ဆဒ္ဒန်ဆင်မင်း တွင်မြက် ရေအဆက်အ ပေး အဆိပ်အဖက်အရပ်အ နေအညစ်အကြေး သန့်ရှင်း ရန်ရှိသည်များ ကိုတနေ့မပြတ်အချိန်အခါမှန်ကန် အောင် စောင့်ကြပ်ကြည့်ရှု၍မြက်ဆက် ပေးမြဲလူတို့ကိုမြက်ဆက် ပေး စေ၊ အညစ်အကြေး သန့်ရှင်း မြဲလူတို့ကိုလည်း အညစ်အကြေးမတင်မရှိ စေရ၊ မပြတ် စောင့်ကြပ်ကြည့်ရှုသန့်ရှင်း စင်ကြယ် စေ၊ ရေဆက် ပေးသုံး သပ်ချိန် ရောက်လျှင်လည်း သနား တော်မူသည့်အဆောင်အရွက်အတီး အမှုတ်ဆင် ခြေဘုံး ဝင်း ကိုယ်ရုံ တော်များ ကိုစီရင်ခင်း ကျင်း တီး မှုတ် စေ၍ ရေဆက်ပေး သုံး သပ်မြဲမြစ်ဆိပ် ရောက်ကြပ်မဆက် ပေး သုံး သပ် စေ၊ ရေဆက် ပေး သုံးသပ်ရာကပြန် ရောက်လျှင်လည်း အနေအထား မှန်ကန် အောင်ချထား ရပ်နေ စေ၍ ခင်း ကျင်း သည့်အဆောင်အရွက် ရွှေထည် ငွေထည်များ ကိုလည်း လုံခြုံ အောင်သိမ်းထား စောင့်နေထိန်း သိမ်း စေ၊ ဆင်ယင်သည့်တန်ဆာ တော်များ ကိုဆင်ယင်

လျှင်လည်း သိမ်း ဆည်း သည့်အခွန် ရောက်သည့်ကာလအ စေ့အငုသိမ်း ယူထိန်း သိမ်း မြဲသိမ်း ယူထိန်း သိမ်း စေ၊ ဆဒ္ဒန်ဆင်မင်း မြက်စား ရေ သောက်အအိပ်အစက် အရပ်အနေအသွား အလာ ဖြောင့်မှန်ရွှင်လန်း သာယာ အောင်ကိုလည်း မပြတ် မလပ် ပေး မြဲ ဆေး ကို လျှောက်ထား ကြည့်ရှုဆက် ပေး စေ၊ ကျန်း မာ ရွှင်လန်း ကြောင်း များ နှင့်အ ကြောင်း အရာ ရှိသမျှကိုလျှောက် တော်မှာ လျှောက်ထား သင့် သည့်အတွင်း တော်မှာ လျှောက်ထား သင့်သည်ဆင်ခြင် ထောက်ချင့်၍ လျှောက်၊ ဆဒ္ဒန် ဆင်မင်း အစား အ သောက်အအိပ်အနေ ဖြောင့်မှန်ရွှင်လန်း ကျန်း မာ အောင် ကိုအမြဲနှလုံး ထား ၍ မပြတ်မလပ် နေ့ညည့်ကြပ်မအုပ်ထိန်း နှိုး ဆော်စီရင်၊ နေ့ညည့် အ စောင့်အ နေလူတို့ကိုလည်း အလှည့်သင့် နေ့ညည့် စောင့် နေ စေ၊ ဆဒ္ဒန်ဆင်မင်း ဝင်း ကိုယ်ရံ တော်အစုအငန်း သား ကံ ကျေး ကန္နား အ စေအပါး လူတို့ကိုလည်း ရွေး ချယ်စီစစ်၍အမှုတော်ကိုအရှည်ထမ်း ကုန်နိုင် အောင်နှိုး ဆော်ကြည့်ရှုပြုစုမစသိမ်း ပိုက်၊ သနား တော်မူသည့်ခရိုင်မြို့ပြ ကျေး ရွာများ ကိုလည်း စည်ပင်သာယာ အောင် မြို့ထိန်း ရွာအုပ်ခန့်ထား ၍ မစပြုစု၊ ဝင်း ကိုယ်ရံ တော်အစုအငန်း သား ကံ ကျေး ကန္နား မြို့ပြ ကျေး ရွာ နေလူတို့မှာအမှုအခင်း စီရင်ခွဲခန့်ရန်ရှိလျှင်အင်း စာရင်း အ သေအချာနှင့်သာနာညီမျှခွဲခန့်စီရင်၊ တရား စကား အရှုက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင်ဆဒ္ဒန်ဆင်မင်း ဝန်ခန့် တော်မူသည့်အင်ကို ထောက်၍ ဂတိသို့မလိုက် ဖြောင့်မတ်စွာစီရင်။

21 June 1814

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ ၃၂ နှစ်အဋ္ဌာရသမ်မာသိ သုဒ္ဒိဒိန် ၃ဂ၄ ဝါဆိုလပြည့် ကျော် ၉ရက် နေ့ဝန်ရှင် တော် ကောင်း တုန်မင်း ကြီး မှာ ဝန် ထောက် တော်မင်း ရွှေ တောင် နော်ရထာ ရွှေကအမိန့် တော် ရေး ပုံချိသူ မှတ်ချက်အလွှာပြန်တမ်း အလွှာများ နှင့်အစီရင်ခံ၍လွှတ် တော်ကွန်း စင်တွင်း မှာ ပြန်တမ်း အလွှာကိုနာခံ တော်မင်း ဇေယသိခ်တွင်ပြန်။

(မြိုး ကြည့်၊ ပု၊ ၆၂၂၊ သူရိယ၊ တွဲ ၁၄၊ မှတ်ရ၊ စက်တင်ဘာ ၁၁၉၃၀၊ မျက် ၂၃-၄)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ ဇေယနန်း သူကိုခင်မမင်း ဝန်ခန့် တော်မူသည်၊ သို့ခန့် တော်
မူ ကြောင်း လည်း ဇေယနန်း သူသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို
သေစ္စာအမှု တော်ကိုမ သွေမဘည်ထမ်း ရွက် မည့်သူယုံ မှတ်သနား တော် မူသည့်ကျွန်
တော် မျိုး မြစ် သော ကြောင့်ခင်မမင်း ဝန်ခန့် တော်မူသည်၊ ခင်မမင်း ဝန်ဆို
သည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်ခင်မမင်း မှစ၍သား တော်သ
မီး တော်တို့ကိုက် ကျေး ခံသနား တော် မူသည့်မြို့ရွာလည်း ရှိသည်၊ သေနတ်စု သွေး
သောက်စုမြင်း စုဒိုင်း စုလမိုင်း လယ်လုပ်စုအာဏာအစို့စုအမှုထမ်း တို့လည်း ရှိ
သည်၊ ခင်မမင်း သား တော်သမီး တော်တို့ကအသုံး တော်အလို တော်ရှိ၍ ခင်မ
မင်း ဝန်တို့မှာဆင့်ကဲ တောင်း ဆိုလျှင်လည်း ဆိုင်ရာပြန်ဆိုဆင့်ကဲ၍ဆက်သွင်း ရ
သည်၊ ခင်မမင်း တွင်ဆိုင်ရာအမှု တော်ကိုလည်း ကုန်တွင် ပြေလည် အောင် စီရင်ခန့်
ထား စိမ့်မည်ခန့် တော်မူသည်၊ ခင်မမင်း သား တော်သမီး တော်တို့ကိုသနား
တော်မူသည့်တံ ကျေး ခံမြို့ရွာများ မှာအခွန် ရေး စစ်ချိန်ကာလ ရောက်လျှင်လည်း
သွေး သောက်စုမြင်း စုကျွန် တော် မျိုး ဆိုင်ရာအမှုထမ်း တို့အလှည့်အလဲ မှန်ကန် အောင်
အခွန် ရေး စစ်ချိန်ကာလ ရောက်လျှင်လည်း သွေး သောက်စုမြင်း စုကျွန် တော်မျိုး
ဆိုင်ရာအမှုထမ်း တို့အလှည့်အလဲမှန်ကန် အောင်အခွန် ရေး စစ်ရန်စာရင်း နှင့်
ဆက်သွင်း ၍ ခန့်ထား ရသည်၊ အသုံး တော်ခံမြို့ရွာများ မှာမြို့ကိုင်ရွာကိုင်ကွမ်း
ဘိုး တော်ယိန်း ခန့်သူတို့သုံး နှစ် စေ့လျှင်လည်း သွေး သောက်စုမြင်း စုကျွန် တော်
မျိုး တို့တွင်အမှု တော်ကိုမမြတ်မလပ်ထမ်း ရွက်သသူတို့ကို ရွေး ချယ်၍မြို့ကိုင်ရွာကိုင်ကွမ်း
ဘိုး ယိန်း ဆိုင်သင့်ရာစာရင်း ရန်တား ၍ဆက်သွင်း ပြီး လျှင်အမိန့် တော်ကိုဦး
ထိပ်ရွက်၍ ခန့်ထား ရသည်၊ ကံ ကျေး တော် ခံမြို့ရွာများ တဘို့ တော်ခွန် တော်ကွမ်း
ဘိုး တော်အရာ တော် ရေး စစ်ဆက်သွင်း လျှင်လည်း မည်သည့်မြို့ရွာကအခွန် တော်
မည် မျှကွမ်း ဘိုး တော် မည် မျှဆိပ်တည်ပွဲအ ကောက်အစား စီး ပွါး တော်ဘဏ္ဍာ တော်
မည် မျှစာရင်း ကျယ်စာရင်း ချုပ်နှင့်စာ ရေး တို့ကို နေ့လသက္ကရာဇ်မှတ်သား ၍
သေချာ အောင်ဆက်သွင်း မြဲဆက်သွင်း စေ၊ ဘို့ တော်ခွန် တော်ကွမ်း ဘိုး တော်စီး

(21 June 1814)

ပွဲ ဘဏ္ဍာ တော်သွင်း စာရင်း ကိုလည်း စာရေး ကြီး တို့တွင် သေချာ အောင် မှတ်သား ထား စေ၊ သို့များ ကိုအမြဲနှလုံး သွင်း၍ ခင်မမင်း မှစ၍သား တော် သမီး တော်တို့ကိုသနား တော်မူသည့်ကျွန် တော်မျိုး အမှုထမ်း တို့ကိုအမှု တော်ကိုထမ်း တုန်နိုင် အောင်မစေ၊ ကျွန် တော်မျိုး တို့တွင်တရား စကား အရှက်အတင် ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပပြောက် အောင်ဂတိသို့မလိုက် ဖြောင့်မတ်စွာစီရင်။

(21 June 1814)

(ဆန္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၂ နှစ်အဋ္ဌာရသမိမာသ် သုဒ္ဓဒိန် ၁၁၇၆ ဝါဆိုလပြည့် ကျော် ၉ ရက် နေ့ ဝန်ရှင် တော် ကောင်း တုံမင်း ကြီး မှာ ဝန် ထောက် တော်မင်း ရွှေ တောင် နော်ရထာ ရွှေကအမိန့် တော် ရေး ပုံဒိုသူ မှတ်ချက်အလွှာပြန်တမ်း လွှာကိုနား ခံ တော်မင်း ဇေယသင်္ခ်တွင်ပြန်။)

(မျိုး ကြည့်၊ ပု၊ ၆၂၂)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရားကြီး အမိန့်တော်
ရှိသည်၊ နန္ဒကျော်သူ၊ ကော်တော်ရန္ဒမိတ်တို့ကိုအတွင်း ဝန်တို့တွင် ထောက်မစီရင်
၍နေသား ခံတို့ဆက်သွင်း သည့်စာကိုဆက်သွင်း စိမ့်မည်ခန့်ထား တော်မူသည်၊ သို့ခန့်
ထား တော်မူကြောင်း လည်း နန္ဒကျော်သူ၊ ကော်တော်ရန္ဒမိတ်တို့သည်ခမည်း
တော်ဘုရား နေ့တော်ပါကျွန်တော်ရင်း ဖြစ်၍ ကျေးဇူး သစ္စာ တော်နှစ်
ပါး ကိုစောင့်သိရို သေစွာ ရွှေနန်း ရွှေဘုံတွင်ကာလအရှည်မြဲစွဲထမ်း ရွက်ရသည့်
အတွင်း သံ တော်ဆင့်ခန့် တော်မူ၍လည်း အတွင်း ဝန်တို့တွင်ဆင့်ဆိုစီရင်ရသည်၊
ရွှေနန်း ဝိုး အတွင်း မှုထုံး စံကိုလည်း သိမှီကျွမ်း ကြင်သသူ ယုံမှတ်ထနား တော်မူ
သည့်ကျွန်တော်မျိုး ဖြစ်သောကြောင့် အတွင်း ဝန်တို့တွင်အထောက်အမခန့်တော်
မူသည်၊ အတွင်း ဝန် ထောက်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်
ရွှေနန်း ဝိုး ထုံး စံရှိသည်နှင့်အညီအတွင်း တော်တွင်စီရင်ပြန်ဆိုခင်း ရှိသမျှအ
လုံး စုံကိုကုန်တွင် ပြေလည် အောင်အတွင်း ဝန်တို့ခန့်ထား စီရင်ပြန်ဆိုဆင့်ကဲရသည်၊
ဝန်တို့တနား ခံတို့တွင်ဆက်သွင်း သည့်ပြည် ရေး ရွာမှုအရပ်ရပ်စကားများ ကိုလည်း
မည်သို့ဆက်သွင်း သည့်စတား အရ မည်သို့ဖြစ်သည်အတက်တကြမ်စတား သာနည်း တူ
ဆက်သွင်း ရာတွင်အမိန့် တော်ပြန်ဆိုပြီး အတွင်း ဝန်တို့ကိုပြသ၍အစီရင်ခံသင့်သည်
အရာ မေး မြန်း တော်မူလျှင်သံ တော်ဦး တင်ရမည့်အကြောင်း များ နှင့်သတိဝိ
ရိယပြု၍ ထောက်မလျှံ့ဆောင်ရမည်၊ ရွှေနန်း ရွှေဘုံ[illegible]သည့်အိပ်ဘန်နှင့်မြဲစွဲထမ်း
ရွက်ရသည့်၄၀၊ ၅၀၊စား တော်တွမ်း ရေကိုင်၊အဆောင်မြဲ၊အမတ်လုပျို၊မြေနန်း ဝန်း
ကျင် သေနတ်၊သွေး သောက်ကြီး မှစ၍တိုက်စိုး တိုက်စာရေး အတွင်း တော်တွင်ထမ်း
ရွက်သမျှအမှုတော်ထမ်း တို့ကိုလည်း မှန်တန် အောင်ထမ်း ရွက်သည်မထမ်း ရွက်သည်
များ ကိုဆိုင်ရာဆင့်ဆို၍ မှန်တန် အောင်ဆင့်ဆိုတမ်း ရွက်ကြစေ၊ အမှုတော်ကိုအရှည်
ထမ်း ၍ဆိုင်သင့် လျောက်သနား တော်မခံရသသူတို့ကိုလည်း မှတ်သား ၍အတွင်း ဝန်
တို့ကိုအစီရင်ခံရမည်၊ သို့များ ကိုနှလုံး သွင်း ၍အတွင်း ဝန်တို့ကို ထောက်မလျှံ့ဆောင်
ဆင့်ကဲစီရင်ရမည်။

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ၃၂နှစ်အဋ္ဌာရသမိမာသ်

(21 June 1814)

(21 June 1814)

သုဒ္ဓဒိန်၃၀၄ ဝါဆိုလပြည့်ကျော် ၉ရက် နေ့ဝန်ရှင် တော် တောင်း တုံမင်း ကြီး မှာ ဝန် ထောက် တော်မင်း ရွှေ တောင် နော်ရထာ ရှေ့ကအမိန့် ကော် ရေး ပုံ့ချိုး မှတ်ချက်အလွှာပြန်တမ်း အလွှာ များ နှင့်အစီရင်ခံ၍လွှတ် တော်ဖွန်း စင်အတွင်း မှာပြန်တမ်း လွှာကိုနား ခံ တော်မင်း ဇေယသင်္ခတွင်ပြန်)။

(မြိုး ကြည့်၊ ပု၊ ၆၂၂)

(21 June 1814)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာယခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ စည်သူသခ်ယာကိုတရား သူကြီး ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း စည်သူသခ်ယာသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရှိ သေစ္စာလွှတ် တော်တွင်အမိန့် တော်ရ ရွှေ နေခန့် တော်မူယည့်အတိုင်း ထမ်း ရွက်၍ကာလအရှည် ရှိသည်၊ ရွှေသို့လည်း ခန့် တော်မူသမျှအမှု တော်ကိုကုန်တွင် အောင်ထမ်း ရွက်မည့်သူ ယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့်တရား သူကြီး ခန့် တော် မူသည်၊ တရား သူကြီး ဆိုသည့်အရာသည်ငါအသျှင်ကေရာဇ်မင်း မြတ်တို့တွင်ရာဇဌာ နီမင်း နေ ရွှေပြည် တော်ကြီး ဖြစ်၍ကျွန် တော်မျိုး အ ပေါင်း တို့သည်ထ ယောက်ကိုတ ယောက်မနှိပ်မစက်ရဆုံး မကွပ်ညှပ်စီရင်ရသည်၊ စကား အရွက်အတင်ရှိလျှင်တရား မမှသက်နှင့်အညီစစ် ကြော စီရင်စိမ့်မည်၊ တရား ရုံး တော်တွင်တရား သူကြီး ခန့် နှစ် ယောက်ခန့်ထား ၍ စီရင် စေယည်၊ ကျွန် တော်မျိုး ဆင်း ရဲသား တို့တရား စ ကား အရွက်အတင်ရှိ၍တရား သူကြီး တို့မှာအစီရင်ခံလာလျှင်မနုဓမ္မသတ်ကိုကိုင်၍ စီရင်၊ မတွေ့လျှင်မနောသာရ ရွှေမျဉ်း ဆေး စောင်တွဲကိုကိုင်၍စီရင်၊ မတွေ့ လျှင် ဘေး ဗလောင်း ဘော်မင်း တရား လက်ထက် တော်ကိုင်း စား မနုရာဇာတို့ စီရင်တုံး သို့လိုက်ဘြ၍ စီရင်ထုံး စီရင်နည်း ရှိသည့်အတိုင်း စီရင်၊ တရား မဖြစ်တန် မဖြစ် လောက်သည့်အမှုအခင်း ကိုအမှုသည်တို့ မောဟဂတိသို့လိုက်၍အစီရင်ခံလာ သော် လည်း မစစ်မကြောမစီရင်နှင့်၊ အကျိုး အကြောင်း ကိုပြသ ပြောဆိုရမည်၊ သို့မှား ကိုအမြဲနှလုံး သွင်း ၍တံ စိုး သုံး ပါး ဂတိ လေး ပါး သို့မလိုက်ဓမ္မသတ်စာ ဟောင်း စီ ရင်ထုံး ရှိသည့်အတိုင်း တရား ကိုနား လည်ယည်နှင့်အညီ တော်တည့် အောင် ဖြောင့် မတ်စွာစီရင်။

(21 June 1814)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၂ နှစ်အဌာရသမိမာသီ သူဒ္ဒိန် ၃ဂ၄ ဝါဆိုလပြည့် ကျော် ၉ရက် နေ့ဝန်ရှင် တော် ကောင်း တုံမင်း ကြီး မှာ ဝန် ထောက် တော်မင်း ရွှေ တောင် နော်ရထာ ရွှေတအမိန့် တော် ရေး ပုံ့ချိသူ မှတ်ချက်အလှာပြန်တမ်း အလှာ များ နှင့်အစီရင်ခံ၍လွှတ် တော်ကွန်း စင်အတွင်း မှာပြန်ထမ်း လှာကိုနား ခံ တော်မင်း ဇေယယခ်တွင်ဖြန်)။

(မျိုး ကြည့်၊ ပု၊ ၆၂၂)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သော ရေ မြေ့အရှင်ဆဋ္ဌန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ရာဇထိန်း မှတ်ကိုအနောက်ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူ ကြောင်း လည်း ရာဇထိန်း မှတ်သည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိ ရို သေ စွာအမှု တော်ကို ဖြောင့် ဖြောင့်ဖုံး ဖိုး ထမ်း ရွက်သည် ရှေ့သို့လည်း ခန့်တော် မူသမျှအမှုတော်ကိုမ သွေမဖည်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန်တော် မျိုး ဖြစ် သော ကြောင့်အနောက်ဝန်ခန့်တော်မူသည်၊ အနောက်ဝန်ဆိုသည့်အရာ သည်ငါအရှင်ဧကရာဇ်မင်း မြတ်တို့တွင်အနောက်အတွင်း တော်ကအသုံး တော်အလို တော်ရှိ၍ဆင့်ကဲ တောင်း ဆိုသမျှကိုဆိုင်ရာပြန်ဆိုဆင့်ကဲ၍ဆက်သွင်း ရသည်၊ ၎င်းအနောက် ရုံး တော်တွင်လည်း သွေး သောက်စုမြင်း စုရုံး စေမှစ၍သူငယ်တော်သပေါက် တော်ကြေး ဘဏ္ဍာနွား ဘဏ္ဍာအရပ်ရပ်အစုအငန်း နှင့်ဆိုင်ရာအမှုတော်ကို နေ့ စဉ်လစဉ်မပြတ်ထမ်း ရွက်ရသည်၊ ၎င်းအနောက်အတွင်း တော် ထောင်ဝင်း အောက် အိမ်များ နှင့်မသင့်မတင့်လှည်း ခါသုတ်သင်ရှင်း လင်း ရန်ရှိလျှင်လည်း အနောက် ဝန်တို့မပြတ်ဝင်ထွက်ကြည့်ရှု ဆော်ဘန်စီရင်ရသည်၊ အနောက်အတွင်း တော်တွင်အိပ် လှည့်အိပ်ဘန်အစောင့်အနေနှင့်ထမ်း ရွက်ရသည့်သူငယ်တော်သပေါက်တို့နှင့်အရပ် ရပ်အမှုထမ်း တို့ကိုနှိုး ဆော်မပြတ်စောင့်နေထမ်း ရွက်စေရမည်၊ သို့များ ကိုအ မြဲနှလုံး သွင်း၍အမှုတော်ကိုပြီး ပြေကုန်တွင်လွယ် အောင်နှိုး ဆော်စီရင်၊ ၎င်းအနောက် ဝန်တို့စီရင်နက်အမှုထမ်း တို့ကိုအမှုတော်ကိုထမ်း ကုန်နိုင် အောင်မစ၊ ၎င်းအနောက် ဝန်စီရင်နက်အမှုထမ်း တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စ ကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင်ဂတ်သို့မလိုက်ညီညွတ်စွာစီ ရင်။

(21 June 1814)

(ဆဋ္ဌန်ဆင်မင်း ဘခင်မင်း တရား ကြီး နန်း စံ ၃၂ နှစ်အဌာရသမဲမသ် သုဒ္ဓဒ်န် ၃ဂ၄ ဝါဆိုလပြည့်ကျော် ၉ ရက် နေ့ဝန်ရှင် တော် ကောင်း တုန်မင်း ကြီး မှာ ဝန် ထောက် တော်မင်း ရွှေ တောင် နော်ရထာ ရှေ့ကအမိန့် တော် ရေး ပုံချိုသူမှတ် ချက်အလှာပြန်တမ်း အလှာ များ နှင့်အစီရင်ခံ၍လွှတ် တော်ကွန်း စင်အတွင်း မှာ ပြန်တမ်း လှာကိုနား ခံ တော်မင်း ဇေယသိခ်တွင်ပြန်)။

(မျိုး ကြည့်၊ ဝု၊ ၆၂၂၊ သုရိယ၊ တွဲ၁၄၊ မှတ်ရ၊ စက်တင်ဘာ ၁၉၃၀ မျက် ၂၄)

င ပြေငယ်သည် မဟုတ် မမှန်ငါအသျှင်တေရာဇ်မင်း မြတ်ကို လျှောက်ထား သူဖြစ်သည်၊ ရွှေမြို့တော်မှာ မနေ စေနှင့်၊ သင်း ပိုင်ထိုက်သည့် ပစ္စည်း ဥစ္စာနှင့်တကွ မြို့တော် ကအလွတ်သို့ထွက်သွား ပြောင်း နေ စေ။

25 January 1815

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး) နန်း စံ ၃၃ နှစ်အဓွာရသမ် မာသ်ပြိုပြ်း နောက်သုဒ္ဒ ဒိန် ၆ဝ၂တ ပေါင်း လဆန်း ၂ ရက် နေ့ညနား ခံ ပြော ကြီး မှူး ထွင်ပြန်။

(တင်မောင်ကြည် ပုရပိုက်)

မြေး တော်ပုခန်း မင်း သမီး မှာပုံ ရှိုးသိဂိုဏ်ကို ရာဇ ဝေဠုနှင့်ဘက်၍ပြင်ဝန်၊ နရာပုံ ရှိုကိုနရာသိဟနှင့်ဘက်၍အတွင်း ဝန်ခန့်။

25 January 1815

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်း စံ ၃၃ နှစ်အဌာရသမ် မာသ်ပြီး နှောက်သူဒ္ဒီနံ ၆ဝ၂တ ပေါင်း လဆန်း ၂ရက် နေ့ ဇေယ နေ်ရထာ တွင်ပြန်။

(တင် မောင်ကြည် ပုရပိုက်)

သမီး တော်မကွေး မင်း သမီး သီဟိုဠ်လ ဒေဝီကကုန်သည်မှာထွက် တော်မူခန်း ပါသော်လည်း ထွက် တော်မမူပြီ၊ အိမ်ရှေ့မင်း ထွက်၍ မင်း ညီမင်း သား မြေး တော်မတ် တော်တို့ ကောင်း မွန်လှပ အောင်သဂြိုဟ် စေ၊ အလုပ်အ ဆောင်အခန်း အနား ပြီး ပြေလျှင်ယခု နေ့သဂြိုဟ် စေ။

12 June 1815

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၃နှစ်အ၄၁ရသမိ မသယ်)သူမိ ဒိန်ရ၄၀ဝါဆိုလပြည့်ကျော်၅ရက် နေ့နား ခံ ကျော်ထင်ရာဇာသူတွင် ပြန်။

(တက်ဗဟို၄၅၂၁၇)

သမီး တော်ယောမြို့စား မင်းသမီး သီရိမင်္ဂလာ ဒေဝီကကုန်သည်မှာသမီး
တော်ရွှေကူမြို့စား မင်းသမီး သီရိရတနာ ဒေဝီကကုန်သည်တွင်သဂြိုဟ်သည့်နည်း
သဂြိုဟ်တော်မူမည်၊ အခန်းအနား ခန့်ထား စီရင်ရန်ရှိသမျှကိုပြီး ပြေအောင်
လုပ်ဆောင်စီရင်စေ၊ သမီး တော်ယောမြို့စား မင်းသမီး သီရိမင်္ဂလာ ဒေဝီ
ကကုန်ရာ မှာသဂြိုဟ်တော်မူသည်တွက်တော်မူခန်း ပါသော်လည်း ထွက်တော်မမူ
ပြီ၊ အိမ်ရှေ့မင်း ထွက်၍ မင်းညီမင်းသား မှူး တော်မတ်တော်တို့နှင့် တောင်း
မွန်လှပအောင်သဂြိုဟ်စေ၊ အလုပ်အဆောင်ပြီး ပြေလျှင်ယခုနေ့သဂြိုဟ်စေ။

4 August 1815

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး) နန်း စံ၃၃နှစ်အဋ္ဌာရသမ
မာသိသုဒ္ဓိဒိန်ရ၉၃ တော်သလင်းလဆန်း ၁၃ရက်နေ့နား ခံ ကျော်ဆင်ရာဇသူ
တွင်ပြန်။
(တက်ဗဟို ၄၅၂၁၇)

နေ့ရက်နှစ်လဥပုသ်ပဝါရဏာဝါဆိုဝါကပ်အခေါ်အဝေါ်အမှတ်အသားအသုံးအဆောင်များမှာလည်း နှစ်ပေါင်း ၂၀ ကျော်ပုံတော်ဗေဒင်အဓိမာသ်နက္ခတ်များကိုပြုသတော်မူသည်ကိုနားလည်သူမရှိ၊ မသိမတတ်နိုင်ကြဖြစ်သည်၊ နားလည်သူမရှိ၊ မသိမတတ်နိုင်ကြဖြစ်ကလည်း နောင်ကာလအရှည်အမှန်အကန် ခေါ်ဝေါ်မှတ်သားသုံးဆောင်နိုင်ကြမည်မဟုတ်၊ ပုံတော်ဗေဒင်အဓိမာသ်နက္ခတ်များကိုစွဲလမ်း၍ မခေါ်မဝေါ်မမှတ်မသားမသုံးမဆောင်ကြစေနှင့်၊ ရှေးအစဉ်ခေါ်ဝေါ်မှတ်သားသုံးဆောင်မြဲအတိုင်း ခေါ်ဝေါ်မှတ်သားသုံးဆောင်ကြစေ။

2 September 1815

(ဆန္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ ၃၃ နှစ်အဋ္ဌာရသမ်မာသ်သုဒ္ဒိန်) ဂ၂၂ သတင်းကျွတ်လဆန်း ၁၂ ရက်နေ့နားခံကျော်တင်ရာဇာသူတွင်ပြန်။

(<u>အုပ်ချုပ်ပုံ</u>၊ တ၊ ပိုဒ်၃၉၄၇၊ စ၁၂၆)

ရွှေမြို့တော်မြို့ဆောင်မြို့ထိပ်သူရဲမိုးမှူး တွင်အင်း အိုင်မြှုပ်ထား သမ္မသည်မကောင်း သည့်အရာဖြစ်သည်၊ ထား ရင်း အင်း အိုင် ကျောက်ဂူနှင့်ထတွရ အောင်တူး ရှာမြစ်ဆုံမှာချစေ၊ ထား တော်မူသည့်ငတောင်သမန်၊ ငတောင်ကြီး ၊ ငတောင်မြင့် ငတောင်ပြူး တို့ကိုနတ်ဘီလူး လေး ယောက်နတ်ရုပ်ကိုသာ ဌ်မြဲ ရှိစေ၊ နတ်ရုပ်နတ်ဂူ အောက်တွင်အင်း အိုင်အမြှုပ်အနှံ့ ရှိလျှင်လည်း ရ အောင်တူး ယူဖျက်သိမ်း ရှာမြစ်ဆုံမှာချစေ။

17 September 1815

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်း စံ ၃၃ နှစ်အဌာရသမ် မာသီသုဒ္ဒဒိန်ဂ၃ရသတင်း ကျွတ်လပြည့်ကျော် ၁၂ ရက် နေ့နား ခံ ဇေယ နေဘ်ရထာတွင်ပြန်။

(မြီး ကြည့်၊ ပု၊ ၆၃၀၊ အုပ်ချုပ်ပုံ၊ တ၊ ပိုဒ်၃၉ရ၄၊ စါ၁၂၉)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ရာဇနန္ဒကျော်ကိုအတွင်း ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူ ကြောင်း လည်း ရာဇနန္ဒကျော်သည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို သေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက်သော ကြောင့်အဆောင်အရွက်အထိုက်အလိုက်သနား ပြုစုတော်မူ၍သံ တော်ဆင့်အရာနှင့် အတွင်း တော်မှာဆင့်ကဲစီရင်ရသည်၊ အတွင်း မှုပြင်မှုမှစ၍အလုံး စုံကိုလည်း ကျွမ်း သိနား လည်သသူအထူး သဖြင့်ယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သော ကြောင့်အတွင်း ဝန်ခန့်တော်မူသည်၊ အတွင်း ဝန်ဆိုသည့်အရာသည်ငါအသျှင်ဘု ရားမင်း မြတ်တို့တွင်အတွင်း တော်စီရင်ဘွယ်စီရင်ခြင်း မှစ၍ပြည်ရေး ရွာမှု အလုံး စုံကိုကုန်တွင် ပြေလည် အောင် လျှောက်ထား မြန်ဆုံစီရင်ရသူဖြစ်သည်၊ ဓမ္မ ဝတ်ရာဇဝတ် လောကဝတ်အကြောင်း သုံး ပါး ကိုကျွမ်း သိနား လည်သည့်နှင့်အညီ ရွေး အတွင်း ဝန်တို့စီရင်ခန့်ထား သည့် ရွှေနန်း ရိုး ထုံး စံကို ယောက်၍ခန့်ထား စီရင်။

17 November 1815

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ ၃၃ နှစ်အဋ္ဌာရသမ မာသ်သူဒ္ဒိန်ဂ၉ဂနတ် တော်လပြည့်ကျော် ၁၃ရက် နေ့လွှတ် တော်ကွန်း စင်တွင်း မှာနား ခံ တော် ဇေယသိမ်သူတွင်ပြန်။

(မြိုး ကြည်၊ ပု၊ ၆၂၂၊ သုဂိုယ၊ တွဲ ၁၄၊ မှတ် ၁၊ မတ် ၁၉၃၀၊ စာ၆၅-၆)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်၊ မင်းလှနော်ရထာကို ဝန်ကြီးခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း မင်းလှနော်ရထာသည် ကျေးဇူးသစ္စာတော်နှစ်ပါးကို စောင့်သိ၍ သစ္စာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုးကြီး စား အား ထုတ်စိတ်ပါကိုယ်ပါ ထမ်းရွက်သည့် ကျေးရင်းကျွန်ရင်းဖြစ်သောကြောင့် အမည်နေရာအထိုက်အလိုက် သနားပြုစုတော်မူသည်နှင့်အညီအတွင်း မှုပြင်မှုမှစ၍ ခပ်သိမ်းသော စီရင်ခင်း စီရင်ဘွယ်အလုံး စုံကိုကျွမ်း သိနား လည်သသူအထူး သဖြင့်ယုံမှတ်သနား တော်မူသည့် ကျွန်တော်မျိုးဖြစ်သောကြောင့် မင်းညီမင်းသားမှူး တော်မတ်တော်ကျွန်တော်မျိုးအပေါင်းတို့တွင်ထမ်း ရည်ရွက်ရည်ကို ရွေး ချယ်စီစစ်တော်မူ၍ အဂ္ဂမဟာ သေနာဓိပတိအချုပ်ကြီး အကိုင်ကြီး တို့အရာနှင့် ဝန်ကြီးခန့်တော်မူသည်၊ ဝန်ကြီး ဆိုသည့် အရာသည် ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင် ရာဇဓာနီ ရွှေပြည်တော်ကြီး မှစ၍ အခြံအရံများ သောတိုင်း နိုင်ငံအနီး အဝေး ပြည်ရေး ရွာမှခပ်သိမ်း သော စီရင်ဘွယ်စီရင်ခင်း အလုံး စုံကို ထောက်မြှော်၍သာသနာတော်ထွန်း ပပွင့်လင်း ကြောင်းအကျိုး စီး ပွါး တော်များ ၍သား တော်အစဉ် မြေး တော်အဆက်တိုင်း ကါး နိုင်ငံတော်စည်ပင်သာယာကြောင်း များ ကိုအမြဲနှလုံး သွင်း ၍ ဓမ္မဝတ်ရာဇဝတ် လောကဝတ်အကြောင်း သုံး ပါး ကိုကျွမ်း သိနား လည်သည်နှင့်အညီ ရွေး အဂ္ဂမဟာ သေနာပတ်ဓိပတ်အင်ကို ထောက်၍ ဝန်တို့နှင့်ညီညွတ်စွာခန့်ထား စီရင်။

23 November 1815

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၃ နှစ်အဋ္ဌာရသမံသ် သုဒ္ဒိန် ၉၀၄ ပြာသိုလဆန်း ၄ ရက် နေ့နား ခံ တော် ဇေယသိဒ်သူကွန်း စင်တွင်း မှာပြန်။

(မှီး ကြည့်၊ ပု၊ ၆၂၂၊ <u>သူရိယ</u>၊ တွဲ ၁၄၊ မှတ် ၁၊ မတ် ၁၉၃၀၊ စာ ၆၅)

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ရွှေတောင်ရန္တကျော်သူကိုလက်ယာဝင်းမှူး ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း ရွှေတောင်ရန္တကျော်သူသည် ကျေးဇူးသစ္စာတော် နှစ်ပါးကို စောင့်သိဖို့ သစ္စာခန့်ထား တော်မူသမျှအမှုတော်ကို ဖြောင့်ဖြောင့် ဖုံးဖိုး ကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါထမ်း ရွက်သည့် ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကိုမ သွေမဘည်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သောကြောင့်လက်ယာဝင်းမှူး ခန့်တော်မူသည်၊ လက်ယာဝင်းမှူး ဆိုသည့်အရာသည်ပါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်သူရဲသူခက်ထား စွဲကိုယ်ရံ တော်လက်နက်ကိရိယာအစုံနှင့်ရာဇဝတ်တော်အရေး အကြောင်း မြဲမြန်ခိုင်လုံ အောင်ဝင်းတော်တမျက်နှာတွင်ညည့် နေ့ဆိုင်ရာတန်း နှင့် စောင့် နေထမ်း ရွက်ရသည်၊ သင်း မှူး ဒိုင်း မှူး သူရဲတပ်မှူး တောင်ဟန်မှူး မှစ၍ ခေါင်း စကြီး အဝန်း ငယ်သား တို့ကို အပ်လှည့်အိပ်ဘန်မှန်တန် အုပ်ဆိုင်ရာခန့်ထား တော်မူသည့်အတိုင်း မပြတ်စစ် ကြောစ်ရင်ရသည်၊ ဝင်း တော်တွင်ထား စွဲကိုယ်ရံ တော်၊ ခေါင်း စကြီး အဝန်း ငယ်သား တို့ကိုလည်း ဆိုင်ရာတန်း တွင်ညည့် နေ့ စောင့် နေထမ်း ရွက်ကြစေ၊ မဆိုင်သည့်အစုသား တို့ကိုငါး ယောင်၍မထမ်း မရွက် စေနှင့်၊ ထား စွဲကိုယ်ရံ တော်တို့ကိုလည်း သောက်ယစ်စား ဝခွက်ပွဲ ရန်ပွဲ မရှိ စေနှင့်၊ တန်း တွင်မီး ထင်း လုံခြုံ အောင်နိုး နိုး ကြား ကြား စောင့် နေအိပ် အောင်တည ည့်သုံး ယံဝင်း မောင်း ခတ်၍တာကျအတိုင်း နှိုး ဆော်စေ၊ ထား ဆွဲကိုယ်ရံ တော် ခေါင်း အကြီး အဝန်းငယ်သား တို့ကိုအမှုတော်ကိုထမ်း ကုန်နိုင်၍လုပ်စား ဆောင်စား ဖြစ် အောင်မစ၊ ထား စွဲကိုယ်ရံ တော်တို့တွင်တရား စကား အရှက်အတင်ဖွဲ့လျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင် ဂတိသို့မလိုက်ညီညွတ်စွာ စီရင်၊ လက်ဝဲဝင်း မှူး ကိုလည်း ငှင်း ပြန်တမ်း နည်း အပ်ရသည်ဘုရား ။

(23 November 1815)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၃ နှစ်အဋ္ဌာရသမ်မာသ် သုဒ္ဓဒိန် ၉၀၄ပြာသိုလဆန်း ၄ရက်နေ့နား ခံ တော် ဇေယျသိခ်သူကွန်း စင်တွင်း မှာပြန်)။

(မိုး ကြည့်၊ ပု၊ ၆၂၂)

ဘုန်း တော်ဘလွှန်ကြီး မြတ်တော်မူလှသော ဧရ မြေအချင်သဒ္ဒန်ဆင်မင်း သခင် လက်နက်စကြာအချင်တဝ ရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်၊ လက်ဝဲ ဇေယသူကို နေဘက်ဝင်း မှူး ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်း လည်း လက် ဝဲဇေယသူသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကိုစောင့်သိရှိ သောစ္စာခန့်ထား သမျှ အမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်စိတ်ပါကိုယ်ပါထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမှုတော်ကို မသွေမဘည်ထမ်း ရွက်မည့်သူဟုံ မှတ် သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သော ကြောင့် နေဘက်ဝင်း မှူး ခန့်တော် မူသည်၊ ဝင်း မှူး ဆိုသည့်အရာသည် ငါအချင်ဧကရာဇ်မင်း မြတ်တို့တွင်သူရဲသူခက် ထား စွဲကိုယ်ရံ တော်လက်နက်ကိုင်ယာ စုံနှင့်ရာဇဝတ်အရေး အကြောင်း မြို့ခိုင် လုံအောင်ဝင်း တော်တမျက်နှာတွင်ညည့်နေ့ဆိုင်ရာတန်း နှင့် စောင့်နေထမ်း ရွက်ရသည်၊ (ရွှေနန်း ရွှေဘုံတွင်လည်း ၄၀၊ ၅၀စား တော်ထွမ်း ရေကိုင်အ ဆောင်တော်မြဲအမတ်ကျေး စား ရွာစား၊ လုပို့၊မြေနန်း ဝန်း ကျင်သေနတ်၊ သွေး သောက်ကြီး)သင်း မှူး၊ ဒိုင်း မှူး၊ သူရဲတပ်မှူး၊ တပ်တောင်ဟန်မှူး၊ (အမြောက်မှူး) မှစ၍ ခေါင်း စကြီး အဝန်း ငယ်သား တို့ကိုအိပ်လှည့်အိပ်ဘန်မှန်တန် အောင်ဆိုင်ရာ ခန့်ထား တော်မူသည့်အတိုင်း မပြတ်စစ်ကြောစီရင်ရသည်၊ ဝင်း တော်တွင်ထား စွဲကိုယ်ရံ တော် ခေါင်း စကြီး အဝန်း ငယ်သား တို့ကိုလည်း ဆိုင်ရာတန်း တွင်ညည့်နေ့ စောင့်နေတမ်း ရွက်ကြစေ၊ မဆိုင်သည့်အစုသား တို့ကိုငါး ထောင်၍ မထမ်း မရွက် စေနှင့်၊ ထား စွဲကိုယ်ရံ တော်တို့ကိုလည်း သောက်ရစ်စား ဝန်ခိုက်ပွါး ရန်ပွါး မရှိ စေနှင့်၊ တန်း တွင်လုံခြုံအောင်နိုး နိုး ကြား ကြား စောင့်နေအိပ် အောင်တညည့် သုံး ယံဝင်း မောင်း ခတ်၍တာဂျအတိုင်း နှိုး ဆော်စေ၊ ထား စွဲကိုယ်ရံ တော် ခေါင်း စကြီး အဝန်း ငယ်သား တို့ကိုအမှုတော်ကိုတမံ ကုန်နိုင်၍လုပ်စား ဆောင် စား ဖြစ်အောင်မစ၊ ထား စွဲကိုယ်ရံ တော်တို့တွင်တရား စတား အရှက်အတင်ရှိ လျှင်လည်း ကြီး သည့်စတား ကိုငယ် အောင်ငယ်သည့်စကား ကိုပပျောက်အောင်ဂတိ သို့မလိုက်ညီညွတ်စွာစီရင်။

(23 November 1815)

(23 November 1815)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၃ နှစ်အဋ္ဌာဓိမသည် သုဒ္ဓဒိန် ၉၀၄ ပြ ၁ သို့လဆန်း ၄ ရက် နေ့ ၁း ခံ ရဇာယသိ်သူ ကွန်း စင်ထွင်း မှ ၁ ပြန်)

(မျိုး ကြည့်၊ ပု၊ ၆၂၂)

4 January 1816

ထုပါရုံဘုရား ခရားသီး ယိုယွင်း ပျက်စီး သည်ကိုပြင်လုပ် တော်မူမည်၊ ငြမ်း လုပ်
15 February 1816
စေ၊ စကိုင်း အောင်မြေ လောကဘုရား ခရားသီး တင်တ ပေါင်း လပြည့်နေ့
ပွဲတော်နှင့်သကဏ္ဍရထား ကိုယခုကစကိုင်း သို့ပို့၍ ဒိုင်ခန့် အောင်လုပ် ဆောင်ထား
စေ၊ ဟံသာဝတီမြို့မှသီရိရာဇနော်ရထာအစား ငကွန်စီကိုအကောက်ဝန်ခန့်၊
သီရိရာဇနော်ရထာကို ရွှေဘဝါး တော် အောက်လာ စေ၊ ရခိုင်အမြောက်ကြီး နှင့်
အမြောက်ညီ နောင်ကိုလည်း ခင်ထိပ်လုပ်၍တင်ထား စေ။

4 January 1816

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်းစံ ၃၃ နှစ်အဌာရသမိမာသ် သုဒ္ဓဒိန် ၉၄ ၆တပို့တွဲလပြည့်ကျော် ၁ ရက် နေ့နား ခံ ကျော်ထင်ရာဇသူတွင်ပြန်။
(ရှေး ဟောင်း သုတေသန)

မလည်ခင်ကြီး တို့ရှာ၍ မလည် ကျောင်း မှာတင်ပြီး လျှင်တပည့်ရဟန်း သာမဏေ လက်ခံ မွေးတား၍ စာပေပို့ချသနေစေ၊ တောင်နန်း တော်မြောက်နန်း တော်ဝဲပြင်အမွှမ်း မှာ ရွှေ၂စုအနီတစုချစေ၊ အလှူတော်သဇင်ထီး တံခွန်များ ကိုပုထိုး တော်ကြီး ဘုရား စက်တော်ရာဘုရား ရှင်ဖြူဘုရား မဟာနဗာဒီ၂ စန္ဒမုနိဘုရား သီဟတောဘုရား **သကျ** မုနိဘုရား မဟာမုနိဘုရား ဆင်ကြူး ရွှေဂူတုရား ရွှေထွန်အုပ်ဘုရား ရွှေစတား ဘုရား ရွှေလင်း ပင်ဘုရား ဂူကြီး ဘုရား ရွှေဆပ်သွား ဘုရား အောင်မြေ လောကဘုရား စွယ်တော်စင်ဒကြို ဏသာခါဘုရား ရှင်များ မှာထီးတံခွန်စီလှူဒါန်း စေ။

6 January 1816

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်း စံ၃၃နှစ်အဒ္ဓါရသမ် မာသိသုဒ္ဓဒိန်၉၄၀တပို့တွဲလပြည့်ကျော်၃ရက် နေ့နား ခံစမြောင်မှုး ထွင်ပြန်။
(ရွှေ့ ဟောင်း သုတေသန)

18 January 1816

18 January 1816

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်း စံ ၃၃ နှစ်အဋ္ဌာရသမိမာသိ
သုဋ္ဌဒိန် ဇြဖ၀တ ပိုဗ္ဗလပြည့် ကျော် ၁၅ ရက် နေ့ စန္ဒရမာသအဘိ ၁၃၀ စေ့သည့် နေ့
ညည့်တတိယံအကုန်တွင်အာ မြောက်သံ ပေး စေ။
(ရှေး ဟောင်း သုတေသန)

18 January 1816

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ ကမ္ဘာ့ဓမ္မတာ နေလနက္ခတ်တို့အဓိမာသ်ဖြစ်မြဲသဘောအတိုင်း
အတိတ်အနာဂတ်ပစ္စုပ္ပန်တာလသုံး ပါး ကိုမြင်နိုင် သော ရသေ့တို့ ဟောထား ခဲ့သည်၊
ရာဇမတ္တဏ်ကျမ်း တွင်အဓိမာသ်ရပါး အရေအတွက်ရာဂါဓိပုဏ္ဏမီအနုမတိပုဏ္ဏမီ
၂ ပါး အမ္မဝါသီပုဏ္ဏမီ ၂ ပါး လကွယ် ၂ ထပ် များ ကိုအရိပ်အမြွက်ထွက်ရှိ သော ကြောင့်
အဓိမာသ်ရပါး ကိုသိသာ အောင်ခွဲ ဝေပိုင်း ခြား တော်မူသည်၊ အဓိမာသ်ရပါး
တွင် ၃ ရလအဓိမာသ် ၄ ပါး ၌လလွန်တလရက်လွန် ၁၅ ရက်ရှိ သော ကြောင့်ရက်ကိုသာ
ငင်၍လထပ်ရသည် ၃ ရလအဓိမာသ် ၃ ပါး မှာလလွန်မရှိ၊ ရက်လွန်သာရှိ သော ကြောင့်
လမထပ်ရ၊ ရက်ကိုသာငင်ရသည်၊ သောဠသဓိမာသ်မှာ ၃၃ လရက် ပေါင်း ၉၉၀
1 June 1816
ဖြစ် သော ကြောင့်နယုနိလက်ပဋ္ဌမဝါဆိုသမှတ်ပြီး လျှင်နက္ခတ် ၅ လုံး ပါဒ်ပြည့်နာရီ
၁၀၀ တွင် သောဠသဓိမာသ်ပြုသည်၊ နောက် ဒုတိယ ဝါဆိုဝါခေါင် တော်သလင်း သ
တင်း ကျွတ် ၄ လတွင်သာ ၁၅ အသီ ၁ ၌ ရာဂါဓိပုဏ္ဏမီအသီ ၁
၃၀ ၌ကုဟုအမ္မဝါသီအမှန်ဖြစ်သည်၊ ၄ လလွန်လျှင်အနုမတိပုဏ္ဏမီနှံ ဝါလီအမ္မဝါသ်ဖြစ်
5 September 1815
သည်နှင့်သုဒ္ဓဒိန် ၈၂၅ ကန်ရာသီသတင်း ကျွတ်ကစ၍ ၁၅ အသီ ၁ ရာဂါဓိပုဏ္ဏမီရက်
၌ကုဟုအမ္မဝါသ်ဖြစ်၍လ ရေးထောင်အလုံးကွယ်သည်၊ အသီ ၃၀ ဟုအမ္မဝါသ်ရက်၌ ရာဂါဓိ
ပုဏ္ဏမီဖြစ်၍လ ဝန်း ပြည့်သည်၊ တန် ဆောင်မုန်း နတ် တော်ပြာသိုတပို့တွဲ ၄ လတို့၌
လည်း ရာဂါပုဏ္ဏမီရက်မှာကုဟုအမ္မဝါသီပြန်၍ဖြစ်သည်၊ ကုဟုအမ္မဝါသီရက်မှာလည်း
ရာဂါဓိပုဏ္ဏမီပြန်၍ဖြစ်သည်၊ အဓိမာသ် ဘောက်ပြန်ခြင်း သို့ ရောက်သည်ကိုထင်
ရှား သော ကြောင့်အဓိမာသ်ပြုခြင်း ကိုပြု၍ထိန်း မှတ်ရမည်မှာသုဒ္ဓဒိန် ၉၄၅
3 January 1816
တပို့တွဲလ ၁၅ အသီ ၁ နက္ခတ် ၂၂ လုံး ပါဒ်ပြည့်လကွယ်သည်က ၁၅ ရက်လာ ခဲ့၍သုဒ္ဓဒိန် ၉၆၀
18 January 1816
ထပို့တွဲလကွယ်နက္ခတ် ၂၃ လုံး ပါဒ်ပြည့်နာရီ ၁၀၀ အသီ ၁၃၀ ထက်လကွယ်ရက်၌လ ဝပြည့်
လျှက်ရှိသည်ကို ၁၅ ရက်ဆိုင်း ငံ့လျှင်နက္ခတ် ၂၃ လုံး ပါဒ်ပြည့်နာရီ ၁၀၀ အသီ ၁၃၀ မှာ
ပင်လ ရေး မမြင်တုတုအမ္မဝါသီဖြစ်ပြန်သည်ကိုလကွယ် ၂ ထပ်ကျမ်း ဂန်လာသည်နှင့်အ
ညီထိန်း မှတ် တော်မူသည်တို့ကို ရေ သော ရက်သည်လည်း အဓိမာသ်တပါး လျှင်နက္ခတ်ခ
ရာ ပေါင်း ၄၃၂၀၀၀ ရှေ့သည်၊ တွက်စုနာရီ ၁၂၀ က ရက် ၂ ရက်လွန်သည့်ရက်နှင့်

နေ့လျှော့ဂရက်ကို နှောလျှင် ၁၀ ရက်ရသည်။ ရက်လွန် ၅ ရက်ကို ရော၍ ၁၅ ရက်ဖြစ်သည်။ ရက်လွန် ၅ ရက်ဆိုသည်မှာ စင်စစ်အားဖြင့် ရက်လွန်မဟုတ်ပြက္ခဒိန်ဆရာသည် မဗိမတ်ကအသံ့ာတွင် ၁၁ ရာသီ ၂၅ အသံ့ာကို ပုဏ္ဏမီရက်ဖြစ်သည်အရာသည်သူရိယမာသ ၂၂ လုံး တပါတ်မပြတ်။ ၅ ရက်လိုသည်ကို ရက်လွန်တင်စား၍ဆိုသည်။ ပိုတော်မှာ ၁၁၁ ရာသီ ၂၃ အသံ့ာလဏ္ဍာ ၂၀ တွင် ပုဏ္ဏမီဖြစ်သည်ကလူရိယမာသအပြတ် ၆ ရက်နှင့်နာရီ ၄၀ ရက်လွန်ကြွင်း သော်လည်း ပိုတော်အတိုင်း ရက်လွန်မပြု၍ပြက္ခဒိန်ဆရာအယူမပျက်စေရ။ ၅ ရက်ကိုသာ ရက်လွန်ယည့်သွင်း တော်မူသည်။ ထိုသို့ရက်လွန် ၅ ရက်နှင့် နက္ခတ်ခရာ လျှော့ထွက် ၂ ရက် နေ့လျှော့ထွက် ဂရက်ဆိုခဲ့သော ၁၅ ရက်ကိုရဝ်ဆိုင်း ပြီး မှလဏ္ဍယ်နက္ခတ် ၂၃ လုံး ပတ်ပြည့်နာရီ ၁၆ ဝ သုဒ္ဓဒိန်တလုံး ကောက်သည်တာ ၁၅ ရက်သို့ ရောက်လျှင်ဘဂ္ဂုဏ ပုဏ္ဏမီကျမ်း ဂန်၌ရှိသည့်အတိုင်း နက္ခတ် ၂၄ လုံး တပတ်ကုန်ရာသီစန္ဒရမာသ ၁၅ အသံ့ာအ ပေါင်း လပြည့်နေ့သည်ရာဂါဇပုဏ္ဏမီလဝန်း ပြည့်လျှက်လပြည့်စင်စစ်ရ သော ကြောင့်ကမ္ဘာဦး က နေလနက္ခတ် ပေထွန်း သည်။ ရက်နှင့်အညီအညွတ် ပိုင်း ခြား ထိန်း မှတ် တော်မူသည်။ ၂၃ လုံး ပတ်ပြည့်နာရီ ၁၆ ဝ တမှတ်ယား ခဲ့သည်။ သုဒ္ဓဒိန်မှာအဗိမာသ်သုဒ္ဓဒိန်ဖြစ်သည်။ ကုန်ရာသီ ၂၄ လုံး တပါဒ်နာရီ ၆ ဝ တ ကောက်သည်ကိုသုဒ္ဓဒိန်မှာ နှစ်သစ်သုဒ္ဓဒိန်ဖြစ်သည်။ နှစ်သစ်သုဒ္ဓဒိန်ထား သော ၂၄ လုံး တပါဒ်နာရီ ၆ ဝ တွင်အဝတ်သစ်ဝတ်ခြင်း ကောက်သစ်ထမင်း စား ခြင်း ကိုပြုရာသည်။ အယနဝ်ဿကူပဒဝ်သုဝဆဋ္ဌာသိတိယကြိန် ၁၂ ပါး ကိုယိုလိုသူတို့မှာ သူရိယမာသစန္ဒရမာသသာဝဏမာသအား ဖြင့်မာသုံး ပါး ထား တော်မူသည်။ မာသသုံး ပါး ကို ထောက်၍ထွက်ချက်လျှင်သကြိန် ၁၂ ပါး သိရသည်။ နက္ခတ် ၂၃ လုံး ပါဒ်ပြည့်နာရီ ၁၀ ဝ တဝင့်ထွဲလကွယ် နေ့လဝန်း ပြည့်သည်ကလ ရေး ကွယ်သည့် နေ့ာတ်သုဒ္ဓဒိန်တလုံး ကောက်သည်တတ ပေါင်း လပြည့်ရာဂါဇပုဏ္ဏမီဖြစ်သည့်တိုင် ၁၅ ရက်သည်မလလုစင့်ပစ်အပ် သော ရက်ပုဝ်ရစ်မစင်ဖြစ်သည်။ ဖွန့်ပစ်ခဲ့သော ရက်ပုဝ်တို့၌အခါပေး ခြင်း မင်္ဂလာခမ်းနား ဆောင်ရွက်ခြင်း များ ကိုမပြုသင့်။ မဆောင်မရွက်မပြုကြ စေနှင့်။ ဘဂ္ဂုဏပုဏ္ဏမီတ ပေါင်း လပြည့် နေ့ရာဂါဇပုဏ္ဏမီဖြစ်သည်ကစ၍သာ ရက် ကောင်း နေ့ ကောင်း

18 January 1816

ရက်မြတ် နေ့မြတ်မင်္ဂလာခမ်း နား ဆောင်ရွက်ကြ စေ။ သုဒ္ဓဒိန် ဇ ၆ ဝ ပြည့်တွင်သည်လည်း အဇမာသ်သ ဘောအတိုင်း ဖြို သော နေ့ရက်ဖြစ်သည်။ ပြည်သူပြည်သား တို့သိထင်

အောင်အမြောက်သံပေး စေ၊ အဓိမာသဖြိုပြီး နောက်မလလုရက်ပုပ်လပုပ် ကစ်း ရှင်း ၍ဘဂ္ဂုဏကုန်ရာသီတပေါင်း လ ၂ ၄လုံး ၁ပတ်ရာဂါ်မ်ပုဏ္ဏမီနေ့ကို လည်း ပြည်သူပြည်သား တို့သိထင် အောင်အမြောက်သံပေး စေ၊ အဋ္ဌာရုသမ်မာသ် ပြု၍ စမ္မာမ်မာသအဟသူဒ္ဒဒိန်မှတ်ရမည့်အကြောင်း ကိုလည်း အရပ်ရပ်မြို့ရွာ စော်ဘွား မြို့စား မြို့ဝန်စစ်ကဲ မြေတိုင်သူကြီး တို့သို့အမိန့်တော်ပြန်ဆိုမှာထား မှတ်သားကြ စေ၊ အမ်မာသ်အမိန့်တော်ကိုလည်း ရွှေမြို့တော်မြို့တွင်း မြို့ပြင်ရပ်စုကွက်စုများ မှာ ဂရုစမ္မအမိန့်တော်ကိုဘတ်သည့်နည်း စည်လည်၍ဘတ် စေ။

18 January 1816

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး) နန်း စံ ၃၃ နှစ်အဋ္ဌာရသမ် မာသ်သူဒ္ဒဒိန် ၉ ဖ ဝတဝ့်တွဲလပြည့် ကျော် ၁ ၅ ရက် နေ့နား ခံ ကျော်ယင်ရာဇသူတွင် ပြန်။

(ရှေး ဟောင်း သုတေသန)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင် လက်နက်စကြာသခင်အသျှင်ဘ၀ရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း မြို့ပြ ကျေး ရွာများ မှာ ဥပုသ်ပဝါရဏာ ဝါဆိုဝါကပ်လထပ်ရက်ငင် နေ့ခေါ်ရက် ခေါ်အမှတ်အသား များ သည်တရားကျမ်း ဂန်နှင့်မညီ သောကြောင့်တရားကျမ်း ဂန်အနှင့်အညီကျင့် ဆောင်ကြမှ ပစ္စုပ္ပန်သံ သရာအကျိုး စီး ပွါး များ ရာသည်ကို ထောက်၍ နှစ်ပေါင်း နှစ်ဆယ် ကျော်ထုတ် ဘော် ပြသတော်မူသည်၊ ရဟန်း ရှင်လူပြည်သူအပေါင်း တို့မှန်တန်ညီညွတ် အောင်မကျင့်မ ဆောင်နိုင်၊ ဘုရား ဟောတော်မူသည့်ကျမ်း ဂန်ပါဠိဇာတ်နိပါတ်များ ကိုဆရာ တော်သင်္ဃာတော်မင်း ညီမင်း သား မင်း မြေး မှူး တော်မတ် တော်ပြည်သူပြည်သား တို့နှင့်အညီအညွတ်စည်း ဝေး ဘတ်နာစေလျက် ဟောတော်မူရင်း ပါဋ္ဌပါဠိနှင့်ပြန် ဆိုချက်အ(နက်)အဓိပ္ပါယ်မညီ သောကြောင့်အဋ္ဌကထာဋီကာနက်များ နှင့်သီသာရှင်း လင်း ညီညွတ် အောင်သာသနာအ ကျော်လင်္ကာရဆရာ တော် လောကုတ္တရာဆရာ တော် တို့လျှောက်ထား ကြရမည် မေး မြန်း သည်ကိုလည်း ဆရာ တော်သင်္ဃာတော်မင်း သား မင်း မြေး မှူး တော်မတ် တော်တို့ညီညွတ်မှန်ကန် အောင်မလျှောက်မထား နိုင်ကြ၊ အနက်အဓိပ္ပါယ်နှင့်ရှင်လင်း ညီညွတ် အောင်မလျှောက်မထား မပြောမဆိုနိုင်သည် ကိုလည်း အမှန်အတန်(ကျင့်) ဆောင်နိုင်ကြမည်မဟုတ်၊ အဝိရောဓနတရား နှင့် အညီပြည်သူတို့နှင့်မဆန့်ကျင်မူဆရာစဉ်သမား စဉ် ဘေး ဘိုး စဉ်ဆက်ကျင့် ဆောင် သည့်အတိုင်း ခေါ်ဝေါ်မှတ်သား ကျင့်ဆောင်ကြမှညီညွတ်မည့်အကြောင်း ဖြစ်သည်၊ ဥပုသ်ပဝါရဏာဝါဆိုဝါကပ်လထပ်ရက်ငင် နေ့ခေါ်ရက် ခေါ်အမှတ်အသား များကို ဆရာစဉ်ဆက် ခေါ်ဝေါ်မှတ်သား မြဲ ခေါ်ဝေါ်မှတ်သား ကျင့်ဆောင်ကြစေ၊ နှစ်စဉ်စာမေး စာပြန်ပဥ္စင်း ခံရှင်ပြုနှင့်အလှူကောင်း မှုများ အစဉ်လှူဒါန်း နည်း အတိုင်း လှူဒါန်း မြဲလှူဒါန်း ကြစေ၊ ဥပုသ်သတင်း ဆောက်တည်ကြသည့်သူတို့မှာ ဘုရား စရပ်များ တွင်သာဥပုသ်သတင်း ခံ၍ မနေစေနှင့်၊ ကျောင်း ကန်သွား ၍လည်း ဥပုသ်သတင်း ဆောက်တည်ကြစေ၊ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း စော်ဘွား မြို့စား မြို့ဝန်စစ်ကဲမြို့ရွာသူကြီး ခေါင်း အကြီး တို့ကို စေနှံ့ အောင်ပြန် ဆိုမှာထား ရမည်။

29 June 1816

(သက္ကရာဇ်) ၁၁၇၈ ခု ဝါဆိုလဆန်း ၆ ရက် နေ့နားခံ ငပသိတွင်ပြန်။

(တက်ဗဟို ၄၅၂၁၉၊ သုရိယ၊ တွဲ ၁၆၊ မှတ် ၁၂၊ ဖေဖဝါရီ ၁၉၃၃၊ စာ ၃၃-၄)

ပြည်မင်း တောင်ငူမင်း တို့ကိုမြို့ပြခရိုင်သီး ခြား ၍သနား တော်မူသည်၊ မြို့ပြ ခရိုင်အသီး သီး နှံ့ပြည်ရွာ ခြောက်ခြား အောင်ပြုသသူတို့ကိုသနား တော်မူသည့် မြို့ရွာခရိုင်တွင် နေသည်ဖြစ်လျှင်အပြစ်အ လျောက်အဆုံး စီရင်ပိုင် စေ၊ မြို့ရွာခ ရိုင်တွင်မနေ၊ အခြား အပိုင်အစား ကဖြစ်လျှင်အဆုံး အရှုံး စီရင်သင့်သည်အဖြစ် ရှိလျှင်ရှိ လျှောက်လွှတ်ရုံး သို့ပို့အပ် စေ။

10 August 1816

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ၃၄နှစ်စမှာဓိမာသ် သုဒ္ဒဒိန်၁၇၈ တော်သလင်း လဆန်း ၁ဝရက် နေ့နား ခံစ မြောင်မှူး တွင်ပြန်။ (တင်မောင်ကြည်ပုရပိုက်)

လှေပွဲသဘင်မှစ၍အနီး အဝေး ရေကြောင်း ထွက်စံတော်မူမည်မှာလက်ရွေး ကြီး လှော်ကား တော်က(ပုံ)ဟီး မှအခြား လှော်ကား များက(ပုံ)တီး ကြရ သည်အစဉ်ထုံး စံရှိသည်ဖြစ်သည်၊ လက်ရွေးကြီး လှော်ကား တော်က(ပုံ)မတီး သမျှအခြား လှော်တား တော်က(ပုံ)မတီး ကြစေနှင့်၊ ဆိုင်ရာအအုပ်အထိန်းတို့ကို စေ့ငု အောင်ဆင့်ဆိုစီရင်။

11 August 1816

သက္ကရာဇ်၁၀ရဂခုဝါခေါင်လပြည့်ကျော်၄ရက်နေ့နား ခင ပသီတွင်ပြန်။
(တက်ဗဟို ၄၅၂၁၉)

ဝေသာလီဇာရဟတ်မြို့၊ ဂွါဟတ္တိမြို့များ တွင်မှူး မတ်ပြုသူတို့ပုန်ကန် နှောက်ယှက်၍မြို့ရွာမငြိမ်မဝပ်ရှိသည်နှင့်ဂွါဟတ္တိမြို့ရွာတွင်မရပ်မနေနိုင် ရွှေဘုန်း တော်ရိပ်ကိုခိုလှုံမည် ရွှေစက်တော် အောက် ရောက် သော ကြောင့်ဂွါတတ္တိမင်း အကြောင်း အရာမြို့ရွာအကြောင်း အရာများ ကိုမေး မြန်း စေလျှင်မင်း ရိုး မင်း မျိုး ကဆင်း သက်၍မင်း ပြုကြောင်း ယခုအမတ်ပုရာ ကောင်တယ်ပုန်ကန် သောင်း ကြမ်း နှောက်ယှက်ရာတွင် ရွှေစက်တော် အောက် ရောက် ကြောင်း များ နှင့်ထွက်ဆိုချက်ကိုထောက်လျှင်အသံတိုင်း ဇာရဟတ်မြို့ကာမရူပီတိုင်း ဂွါဟတ္တိမြို့များ သည် ဝေသာလီပြည်မြို့ကြီး တိုင်း ကြီး ဖြစ်လျက် ကျေး လက်နိုင်ငံမြို့စား ပြစား မှူး မတ်တို့တရား မစောင့်ပုန်ကန် သောင်း ကြမ်း လေ၍ပြည်သူသတ္တဝါအပေါင်း တို့မငြိမ်မသက်ဆင်း ရဲခြင်း သို့ရောက်သည်ကိုခပ်သိမ်း သောသတ္တဝါတို့၏မှီခိုကိုး ကွယ်ရာဝါအသျှင်ဧကရာဇ်မင်း မြတ်ဖြစ် တော်မူသည် ဝေသာလီတိုင်း သူပြည်သား သတ္တဝါတို့ချမ်း သာ စေခြင်းငှါဂွါဟတ္တိမင်း ကိုလည်း အမျိုး အရိုး မပျက် စေရ ဂွါတတ္တိမြို့မှာ မိဘအဆိုက်အရာထီးနန်း ကိုနှင်း အပ် တော်မူမည်၊ ထီး နန်း အတင်ဗန် မော်မြို့၊ မိုး ကောင်း မြို့၊ မိုးညှင်း မြို့သုံး မြို့လက်နက်ကိုင် ၁၀၀၀၀ တွင်ဗန်မော်မြို့ဝန် နေမျိုး သူရ ကျော် ခေါင်ကိုဗိုလ်မှူး ခန့်ထား၍မိုး ကောင်း ပယင်း တွင်တင်း တော်ခရီး ကြောင်း သင့်ရာနှီသွား စေ၊ ဂွါဟတ္တိမင်း ကိုလည်း ဗန်မော်မြို့ဝန် နေမျိုး သူရ ကျော် ခေါင်တပ်တွင် ကောင်း မွန် အောင် ဆောင်ယူလိုက်သွား စေ။

28 October 1816

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ ၃၄ နှစ်စမ္ဗာမိမသည် သုဒ္ဓဒိန် ၂၅၄ တန် ဆောင်မုန်း လပြည့်ကျော် ၁၄ ရက်နေ့နား ခံဇေယနော်ရထာတွင်ပြန်။

(တင်မောင်ကြည်ပုရပိုက်)

17 November 1816

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ပညာရာဇာ ကျော်ကိုနန်း ကံ ကျွေး ဝန်ခန့် တော်မူသည်၊ သို့ခန့် တော် မူ ကြောင်း လည်း ပညာရာဇာ ကျော်သည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့် သိရှိ သစ္စာအမှု တော်ကို ဖြောင့်ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့် တော်မူသ မျှအမှုတော်ကိုကုန်စင် အောင်ထမ်း ရွက်နိုင်မည့်သူဟု မှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့်နန်း ကံ ကျွေး ဝန်ခန့် တော်မူသည်၊ နန်း ကံ ကျွေး ဝန်ဆိုသည့်အရာသည် ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင် ရွှေနန်း ရွှေဘုံအဆောင်ဧယောင်မှစ၍အတွင်း တော်တွင်မကောင်း ဟောင်း နွမ်း ယိုယွင်း သည်များ ကိုပြင်လုပ်ရသည်၊ အသုံး တော်အလိုရှိအလုပ်အဆောင်များ ကိုလည်း လုပ် ဆောင်စီမံ့မည်ပိဿုကာလက်သမား လုပ်ကိုင်သူကံ ကျွေး ကန္တား ပေး အပ်၍အတွင်း တော်မှာနန်း ကံ ကျွေး ရိုး နှင့်ညည့်နေ့ စောင့်နေ စီရင်ရသည့်အ မှုဖြစ်သည်၊ နန်း ကံ ကျွေး ဝန်တွင်နန်း ကံ ကျွေး စာရေး ၊ အဆော်၊ ပိဿုကာ၊ လက်သမား လုပ်လုကံ ကျွေး ပေး အပ်ခန့်ထား သည့်အတိုင်း မပြတ်မလပ်ရ အောင် ဝင်ထွက် စောင့်နေ၍ ဆော်စီရင်၊ အရပ်ရပ်အလုပ် တော်အဆောင် တော်များ ကိုလည်း မပြတ်ကြည့်ရှု၍ ကောင်း မွန် သေချာ အော်င်ပြင်လုပ် စေ၊ ဝတ်ကြေးဖုံမှုသာ မလုပ်မဆောင် စေနှင့်၊ လုပ်သူကံ ကျွေး တို့ကို လျော့နည်း ၍ မသွင်း မလုပ် စေနှင့်၊ တော်တည့် ဖြောင့်မတ်စွာ၍ ဆော်စီရင်။

17 November 1816

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၄ နှစ်စမ္ဗာဓိမဘ်)

သုဒ္ဓဒိန် ၂၇၄ နတ် တော်လပြည့် ကျော် ၄ ရက် နေ့ဝန်ရှင် တော်ကြီးဝန်မင်း ကြီး ၊ မြို့ ဝန်မင်း ကြီး ၊ ဒိုင်း ဝန်မင်း ကြီး သုံး ပါး မှာဝန်ထောက် တော်မင်း ရွှေတောင် နေ်ရထာ ရွှေကအမိန့် တော် ရေး မင်း ရွှေတောင် ကျော်ထင်အစီရင်ခံ၍လွှတ် တော်ကွန်း စင်တွင်း မှာ ၄င်း ပြန်တမ်း အလွှာကိုနား ခံ ထော် ပြော၍ကြီး မျူး ပြန် ၍တံ ကျွေး ဝန်ပညာရာဇာ ကျော်သို့အပ်သည်။

(သုဂိုယ၊ တွဲ ၁၄၊ မှတ်၈၊ အောက်တိုဘာ ၁၀၉၃၀၊ မျက် ၂၂ – ၃။ ပေါင်းနှံ-ထေါ၊၁၉၇၇၊၁၁၉၂၀)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ မိန့် တော်ရှိသည်၊ ရွှေ တောင် ဗိဟု၊ ကျော်ထင်လက်ဝဲစည်သူတို့ကို မောင်အိမ် ရွှေ မင်း အ နောက်ဝန်ခန့် တော်မူ ကြောင်း လည်း မင်း ဧကရာဇ်စီး ပွါး တော်ကို လိုသူဖြစ်သည်ယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ်၍အ နောက်ဝန်ခန့် တော်မူသည်၊ မောင်အိမ် ရွှေမင်းအ နောက်အတွင်း ကဆင့်ဆိုသမျှအလုံး စုံကိုခမ္ဘဝတ် လောကဝတ်ရာဇဝတ်သိက္ခမ်း နား လည်သည်နှင့်အညီဆန္ဒာ ဒေါသာဘယာ မောဟာ ဂတိသို့မလိုက်ဟုတ်မှန် တော်တည့် ဖြောင့်မတ်စွာဝင်သီး ၊ ပိုင်း ထာ ၊ ဆေး သမါး ၊ မဏ္ဍန်သမား တို့နှင့် ရေ တော်ခဝ်၊ ထောင်းချင့်များ မှစ၍အ နောက်ကဆိုင်သင့် သမျှအမှုထမ်း ကျွန် တော်မျိုး တို့ကိုအမှု တော်ကိုထမ်း ကုန်နိုင် အောင်မစသိမ်း ပိုက် စီရင်၊ ကျွန် တော်မျိုး တို့တွင်တရား စကား ရှိသည်ကိုလည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပ ပျောက် အောင်ဂတိ လေး ပါး သို့မလိုက် တော်တည့် ဖြောင့် မတ်စွာစီရင်ထမ်း ရွက်ရမည်။

(17 November 1816)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၄ နှစ်စမ္မာ မိမာသ သုဒ္ဓဒိန် ၂ရ၄ နတ် တော်လပြည့် ကျော် ၄ ရက် နေ့)

(သုရိယ၊ တွဲ ၁၄၊ မှတ် ၁၁၊ ဇန်နဝါရီ ၁၉၃၁၊ မျက် ၃၀)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ကျော်ထင်ပုံချိုကိုအိမ်ရှေ့မင်း ဝင်း မှူး ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း ကေရာဇ်မင်း မြတ်အကျိုး စီး ပွါး တော်ကိုလိုသည်ဖြစ်၍ မောင်အိမ်ရှေ့မင်း အကျိုး စီး ပွါး များ မည့်အကြောင်း ကို ဆောင်ရွက်မည်ယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ်၍ ဝင်း မှူး ခန့်တော်မူသည်၊ ဆင်သည်၊ သား လိုက်၊ ကွမ်း ရေကိုင်၊ ဝေါ်သား ၊ ကျွင်း သား ၊ ကိုယ်ရံ တော်၊ ကျီ တော်၊ တိုက်တော်၊ အစောင့်အနေအဆောင်မြဲလူသူငယ်ဆံစည်း ၊ ရှေ့ဝန်း ကျင်၊ နောက်ဝန်း ကျင်၊ ကိုယ်ရံ တော်အစောင့်အနေ၊ အိပ်လှည့်အိပ်ဘန်များကိုအမှန်ဝင်ထွက်မြဲ စွဲစေါင့်နေစေ၊ နေ့စေါင့်ည စေါင့်ဝင်း လှည့်အိပ်ဘန်များ ကိုစစ်ကြော၍ မောင်အိမ်ရှေ့မင်း ကိုယ်ရံ တော်တို့တွင်တရား စကား အရှက်အတင်ရှိလျှင်လည်း ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပပျောက် အောင်ဂတိ လေး ပါး သို့မလိုက်ဟုတ်မှန်တော်တည့် အောင်စီရင်။

(17 November 1816)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၄ နှစ် [illegible] သုဒ္ဒဒိန် ၂၇၄ နတ် တော်လပြည့် ကျော် ၄ ရက် နေ့)

(သူရိယ၊ တွဲ ၁၄၊ မှတ် ၁၁၊ ဇန်နဝါရီ ၁၉၃၁၊ မျက် ၃၀)

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်၊ သီရိဂုဏ္ဏရတ်ကိုကုလားဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း သီရိဂုဏ္ဏရတ်သည် ကျေးဇူးသစ္စာတော်နှစ်ပါးကိုစောင့်သိရိုသေစွာအမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ်ထမ်းရွက်သည်၊ ရှေ့သို့လည်း ခန့်ထားတော်မူသမျှအမှုတော်ကိုကုန်တွင် အောင်ထမ်းရွက်မည့်သူဟုမှတ်သနားတော်မူသည့်ကျွန်တော်မျိုးဖြစ်သောကြောင့်ကုလားဝန်ခန့်တော်မူသည်၊ ကုလားဝန်ဆိုသည့်အရာသည်ငါအသျှင်ဧကရာဇ်မင်းမြတ်တို့တွင်အထူးထူး သောလူမျိုးတို့သည် ခြေဘဝါးတော်အောက်မှီခိုနေထိုင်လာသည့်အများဖြစ်၍သင့်ရာသင့်ရာအစုအကျက်နှင့်ချထားတော်မူသည်၊ ကုလားတို့မှာလည်း တိုက်ကျအိမ်ရာနှင့်ဘောက်ကားရောင်းဝယ်နေထိုင်ကြရသည့်ကုလားအများဖြစ်သည်၊ နိုင်ငံတော်သံလျှင်မြို့သည်သင်္ဘောဆိုက်ရပ်ဆိပ်ဖြစ်၍လည်း တကျွန်းတနိုင်ငံသား ကုလားအများရွှေဘဝါးတော်အောက်လာရောက်သည်၊ သို့လာရောက်လျှင်လည်း အဟောင်းအသစ်တွေ့ ရောရှက်တင်မသိမမြင်သာဖြစ်သည်၊ ရွှေဘဝါးတော်အောက်ရှိကုလားတို့မှာလည်း အစုအငန်းဆိုင်ရာထမ်းရွက်ရသသူလည်း ရှိသည်၊ သို့များကိုအမြဲနှလုံးသွင်းထား၍သိသာခြားနားအောင်အမျိုးဘာသာနှင့်ကုလားစာရေးမှတ်သားထားရှိစေရမည်၊ သင်္ဘောကရွှေဘဝါးတော်အောက်ဘောက်ကားရောင်းဝယ်လာရောက်သည့်ကုလားကုန်သည်တို့မှာလည်း မည်သည့်မြို့သား၊ မည်သည့်လူမျိုး၊ မည်သသူနှင့်လူမည်မျှမည်သည်မှာနေသည်၊ မည်သို့ကုန်ဝယ်ပါသည်၊ ရောင်းဝယ်ပြီးလျှင်ပြန်သည်၊ ရွှေဘဝါးတော်အောက်ကျွန်ရှိရစ်သည့်အရာများကိုလည်း စေ့စေ့ငုငုမေးမြန်းစစ်ကြော၊ အစုအငန်းရှိကုလားတို့မှာလည်း ဆိုင်ရာထမ်းရွက်ကြစေ၊ ကုလားတို့ကိုငြိမ်ဝပ်စွာ နေထိုင်လုပ်စားရောင်းဝယ်ရအောင်မစ၊ ကုလားတို့တွင်တရားစကားအရှက်အတင်ရှိလျှင်လည်း မပွါးမများစေရ၊ ကြီးသည့်စကားကိုငယ်အောင်၊ ငယ်သည့်စကားကိုပပျောက်အောင်ဂတိသို့မလိုက်၊ တော်တည့်ဖြောင့်မတ်စွာစီရင်။

(17 November 1816)

(17 November 1816)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၄နှစ်စမ္ဗာဓိမာသည်
သုဒ္ဓဒိန် ၂၇၄ နတ်တော်လပြည့်ကျော် ၄ ရက် နေ့)

(<u>သူရိယ</u>၊ တွဲ ၁၄၊ မှတ် ၉၊ နိုဝင်ဘာ ၁၉၃၀၊ မျက် ၅၃)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင် ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ စတုရင်္ဂသူကိုရဲ လှေ ဝန်ခန့် တော်မူသည်၊ သို့ခန့် တော်မူ ကြောင်း လည်း စတုရင်္ဂသူသည် ကျေး ဇူး သစ္စာ တော်နှစ်ပါး ကို စောင့်သိရို သေ စွာအမှု တော်ကို ဖြောင့် ဖြောင့်ရိုး ရိုး ကြိုး စား အား ထုတ်ထမ်း ရွက်သည်၊ ရှေ့သို့လည်း ခန့်ထား တော်မူသ မျှအမှုတော်ကိုကုန်တွင် အောင်ထမ်း ရွက်မည့်သူယုံမှတ်သနား တော်မူသည့်ကျွန် တော်မျိုး ဖြစ် သော ကြောင့်ရဲ လှေ ဝန်ခန့် တော်မူသည်၊ ရဲ လှေ ဝန်ဆိုသည့်အရာသည် ငါအသျှင်ဧကရာဇ်မင်း မြတ်တို့တွင်ရာဇဌာနီ နေပြည် တော်ကြီး ကိုရိယာစုံညီအရေး ရှိလျှင်အရင်ရလွယ် အောင်ရဲ လှေတိုက် လှေအများ လှေတန်ဆာအစုံနှင့်အသင့်လုပ် ဆောင်၍ ရရှိမြဲဖြစ်သည်၊ ရဲ လှေတိုက် လှေ တော်များ ကိုလည်း လုံခြုံ အောင်သင့်ရာထား ရသည်၊ ရဲ လှေတိုက် လှေ တော်များ ရှည်ကြာ၍ တောင်း နွမ်း လျှင်လည်း ပြင်လုပ် စေရသည်နည်း လျော့လျှင်လည်း ဝန်တို့မှာကုန် စရိတ်ကိုအစီရင်ခံ၍ လှေပိသုကာလက်သမား တို့နှင့် လှေဝန် လှေစာ ရေး တို့ကြပ်မလုပ် ဆောင်ရသည်၊ ရဲ လှေတိုက် လှေ တော်မည်မျှအနက်အ ကောင်း အဆိုး မည်မျှ၊ ဖါထေး ပြင်လုပ်ရန်မည်မျှ၊ လျော့နည်း ၍အသစ်တည်လုပ်ရန်မည်မျှစာရင်း သေချာ အောင်ရဲ လှေစာ ရေး တို့ကိုမှတ်သား စေ၊ ရဲ လှေ တော်ရုံတွင်လည်း ရဲ လှေ တော်သား တို့ကိုညည့် နေ့ လှေ တော်မှစ၍ လှေတန်ဆာကို စောင့် နေထိန်း သိမ်း စေ၊ အလုံး စုံစီရင်ခန့်ထား ရန်ရှိသမျှကိုမယိုမယွင်း မလစ်မဟင်း ရ အောင်နှိုး ဆော်၊ ရဲ လှေ တော်သား တို့ကိုအမှုတော်တို့ကိုထမ်း ကုန် အောင်မစ၊ ရဲ လှေ တော်သား တို့တွင်တရား စကား အရှုက်အတင်ရှိလျှင်လည်း မပွား မများ စေရ၊ ကြီး သည့်အမှုကိုငယ် အောင်၊ ငယ်သည့်အမှုကိုပ ပျောက် အောင်ဂတိသို့မလိုက်ညီညွတ်စွာ စီရင်။

(17 November 1816)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ၃၄နှစ်စမ္ဗာဓိမသည် သုဒ္ဓဒိန် ၂၇၄ နတ် တော်လပြည့် ကျော် ၄ ရက် နေ့)

(သုရိယ၊ တွဲ ၁၄၊ မှတ် ၉၊ နိုဝင်ဘာ ၁၉၃၀၊ မျက် ၅၂)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော ရေမြေအရှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အရှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ လက်ျာဘီနန်သူကို ဘောင်ဝန်ခန့်တော်မူသည်၊ သို့ခန့်တော်မူကြောင်းလည်း လက်ျာဘီနန်သူသည် ကျေးဇူး သစ္စာ တော်နှစ်ပါးကို စောင့်သိ၍ သစ္စာအမှုတော်ကို ဖြောင့်ဖြောင့်ရိုး ရိုးကြိုး စား အား ထုတ်ထမ်း ရွက်သည် ရှေ့သို့လည်း ခန့်ထား တော်မူသမျှအမိန့်တော်ကိုမသွေမဘည်ထမ်း ရွက်မည့်သူဟု မှတ်သနား တော်မူသည့်ကျွန်တော်မျိုး ဖြစ်သောကြောင့် ဘောင်ဝန်ခန့်တော်မူသည်၊ ဘောင်ဝန်ဆိုသည့်အရာသည်ငါးအရှင်ကေရာဇ်မင်း မြတ်တို့တွင် ဘောင်တော်လှေတော်ဆိုသည့်အရာသည်ရာဇဒ္ဓါနီမင်း နေပြည်ကြီး သနစ်၍ကေရာဇ်မင်း မြတ်တို့ရေကြောင်း သွားလာစမ္ပယ် တော်မူရန်ဖြစ်သည်၊ ဘောင်တော်လှော်တား ၊ သမ္ဗာန်၊ သင်္ဘောတန်မှစ၍ လှေတော်များကိုမဆွေး မမြေ့မကျိုး မပဲ့မပျက် မစီး စေရ၊ အထား အနေသင့်ရာလုံခြုံစွာထား ရမည်၊ ဘောင်စာရေး ဘောင်တော်သား တို့ကိုလည်း စောင့်နေကြည့်ရှုစေ၊ ကရဝိတ် ဘောင်တော်ကြီး ၊ ဝိပဋ္ဌ ဘောင်တော်ကြီး ၊ ပဋ္ဌရုပ ဘောင်တော်ကြီး များ မှာမနော်ရမ္မာဥယျာဉ် မြစ်နား ဆိပ်နား တွင်ဖြစ်သည်၊ ဦး ပဲ့ကြိုး ကျား နိုင်လုံ အောင်ထည့်ထား စေ၊ လေရိပ်မိုး ရိပ်ရှိလျှင်ရှိ လျှောက်လုံ့လဝီရိယတိုး ၍ပြုရမည်၊ အလုံး စုံ ပြေလည် အောင်နှိုး ဆော်ပန့်ထား ၊ ဘောင်တော်လှော်တော်သား တို့မှာတရား စကား အရှုက်အတင်ရှိလျှင်လည်း မပွါး မများ စေရ၊ ကြီး သည့်စကား ကိုငယ် အောင်ငယ်သည့်စကား ကိုပပျောက် အောင်ဂတိသို့မလိုက် ဖြောင့်မတ်စွာစီရင်။

(17 November 1816)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၄နှစ်စမြောက်မြာသီ သုဒ္ဒိန်၂၇၄နတ်တော်လပြည့်ကျော်၄ရက်နေ့)

(<u>သုရိယ</u>၊ တွဲ၁၄၊ မှတ်၉၊ နိုဝင်ဘာ၁၉၃၀၊ မျက်၅၂)

8 April 1817

29 June 1816

(သက္ကရာဇ် ၁၁၇၈ ခု ဝါဆိုလဆန်း ၆ ရက် နေ့အမိန့်တော်အတိုင်း) သက္ကရာဇ်

8 April 1817

(၁၁၇၈ ခုနှောင်း) တန်ခူး လပြည့်ကျော် ၈ ရက် နေ့မိန့်ရထွင်ပြန်။

(သူရိယ၊ တွဲ ၁၆၊ မှတ် ၁၂၊ ဖေဖော်ဝါရီ ၁၉၃၃၊ မျက် ၃၃-၄)

ရွှေပြည်တော်မြို့တွင်း မြို့ပြင်ရပ်စုတွက်စုများတွင် ရေနံချက်ဆီမီး ချက်ထွန်း ညှိကြသည်များ မှာအိုး ကင်း မြေအင်တွင်သဲထည့်၍သဲ ပေါ်မှာ ရေနံချက်ဆီမီး ချက်များ ကိုတည်ထား ထွန်း ညှိစေမှမ တော်၍မီး ချက်ကိုမီး တောက် သော်လည်း အိမ်ကြွမ်း ပျဉ် ထောင်များ ကိုမစွဲမ လောင်မည်ဖြစ်သည်၊ ရေနံချက်ဆီမီး ချက်ထွန်း ညှိသမျှကိုအိုး ကင်း မြေအင်ကြီး များ တွင်သဲခံ၍သဲ ပေါ်တွင်မီး ချက်နှင့်ထွန်း ညှိကြ စေသည်ကိုလည်း ရေနံဆီအကျအထိ များ လျှင်မီး ညိမည်ဖြစ်သည်၊ မီး မညိစေရအောင်လဲလှယ် စေ။

24 January 1817

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ ၃၄ နှစ် စမ္မာ မိမာသ် သုဒ္ဒဒိန် ၃၄၂ တပို့တွဲလပြည့်ကျော် ၁၂ ရက် နေ့နား ခံ တော်ဘယ ကျော်ထင်တွင်ပြန်။
(တင် မောင်ကြည်ပုရပိုက်)

ပဉ္စလအမတ်၊ ဘင်္ဂလား ၊ ကလကတ္တား ၊ ဂုမ္ပဏီတို့သို့ ပေး ရန်စာများ ကိုအမိန့် တော်နှင့် နောက်မြည့်သွင်း၍ စာဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ရခိုင်ငချည်လူး ၊ ငထွန်း အောင်ကျော်တို့ကဘင်္ဂလား ၊ ကလကတ္တား ၊ ဂုမ္ပဏီတို့ကချုပ်ထား ရှိသည်ကို အမိန့်တော်နှင့်နုတ်ယူ၍ ရွှေဘဝါး တော်အောက် ရောက်ပါရမည့်အကြောင်း နှင့် မင်း ကျော်တမွတ်ထွင်ရှိခိုး သံတော်ဦး တင်စာ ဝေး အပ်၍အသနား တော်ခံသည့် အတိုင်း ငချည်လူး ၊ ငထွန်း အောင်ကျော်တို့နှင့်အနောက်စစ်တကောင်း ဝန်း ပါ ဒါကာမြို့ရွာများ သို့ထွက်သွား နေသမျှရခိုင်တို့သည်ကျွန် တော်မျိုး ဖြစ်သည်၊ ဘင်္ဂလား၊ ကာလကတ္တား ၊ ဂုမ္ပဏီစစ်သူကြီး တို့ကမချုပ်မထား ထွက်၍ ရွှေဘဝါး တော်အောက် လာစေရမည့်အကြောင်း နှင့်မင်း ကျော်တမွတ်ထွင်အမိန့်တော်မှာစာ ပေးအပ် ခေါ်ယူစေ၊ စစ်တကောင်း ၊ ပန်း ဝါ၊ ဒါကာမြို့များ သည်လည်း ရှေး ရခိုင်မင်း တို့လက်ထက်ရခိုင်မြို့ပယ်နယ်ဖြစ်၍အခွန်အတုပ်ကိုရခိုင်မင်း တို့မှာသာ ပေး သွင်း ရ သည်၊ ယခုရခိုင်ဓညဝတီမြို့သည်လည်း နိုင်ငံ တော်မြို့ရွာဖြစ်သည်၊ ရခိုင်မြို့ကပိုင်နက် နယ်ပယ်ဖြစ်လျက်အင်္ဂလိပ်လူမျိုး တို့သည်တရား ကိုမစောင့်အခွန်အတုပ်ကိုသိမ်း ခံယူ သည်အရာများ သည်တရား နှင့်မညီမသိမ်း မခံမယူသင့်၊ ရခိုင်မြို့ပယ်နယ်ရခိုင် မင်း တို့ပိုင်သည့်မြို့ရွာဖြစ်သည်၊ နောက်ကိုအခွန်အတုတ်အင်္ဂလိပ်တို့တမခံ စေနှင့်၊ ရခိုင်မြို့ဝန်ကသာခံ စေသင့်သည်အကြောင်း အရာ၊ ရခိုင်လူမျိုး တို့ကိုဘင်္ဂလား ၊ ကာထကတ္တား ၊ ဂုမ္ပဏီတို့သည်ကျွန် တော်မျိုး မှန်း သိလျက်လက်ခံထား သည့်အရာသည် လည်း လက်မခံသင့်၊ ရခိုင်ကျွန် တော်မျိုး မှန်သံမျှကိုတ ယောက်မကျန် ပေး အပ်ရမည့် အကြောင်း များ နှင့်ဓညဝတီမြို့ဝန်မဟာ နော်ရထာကမှာထား တောင်း ဆိုစေ၊ သုဝံသဗြဟ္မာအုပ်စု၊ ကျမ်း တတ်ပုဏ္ဏား ပရကြည်မှူး ၊ ပျည်ထာဝဏအုပ်စု လှေတို့ကိုပဋ္ဌာ လသို့ ခေါ်သွား ပါရမည့်အကြောင်း နှင့်မင်း ကျော်တမွတ်ကရှိခိုး သံတော်ဦး တင် ချက်အတိုင်း ခေါ်သွား စေ၊ ဝဋ္ဌာလသို့လိုက်သည့်ပုဏ္ဏား တို့ကိုလည်း ပဋ္ဌာလစာကို တတ်အောင်သင်ခဲ့စေ။

18 February 1817

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ၃၅နှစ်စမွာဗမာသ် သုဒ္ဓဒိန်၃၆ရတ ပေါင်း လပြည့် ကျော်ရရက် နေ့နား ခံစ မြောင်မှုး ဇေယသိခ်သူ တွင်ဖြန်။

(တင်မောင်ကြည်ပုရပိုက်)

ရွှေတိုက်စိုး လက်ယာ ရွှေ တောင်ကတုသိုလ် တော် ရွှေကွန်အုပ်တုရား တောင်မျက်နှာဘုရား ဦး စရပ်ရာ မြေလပ်တွင်ကိုယ်စား တော်စား စရပ် ဆောက်လုပ်လှူဒါန်း ပါရမည့်အကြောင်း နှင့်ရှိခိုး သံ တော်ဦး တင်ချက်အတိုင်း ကုသိုလ် တော် ရွှေကွန်အုပ်ဘုရား တောင်မျက်နှာစရပ်ရာ ဟောင်း မြေလပ်တွင်လက်ယာ ရွှေ တောင်ကဘုရား ဦး စရပ် ဆောက်လုပ်လှူဒါန်း စေ။

8 March 1817

(ဆန္ဒန်ဆင်မင်း သခင်မင်း တရားကြီး)နန်း စံ၃၅နှစ်စမ္ဗာဓိမသ် သုဒ္ဒဒိန်၃၀၅တန်ခူး လဆန်း ၁၀ရက် နေ့နား ခံ တော် ပြော့ကြီး မှူး လက်ဝဲ ကျော် သူတွင်ပြန်။

(တင်မောင်ကြည်ပုရပိုက်)

ဘား လောင်း တော်ဘိုး လောင်း တော်တို့လက်ထက် ရှေး အဆိုး အစဉ်ကို မပျက် စေရ၊ ဝါဆိုလနှစ်စဉ်ပဥ္စင်း တော်ခံမြဲထုံး စံအတိုင်း ပဥ္စင်း တော်ခံ စေရမည် ဖြစ်သည်၊ ပဥ္စင်း ရှင်ပြုလုပ်မည့်သူကိုလွှတ် တော်(က)ရ အောင်ရှာ၍သွင်း စေ၊ ဆင်ကြီးရွှေ ဂူဘုရား ရှင်သုမေဓာ စရပ် တော်မှာ ပဥ္စင်း လောင်း ရှင် လောင်း တို့ကိုတဲကနှား ပွဲသဘင်နှင့်ခံမြဲခံ စေ၊ ပဥ္စင်း လောင်း တော်ရှင် လောင်း တော် ခံရာလည်း ထုံး စံကြ အောင် မောင်း ထောင်ဆရာကိုကြပ်မ စေ၍ခံ စေ၊ စွန် လွန် သွေး သောက်ကြီး ငသာပိန်သည် သွေး သောက်ကြီး ဖြစ်လျက် ကျေး ဇူး သဓိာ တော်ကိုမ စောင့်၊ အပ် တော်မူသည့်နှား တော်များ ကို ရောင်း စား ပြုကျင့် သူဖြစ်၍ သွေး သောက်ကြီး အရာကနှုတ်ပြီး လျှင်တံခါး နီ မှူး အပ်၍တံခါး နီ တော် မှာထမ်း ရွက် စေသည်၊ စွန်လွန်အစုသား ငသာမိုး ကိုငသာပိန်အစား သွေး သောက်ကြီး ခန့်၊ စာရင်း ကိုလည်း လဲ ပြောင်း ဆက်သွင်း စေ၊ မြစ်သား မြို့သူ ကြီး ငအိုအမိမိပိုင်တို့ကိုလူဆိုး တို့သတ်၍ သေဆုံး သည့်အမှုကို မေဃဝတီမြို့ဝန် ဟောင်း ဂုံ ခေါင်သီဟကစစ် ကြော စေ၊ စစ် ကြော၍ ရသည့်စစ်ချက် ကြောချက်နှင့်ဂုံ ခေါင်သီ ဟကို ရွှေဘဝါး တော် အောက်လာ စေ၊ ကျောက်ဆည်ဝန်မဲရက် ဘောင်မှာလင်မယား မိမှတ်စံနှင့်အဂိုတ်မကင်း မလွတ်၊ ရာဇဝတ်မှုကို ကြေး လျော် ငွေ လျော်စီရင်သည် အရာသည်အမိန့် တော်အာဏာ တော်ကိုဆန်လွန်ဖြစ်သည်၊ မဲရက် ဘောင်စီရင်၍မြို့ သား တို့က ပေး လျော်ကျကုန်သမျှလည်း မြို့ရွာသို့ပြန် ပေး စေ၊ ဂုံ ခေါင်သီဟသူခိုး ထား ပြတို့တွင်ငု၍ဆက်နှား ၁၀၀မှာတိုက်နှား ထွန်နှား ၃၀ကိုသိဂိုနန္ဒဝန်ဥ ယည် တော်မှူး သို့ ပေး အပ်၍ကျန်နှား ၇၀ကို အောင်ပင်လယ်လမိုင်း သား တို့သို့ ပေး အပ်လုပ် ဆောင် စေ။

28 May 1817

(ဆန္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ၃၅နှစ်စမ္ဘာဓိမသော် သုဒ္ဓဒိန် ၄၆၆ ဝါဆိုလဆန်း ၁ရက် နေ့နား ခံ ကျော်ထင်ရာဇသူတွင်ပြန်။

(ရှေး ဟောင်း သု တေသန)

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ ၃၅ နှစ် စမ္ဗာဓိမသည်သုဒ္ဒ
12 June 1817
ဒိန် ၄ ၈ ၁ ဝါဆိုလပြည့် ကျော် ၁ ရက် ဝါဝင်ကန် တော့ခံ တော်မူသည့် နေ့ ရွှေလွှတ် တော်
သိမ်း ဝါဝင်ကန် တော့နှင့်တချက်တည်း ခန့်ထား စီရင်မည်၊ လွှတ် တော်သိမ်း ပြီး
16 June 1817
နောက်သုံး ရက်ခြား ဝါဆိုလပြည့် ကျော် ၅ ရက် နေ့မြို့ကြိုက် တော်သိမ်း ခန့်ထား စီ
ရင်မည် ရုံထား ဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ ရွှေလွှတ် တော်သိမ်း တွင်မင်းခမ်း
တော်မှား နှင့်ထီး တော်ခင်း ကျင်း ရမည်မှာ တနင်္ဂ ဒါန်ကမ္ဗူထီး တော်ကြီး နှစ်
စင်း ကိုချန်၍ထီး တော်ကြီး အရုံမ နော်မရထီး အာပဏ္ဏရထီး ဝိဇယဝဏ္ဏထီး တော်
သုံး စင်း ကိုသာလက်ဝဲလက်ယာသုံး စင်း စီခင်း ကျင်း စေ၊ ထွက် တော်မူမည်မှာ
လည်း ရွှေစာတမ်း ထွက်အတိုင်း ဝေါကြီး ကိုမြို့ကြိုက် ဝေါရှည်ကခင်း စေ၊ မြို့ကြိုက်သံဆင့်
သီရိသူကိုအမိန့် တော်ရသင်း မှူး ခန့်၊ မြို့ကြိုက်သိမ်း တွင်အိမ် ရှေ့မင်း မင်း ညီမင်း
သား တို့ကိုဝင်ရမြဲစာတမ်း မပါ၊ သွင်း ချက်ဝါသည့်အတိုင်း ဝင်ရမြဲထုံး စံမရှိ၊ မ
နှိုး မဆော်သာပြီ၊ နှိုး ဆော်မြဲမှူး မတ်တို့ကိုသာနှိုး ဆော်၍ဝင်စေ၊ မြစ်သား
မြို့သူကြီး ငအိုအမိမိပိုင်တို့ကိုသတ်ရာပါသည် မေဃဝတီဝန်တဖစ် ကြောရာစစ်ချက်ပါ
သူ င ပေါတုတ်ကိုမင်း တုံး မင်း ဝန်တို့ကလွှတ် တော်သို့အပ်၍ စစ် စေ၊ ရှမ်း ပြည် မြေ
လပ်မြို့ရွာကလာ ရောက်သည့်ရှမ်း ခင်ကြီး တို့မှာရပ်ရွာပြန်လိုလျှင်ပြန် စေ။
29 May 1817
(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ ၃၅ နှစ် စမ္ဗာဓိမသည်
သုဒ္ဒဒိန်၄ ၆ ၇ ဝါဆိုလဆန်း၂ရက် နေ့နား ခံစ မြောင်မှူး ဇေယသိခ်သူတွင်ပြန်။
(ရွှေး ဟောင်း သု တေသန)

ပြည်သူပြည်သားတို့ဝါတွင်း ကာလ ရောက်ပြီ၊ သူ့အသက်ကိုသတ်မည်မကြံအပ်၊ သူ့ဥစ္စာကိုခိုး မည်မကြံအပ်၊ ကာမဂုဏ်၌မှား ယွင်း သောအကျင့်ကိုကျင့်မည်မကြံအပ်၊ မဟုတ်မမှန် သောစကား ကိုဆိုမည်မကြံအပ်၊ ချောပစ် သောစကား ကိုဆိုမည်မကြံအပ်၊ ကြမ်းတမ်း သောစကား ကိုဆိုမည်မကြံအပ်၊ သိမ်ဖျင်း သောစကား ကိုဆိုမည်မကြံအပ်၊ အလိုဆန္ဒမကြီး အပ်၊ စောင်း မြောင်း ချုပ်ချယ်ခြင်း ကိုမကြံအပ်၊ မှား သောအယူကိုယူမည်မကြံအပ်၊ ဤသို့ သောအရိယမဂ္ဂဆယ်ပါး ကိုမကျင့် ဆောင် သောသူတို့သည် ဝဋ်တရား မှ မထွက်ခ မြောက်နိုင်၊ ငရဲတိရိစ္ဆာန်ပြိတ္တာအသူရကာယ် စ သောဆင်းရဲအပေါင်း မှမလွတ်၊ တာရှည် လေး မြင့်ဝဋ်ကြင်လယ်ကုန်ရာသည်၊ အရိယာမဂ္ဂတရား ဆယ်ပါး ကိုကျင့် ဆောင် သောသူတို့အား လျှင်၊ ဝဋ်တရား မှ ထွက် မြောက်၍ဆင်း ရဲအပေါင်း မှလွတ်သဖြင့်မြတ် သောနိဗ္ဗာန်ချမ်း သာကိုရရာ သည်ဟုနှလုံး သွင်း ၍အရိယာမဂ္ဂတရား ဆယ်ပါး ကိုကျင့် ဆောင် ဆောက်တည်ကြကုန်။

29 May 1817

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး)နန်း စံ၃၅နှစ်ခမ္ဗာဓိမာသ် သုဒ္ဒဒိန်၄ ဖြ ဝါဆိုလဆန်း ၂ရက် နေ့နား ခံစမြောင်မှူး ဇေယသိင်္ခသူတွင်ပြန်၊ အမိန့်တော်ကိုယွန်း ဘောင်ပုရပိုက်တွင် ရေး သား လျက်ဆင် ပေါ်သို့တင်ပြီး လျှင် မြို့တွင်း မြို့ပြင်လမ်း သေး လမ်း မလမ်း လေး ခွတို့၌လှည့်လည်၍အမိန့်တော်ကိုဘတ် ဂွတ်ကြကုန်၏၊ ပြည်သူပြည်သား အပေါင်း တို့တလည်း ပန်း ပေါက် ပေါက်တို့ဖြင့်ပူဇော် ၍နာယူကြကုန်၏။

(<u>သူရိယ</u>၊ တွဲ၁၆၊ မှတ်ရ၊ စက်တင်ဘာ၁၁၉၃၂၊ မျက်၂၃)

30 May 1817

(ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၅နှစ်စမ္ဗာဓိမာသ်သုဒ္ဓဒိန် ၄ဖြရဝါဆိုလဆန်း ၂ရက်နေ့နား ခံစ မြောင်မှူး ဇေယျသိခ်သူပြန်အမိန့်တော်ကို ဝင်ထပ်၍ပြန်သည်)။

30 May 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၅နှစ်စမ္ဗာဓိမာသ်သုဒ္ဓ ဒိန်၄ဖြဂဝါဆိုလဆန်း ၃ရက်နေ့နား ခံဘယကျော်ထင်တွင်ပြန်။

(ရှေးဟောင်းသုတေသန)

အရပ်ရပ်ဓမ္မသတ်များ သည်မညီမညွတ်ရုံမက မူလ မနုကျယ်လည်း နိုင်ငံတော်သို့မ ရောက်မရှိဖြစ်သည်၊ ၁၁၅၆ ခုနှစ်ထုတ်ပြန်တမ်းကြီး တွင်လည်း မပါခွဲတမ်း စာ လည်း မရှိသည့်အရာများ မှာသာ ဓမ္မသတ်ကြီး ၄ စောင်ညီညွတ်ရာလိုက်နာစီရင် ကြစေ၊ အဝေး မြို့ဝန်ထီး ရုံနန်း ရုံစော်ဘွား မြို့စား ရွှေခွန်မှူး ငွေခွန်မှူး သံမှူး သခွေး မှူး မြင်း စီး မြင်း ခေါင်း သွေး သောက်ကြီး သူကြီး ခေါင်း အကြီး တို့ကို စေ့နှံ့ အောင်ပြန်ဆိုမှာထား စေ။

31 May 1817

(ဆန္ဒနှ်ဆင်မင်း သခင်မင်း တရားကြီး) နန်း စံ ၃၅ နှစ် စမ္ဘမိမာသ သုဒ္ဓဒိန် ၄ ၆ ၉ ဝါဆိုလဆန်း (၄) ရက် နေ့နာ ခံစ မြောက်များ ဇေယျသိမ်သူ့တွင် ပြန်။

(အုပ်ချုပ်ပုံ၊ တ၊ ပိုဒ်၃၄၀/ခိ၊ စာ၅၇-၀)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူမျှား ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့် တော်ရှိသည်၊ သကြား စတု လောကပါလာ လောကာနုစရ သမာဒေဝ
ဆဒ္ဒိသာ မိလ ယက္ခ သေနာ ပတိဖြစ် သော နတ်တို့နှင့်အတူ သော ဂင်္ဂါ၊ယမုနာ၊အစိရ
ဝတီ၊ မဟီ၊ သရဘူ၊ (ဧရာဝတီ၊ ဒုဋ္ဌာဝတီ၊ သလ္လာဝတီ)ဟူ သောမြစ်ကြီး ငါး သွယ်
မြစ်ငယ် ၅၀၀၊ မဟာသမုဒ္ဒရာသစ်ပင် တော တောင်အစရှိ သောအရပ်တို့နှိုက်
စောင့် နေကုန် သော နတ်အ ပေါင်း တို့၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည် ဘေး
လောင်း တော်မဟာသမတ၊ မဟာသုဒဿန စကြာမန္ဓာတ်စ သောမင်း ကောင်း
မင်း မြတ်တို့ကဲ့သို့တိုင်း ကား နိုင်ငံ တော်အ ပေါင်း ကိုသင်္ဂဟတရား လေး ပါး ၊
မင်း ကျင့်တရား ဆယ်ပါး နှင့်အညီစိုး အုပ် တော်မူ၍ဖြည်သူလူတကာသတ္တဝါအ ပေါင်း
တို့အကျိုး ငါ့မင်း သာမန်တို့ခံဝံ့ခဲ သော မုဒ္ဒါဘိသိက်ကိုမိဘုရား ကြီး နှင့်တကွ ဘေး
လောင်း တော်သီရိဓမ္မာ သောတစ သောမင်း မြတ်တို့ကဲ့သို့ခံယူ တော်မူသဖြင့်သတ္တ
ဝါတို့၏အကျိုး ကို ဆောင်ရွက် တော်မူလျက်သင်နတ်အ ပေါင်း တို့အား လည်း အပရိဟာ
နိယတရား ခုနစ်ပါး နှင့်အညီတင်ကြား ပသမြဖြစ် သောအဘွယ်အရာတို့ဖြင့်တင်
ကြား တော်မူသည်၊ နိုင်ငံ တော်ဖြစ် သောဂါမည်တိုင်း ၊ တံသာဝတီပြည်၊ ရန်ကုန်
မြို့သည်ဘုရား သခင်ထင်ရှား ရှိ တော်မူစဉ်တဖုဿ၊ ဖလ္လိကကုန်သည်ညီ နောင်တို့
အား ဆံ တော်ရှစ် ချောင်း အပ် တော်မူလျက်ဘုရား သုံး ဆူတို့၏ပရိဘောဂဌာပ
နာသွင်း ထား ရာဖြစ် သောသိင်္ဂုတ္တရတုန်း နှိုက်ဥက္ကလာပမင်း လက်ထက်ဌာပနာ
သွင်း ထား သဖြင့် ဘေး လောင်း တော်ဘိုး လောင်း တော်အဆက်ဆက်မှသည်ငါ
ရွှေလက်တက် တော်တိုင်မပျက်မစီး ဌာဝရကုသိုလ် တော်ကြီး ဖြစ်၍သာသနာ တော်
အမွန့်ရှည်စွာတည်တွန်း ရာမဟာရာဇဋ္ဌာနီဖြစ် သော ရွှေပြည် တော်ကြီး ၏အရံ
အကာမြို့ဖြစ်လျက်ယခုမဂ်ဖိုလ်နိဗ္ဗာန်မှဘိလာသာသနာ တော်၏တံကျင်ဆူး ဆြောင့်
ဖြစ် သောကုလား သူပုန်တို့ ပေါက် ရောက်ထိပါး နှောက်ရှက် သော ကြောင့်တိုင်း နိုင်
ငံ တော်အတွင်း နှိုက်ရှိ နေကုန် သော ရဟန်း ရှင်လူအ ပေါင်း တို့ တောင်း မှုကုသိုလ်
ရေး အပ္ပမာဒတရား မပွါး မများ ရဘုရား သခင်သာသနာ တော်သည်လည်း
မိုး တိမ်အုပ် သော နေလကဲ့သို့မထွန်း မပရှိရသည်ကိုသကြား စတု လောကပါလာ၊

လောကဒူစရ၊ သမာဒေဝစသောနတ်အပေါင်းတို့သည် မေ့လျော့ခြင်းနှင့်တကွ မကြည့်မရှုနေကြကုန်သလော၊ ငါအသျှင်ဇေကရာဇ်မင်းမြတ်သည် ရွှေးရွှေးသော ဘုရားအလောင်းမင်း ကောင်းမင်းမြတ်တို့အား မဟာဂရုဏာသက်တော်မူ သည်နှင့်အညီအမီသည်တယောက်တည်း သောသားအား အစဉ်စောင့်ရှောက်သကဲ့ သို့ကိုယ်စိတ်နှစ်ပါး၏ဆင်းရဲခြင်းကိုမဖြစ်ရေး စောင်မကြည့်ရှုတော်မူသည်၊ ခြောက်ဆယ့်နှစ်ပါး သောမိစ္ဆာဝါဒကိုအားကြီးစွာစွဲလမ်းယူမှားကုန်သောကု လားသူပုန်တို့သည် မိမိတို့အယူဝါဒနှင့်တကွသတ္တဝါအပေါင်းတို့အား ညှင်းပမ်းနှိပ် စက်လျက်လက်နက်နိုင်ငံတော်ဖြစ်သောရန်ကုန်မြို့သို့ဆိုက်ရောက်ထိပါး နှောက်ရှက် ပြုကျင့်သည်ကိုအမမ္ဗုနတ်သားသည်မမ္ဗုနတ်သားအား ထိပါး နှောက်ရှက်သောကြောင့် ရထားမှဦး စောက်ကျသဖြင့်သေပျက်ခြင်းသို့ရောက်သကဲ့သို့ယမုဒ္ဒရာအလယ်ကျွန်း နှိုက်မိစ္ဆာနတ်၏စကားကိုယူမှား၍မကောင်းကျင့်ကုန်သောလူအပေါင်းတို့ကို ကျွန်း စောင့်နတ်တို့သည်ကျွန်းအလုံးကိုရေဖြင့်ပြည့်လျှမ်းနှစ်မွန်း စေလျက်သေ ဘေး ဥပါဒ်ကပ်ရောက်စေသကဲ့သို့ကိသဝစ္ဆရရသေ့အားပြစ်မှား သောဒဏ္ဍကီ မင်းကိုနတ်တို့သည်ပြည်နှင့်တကွပျက်စီးခြင်းသို့ရောက်စေသကဲ့သို့ပမာနကိုမသိ သောကျီးနှင့်တကွအလိုပါသောငှက်အပေါင်းတို့အား သမုဒ္ဒရာစောင့်နတ်သည် ကြောက်မက်ဘွယ်ကိုပြုလျက်ခြောက်လှန့်ထွက်ပြေး စေသကဲ့သို့အကျင့်သီလမရှိသောရ သေ့အပေါင်းတို့အား ဝိရူပက္ခဧရာပထစသောနဂါးမျိုး လေးဦးတို့သည်ထိပ် ထက်သွေးကိုသောက်အံ့သောအမူအရာကိုပြုလျက်ပြင်းစွာသောထိတ်လန့်ခြင်းကို ဖြစ်စေသကဲ့သို့သင်နတ်အပေါင်းတို့သည်လည်း သာသနာတော်၏အညစ်အကြေး ဘေး အန္တရာယ်ကိုပြုလျက်သရဏဂုံပဉ္စသီလစသောအပ္ပမာဒတရားအပေါင်းမှသည်မြေ ကြီးနှင့်ကောင်းကင်သမုဒ္ဒရာ၏ကမ်းတဘက်မှသည်တဘက်ဖြစ်သောကမ်းကဲ့သို့အ လွန်ဝေးသဖြင့်မြင့်ရှည်စွာသောကာလပတ်လုံး အမျိုးအဆက်ဆက်ဆင်းသက်၍မိစ္ဆာ ဒိဋ္ဌိအယူရှိကုန်သောကုလားသူပုန်ရန်သူအပေါင်းတို့ကိုဥဿုံနတမင်း အား သကြား မင်း မုဆိုး အသွင်မာတလိနတ်သား ခွေးနက်ကြီး အသွင်ဖြင့်ပြုလျက်ပြည်အလုံး ပဲ့ထင် ထပ်မျှပြင်း စွာထိတ်လန့်စေသကဲ့သို့ကုလားပြည်အလုံး နှလုံး အသားစားအံ့သကဲ့သို့ နတ်တို့၏တန်ခိုး ဖြင့်ကြီးမားစွာသောထိတ်လန့်ခြင်းကိုဖြစ်စေလျက်နေ့ရက်မရှည်

မကြာ စေရသင်း တို့တိုင်း ပြည်နှင့်အကွအ ဆောတလျှင်ပျက်စီး ကြောင်း ကိုသာမ ကောင်း သောကြည့်ရှုခြင်း ဖြင့်ကြည့်ရှုကြရမည်၊ တိုင်း ကား နိုင်ငံနှင့်အကွ သော ငါအသျှင်ဧကရာဇ်မင်း မြတ်အား လည်း သကြား နတ်တို့မမြတ်ကြည့်ရှုစောင့် ရှောက် အပ် သောဘုရား အလောင်း ဖြူဖွဲ့ဒတ်မင်း ကဲ့သို့နတ်အ ပေါင်း တို့ ကောင်း စွာကြည့် ရှုစောင့်မကုန်သည်ဖြစ်၍သာသနာ တော်၏ထွန်း လင်း ကြောင်း ကောင်း သော အမှုကိုသာကြံရည် တော်မူသည့်အတိုင်းဆုရ်ဂါး လေါင်းအသဒ္ဒီသမင်းသည်ရဲ မက်တို့ကိုမပင်မ ပန်း စေရ၊ ဗာရာဏသီပြည်ကိုခုနစ်ပြည် ထောင်မင်း နှင့်တကွဝန်း ရံလာ သော စစ်သည်အ ပေါင်း တို့ကိုလုပ်ကြံသဖြင့်အ ဆောတလျှင် အောင်မြင်ပြီး စီး လျှက်ခုနစ်ဖြည် ထောင်မင်း နှင့်တကွလက်နက်နိုင်ငံဖြစ်သကဲ့သို့ ဆော ဆောလျင်လျင် အောင်မြင် တော် မူ၍သင်း တို့တိုင်း ပြည်အလုံး လက်နက်နိုင်ငံ တော်ဖြစ်မည့်အ ကြောင်း ကိုနတ်အ ပေါင်း တို့ကူညီထမ်း ဆောင်ကြရမည်၊ ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေ အသျှင်ဆဒ္ဒန်ဆင်မင်း သခင်ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဆဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်သူရိယ ဝံသ သကျသာကီဝင်မင်း မျိုး မှအသန္တိနွ ခတ္တိယ စစ်ဖြစ် တော်မူ၍တိုင်း ပြည်အလုံး ကိုသိမ်း အုပ်စိုး စံ တော်မူသည်၊ ပြည်သူလူတကာသတ္တဝါအ ပေါင်း တို့အား တရား သဖြင့် စောင့် ရှောက် တော်မူ၍ မူဒ္ဒါဘ်ယ်က်၊ သကလာဘိသိက်ကိုသုံး ကြိမ် မြောက်စင်ခံ တော်မူသည်၊ ပြည် စောင့်နတ်မြို့ စောင့်နတ်တို့အား လည်း အပရိဟာနိယတရား နှင့်အညီ ရှေး မင်း တို့ထုံး စံအတိုင်း ပသတင်ကြား တော်မူသည်၊ တိုင်း သူပြည်သား သတ္တဝါအ ပေါင်း တို့အား လည်း မြတ် သော သူ တော် ကောင်း တရား တည်ထွန်း ၍ နတ်ရွာသုဂတိနိဗ္ဗာန် တိုင် အောင် သောအကျိုး ကိုဖြစ် စေခြင်း ငှါမပြတ်အား ထုတ် တော်မူ၍ထုတ် ဘော်ပြုသ တော်မူသည်၊ သူ တော် ကောင်း တရား ၌လည်း အမြဲကျင့် ဆောက်တည် တော်မူလျှက် သတ္တဝါတို့အစီး အပွါး ကိုရှာ တော်မူ သော ကြောင့်အလို တော်ရှိသမျှသည်ပြည့်စုံ ပြေကုန် ရသည်ချည်း ဖြစ်သည်၊ ရှေး ရှေး ကာလမင်း အစရှိ သောသူ ဌေး သူကြွယ်တို့ မြေနိုက် မြှုပ်ထား သောဥစ္စာရတနာတို့သည်အသာ မိတဖြစ်၍အချည်း နှီး သာရှိ လေသည်ကို ထုတ် ဘော် ဆောင်ယူသဖြင့်သတ္တဝါတို့သုံး ဆောင်ရာအကျိုး စီး ပွါး များ မည်အ ကြောင်း ကြီး နိပုရပိုက်တွင် ရေး သောစာ ပေများ သည်လည်း တရား စကား အမှန်အကန်

15 July 1817

ဟုတ်သည် မဟုတ်သည်များကို သိမြင်ရသဖြင့် အကျိုးစီးပွါးဖြစ်မည့်အကြောင်းများ
ကို ထောက်တော်မူ၍ တူးဖော်ဆောင်ယူစေသည်။ ခန့်တော်မူသည့် ကျေးတော်မျိုး
ကျွန်တော်မျိုးတို့ကိုဆူး ခလုပ်သစ်ငုတ်မှ စ၍ တစုံတခု သောဘေး အန္တရာယ်အထိအနိုက်
မငြိ။ အခြောက်အလှန့်အကန့်အကွက်အနှောက်အရှက် မပေါ်မထွက်စေရ။ နိုင်နင်း
အောင်မြစ်။ ငါ့အမိန့်တော်ပြန်ဆိုစေသည်။ အမိန့်တော်အတိုင်း တည်အောင်မြဲ
စောင့်ပြည်စောင့်ရွာ စောင့်တော စောင့်တောင်စောင့်နတ်မြတ်တို့ မြေနှုက်ကြီးသမ္မာဥဿာ
ရတနာစုတို့အလွယ်တကူ ရွှေလက်တော်သို့ ရောက်အောင် စောင့်မကြည့်ရှုထုတ် ဖော်
ဆက်သရမည်။

15 July 1817

(ဆဒ္ဒန်ဆင်မင်း သခင်မင်းတရားကြီး) နန်းစံ ၃၅ နှစ် စမ္မာဓိမာသ်
သုဒ္ဒဒိန် ၅၁၄ ဝါခေါင်လပြည့်ကျော် ၄ ရက် နေ့အမိန့်တော်ကိုခံ၍ အိမ်ရှေ့သံဆင့်သိရိ
ဇေယသူသို့အမိန့်တော်ပြန်တမ်းနှင့် ချောင်းဦး ၊ သပေါက်၊ ကန်ကြီး ၊ ရွာသစ်၊
မုံရွေး သိုက်စာတော်ထွက်များကိုကူးယူပေးအပ်သည်။ ၎င်းနေ့ဒိုင်းဝန်ကတော်
ကိုလည်း အမိန့်တော်ပြန်တမ်းနှင့် မြောင်ရွာ၊ ကျောက်ရစ်ရွာ၊ နဝက်မြို့သိုက်စာ
ထွက်များကိုကူးယူပေးအပ်သည်။
(ပညာပုရပိုက်)

ဈေးယူသည်မှန်မမှန်ကို နောက်မြို့သူကြီး ငချိတ်နှင့် ငမျက်နှာတို့အား မေးစစ်စေ၊ ဈေးယူကြောင်းမှန်လျှင် နောက်မြို့သူကြီး ငချိတ်ကအံပြသီ ဒေဝ (ထံမှယူသည့်) မြို့ရပ်ကိုဆပ်စေ၊ မြစ်စည်စစ်ကဲငမိုး တံမ်ကို ရွှေဘဝါး တော်အောက်လာစေ၊ ရွှေလှေအမှုထမ်း ရွှေတောင်တုရင်ကိုမြစ်စဉ်စစ်ကဲခန့်။

26 July 1817

ဆန္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၅နှစ်စမ္ဗာဝ်မသီသုဒ္ဓိန်၅၂၅ဝါခေါင်လပြည့်ကျော်၁၅ရက် နေ့နား ခံပြော့ကြီး မှူး ထွင်ပြန်။
(တင်ဝုရုဂိုက်)

ပု ဇော်တိုက် ရေကြည် တော်တို့ကိုတည်လုပ်ရန် ပုံစံစါရင်းများကိုဆက်သွင်း သည်မှာ တိုက်အတွင်း ရဝ်သစ်ပါသည်ကိုမပါစေနှင့်၊ အုတ်ကိုသာလုပ်စေ၊ အမိုး မှာလည်း မိုးပျည်မပါစေနှင့်၊ အုတ်ကိုသာမိုး စေ၊ ကုန်ဝင်ရန် ငွေ တော်ကိုအတွင်း တော်မှာ ထုတ်ယူလုပ် ဆောင် စေ၊ ဆင်မင်း ဝန်နေမျိုး မင်း လှစည်သူကိုကွမ်း ခွက်၊ လဘက်အိုး ၊ တကောင်း ဝိတ်ရှစ် ထောင့်၊ ငွေ ထွေး အင်၊ ထား အဆောတတ္တီပါနက် မွဝ်း ရင်ဖျား ခွေး မခွေး ငယ်ရတန့် ရွှေထား ကျောက်အိမ်ပါ၊ အိမ်ကတ္တီပါနက် မွမ်း ရင်ဖျား ခွေး မသံပတ်ရတန့်၊ ရွှေထား ကျောက်အိမ်ပါ၊ ထမ်း စင်သံလျင်း တလဲ ၉ ဝန်း ၊ ဘီနပ်ကုလား ပန်း အိမ်အတွင်းဒြောင်ရွက် အနားတမြုံခြုံး ၊ ကြက်ရင်ကုလား ပန်း အိမ် ဒြောင်ရွက်အတွင်း ကုလား ပန်း ထောင့်ကြေး စည်တိုင်၊ အဖြေ မြင်း နား လျောက် ၅ ဝန်း ၊ ထုတ် ၃ ဝန်း ၊ ထု ပြောက်အနီသုတ်၊ ခါး ပန်း စက်မှာ လက်ဝဲလက်ယာ ၃ ဝန်း စီ၊ နောက်ထုတ် ၃ ဝန်း စက်အတွင်း ဆင်စွယ်ကြယ်၊ စက်နား ဒြောင်ရွက်ဆင်စွယ်၊ ကြက်ရင်ကုလား ပန်း အိမ်ဆင်စွယ် ၂ တန့်၊ လည်သီး ဆင်စွယ် မှော သေး ကြေး စည်တိုင်ဆင်စွယ်တဝ်၊ တောင်ထိဝ်ဘ ယောင်း ပွင့်၊ ချက်ဆင်စွယ်၊ အိမ်နီ ဒြောင်ရွက် ၂ ဆင့်၊ ရွှေထွတ် ၁၊ ဒြောင်ရွက် ရေ ၁၂၊ ကျုံးင်း ဆင်စွယ်ထွတ် ၁၊ ဖေါင်း ပန်း ၉၊ တမာရွက် ထောင် ၉၊ ရွှေစလွယ ၉ သွယ၊ ကတ္တီပါဝတ်လုံ၊ ဘွဲ့ဖြူ ရွှေ မြွတ်ဂံ၊ နား ယောင်း ရွှေသားကြက်ရင် ၂ ထဝ်၊ မောက်တို ရွှေ ဝိန်း ၊ ရွှေကုန်း ဇိန် တောင်ရ၊ ရွှေထိဝ် ရွှေထွတ်ငှက်မနား ဇိန်ပွင့် ၉၊ ပါး ကာနား ကာ မောက် ရုပါလည် ကွေး ၊ ရွှေတာ နောက်ကာကတီပါနီဘဲကွပ်ဖုံး စုံသဝ်၊ မှည်း တိုကတီပါနက် ဘဲကွတ်ပိုး စုံသဝ်၊ မှည်း ရှည်တတ္တီပါဖြူဘဲကွပ်ပိုး စုံသဝ်၊ မြင်း တကိုင်း ဒြောင်ရွက် ရ၊ သံပရာ ခွံရက် ဘောက်က တောင်ဆွဲ၊ ဇက်ပါး ကာ ရွှေဇာဝါဝိန်း ၊ နင်း နှင်း သိဝ်၊ အံမ် မြွောင်ရင်ပတ်ကွင်း ငွေဇာဝါတ တောင် ရွှေ ရေး စာမရိုရုပ်ပန်း ခက် ကိုက်အနား သံငှ၊ ရွှေဝိန်း ဥက္ကက်ထိပ် ဆောင်း မြီး ပြန်း ရင်ပတ်သတ္တလပ်ကြိုး ရွှေ ကြယ်တဝ်၊ စီး နှီး သတ္တဒါန်ယတ္တလဝ်တင်ရန်း စက်ရွှန်း ၃ ဆင့်၊ လှော်ကား လှေမှတ် ဦး စက်ဝန်း ဝဲ့စက်ဝန်း ရွှေငှက်ပျံရုပ် ၄၊ နောက်ငှက်ပျံရုပ် ၆၊ ဆံတိုတဘက် ဖရုံ ထိုး ပရိတ်ချည် ၃ ဆင့်၊ ခင်တုရင်အမိုး အဖြူပဲ့ဘိတုရင်လုင်တိုင်ထောင့် ဖြေ ပန်း ဆုဝ်၊ ဖဲကြိုး ငွေက တော့၊ အောင်း နီဦး တပွင့်၊ ဝဲ့နှစ်ပွင့်၊ လှော်တက်ဖြူသနား တော်

မှုသည်၊ စာချွန်ရေး မြဲရေး ၍သွင်း ၊ နောက်ထိုင်သီရိနန္ဒကျော်ထင်၊ သီဟကျော်စွာ၊ သီဟကျော်ထင်၊ ဆင်မင်း ရွှေတိုက်စိုး ဇေယစည်သူ၊ ဆင်မင်း စာရေးကြီး စည်သူကျော်စွာတို့ကို ၅၀ တော်လက်ဝဲဘ်နန်းသူ သွေး သောက်မှာစာရင်း သွင်း၍ဘွဲ့၊ သား မယား အသက် နေ့နံ စာရင်း ကျင်ကိုလည်း သွင်း ၊ သီရိနန္ဒကျော်ထင်၊ သီဟကျော်စွာ၊ သီရိကျော်ထင်၊ ဇေယစည်သူ၊ စည်သူကျော်စွာတို့ကိုကွမ်းခွက် လဘက်အိုး ၊ တကောင်း ဗိတ်အဝန်း ၊ ထား အဆောက်ကတ္တီပါစိမ်း မွမ်း ၊ ရင်းဖျား ရွှေ မရွှေ ငယ် ၅ တန့်၊ ရွှေသား ကျောက်အိမ်ပါအိမ်ကတ္တီပါစိမ်း မွမ်းရင်းဖျား ရွှေ မသံပတ် ၅ တန့် ရွှေသား ကျောက်အိမ်ပါ၊ မြင်း ကတုံး ညောင်ရွက် ၅၊ သံပရာခွံရက် ဘောက်တ တောင်ဆွဲ၊ ဆက်ပါး ကား ရွှေဇာဝါဗိန်း ၊ နင်း နှင်း သိပ်အိမ် မြှောင်ရင်ပတ်ကွင်း ငွေဇာဝါက တောင် ရွှေ ရေး စာမရှိ ရုပ်ပန်း ခက်ကုက်၊ အနား သံ၄၊ ရွှေဗိန်း ၊ ဥကွက်ထဲ ဆောင်း မြီး ဖြန်း ရင်ပတ်သက္ကလပ်ကြိုး ရွှေကြယ်တပ်၊ စီး နှီး သက္ကဒါန်၊ သက္ကလပ်တင်ရန်း စက်ရွှန်း ၃ဆင့်၊ ထီး နီဆင်စွယ်ထွတ်၁၊ ကျွင်း ဆက်ချက်၄ခါ၊ ဓါင်း ပန်း ၆၊ တမာရွက် ထောင် ၆၊ စလွယ် ၆သွယ်၊ မိုင်း လုံဝတ်လုံ၊ ရွှေနား ထောင်ကြက်ရင်အနား ဆူး ၂ထပ်၊ မောက်တို ရွှေထိပ် ရွှေထွတ်အုံ ရွှေဗိန်း အရပ်အနား သံ၅ ရွှေ၊ ရွှေကိုး ရွှေပွင့်ရ၊ မောက်ရှုပါလည်ကွေး ၊ ပါး ကာနား ကာ ရွှေကာ နောက်တာကတ္တီပါစိမ်း ဘဲကွပ်၊ မျည်း တိုကတ္တီပါပြာဘဲကွပ်၊ မျည်း ရှည်မိုင်း လုံနံဘဲကွပ်သနား တော်မူသည်၊ စာချွန်ရေး မြဲရေး ၍သွင်း ၊ နောက် တော်ထိုင်သီရိနန္ဒကျော်ထင်တို့လိုင်၊ နေ့ဖြူဆင် တော်ဇွဲရာ ရွှေပန်း တန် လှေ တော်နှင့်သွား ၍ဆင် တော်များ ကိုကြည့်ရှုပြီး လျှင်ဇွဲနိုး သံ တော်ဦး တင်ပြန်လာစေ။

27 July 1817

ဆဒ္ဒန်ဆင်မဝိး သခင်မင်း တရားကြီး နန်း စံ ၃၅ နှစ်စမ္ဗာ ဓိမာသ်သုဒ္ဓိ ဒ္ဒန် ၅၂၆ တော်သလင်း လဆန်း ၁ရက် နေ့နား ခံစ မြှောင်မှူး ကျော်စွာ နော်ရထာတွင်ပြန်။

(တင်ပုရပိုက်)

မြတ်မြို့ဆက်ဒူး ရင်း ပင် တော်မင်း ကွတ်ပင် တော် လှေနှင့်စက်ရှင်တာ၏ပြင် ဈေး ဝတွင်ရှိသည်ကိုကင်း ဝန် နေမျိုး သူရကျော်မျှအတွင်း တော်သို့သွင်း စေ၊ မိုး ကောင်း မြို့ဝန်တို့ထံ နိုး သံတော်ဦး တင်ချက်စကား ကိုဆိုင်ပြိုင်အစစ်ခံ စေရမည် ဖြစ်သည်၊ ဗန်းမော်မြို့ဝန် နေမျိုး သူရကျော် ခေါင်ကို ရွှေဘဝါး တော် အောက်အ လျှင် ရောက် အောင်အိမ် ရှေ့မင်း က လှေလျှင် စေခန့်၍ ခေါ် စေ၊ မြောက်ဘက် တိုက် ကျောက်ရစ်ရွာ မြောက် စေတီ အောက်တိုက်တွင်ရှိသည့် ရွှေ ဘုရား ရုပ်ထု များ တို့ ရွှေ တောင်နန္ဒမိတ်စည်သူ ဆောင်ယူဆက်သ စေ။

28 July 1817

ဆန္ဒနဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၅ နှစ်စံမြွာဓိမဟာသုဒ္ဒ ဒိန် ၅၂ရ တော်သလင်း လဆန်း ၂ ရက် နေ့နား ခံသီဟ နေဘ်ရထာတွင်ပြန်။

(တင်ပုရပိုက်)

စကု စလင်း ကျပင်းမြို့ရွာတွင် ရှေးသိုက်စာဟောင်းထွက်ရှိသည်များကိုဝန်ကြီး မဟာသီဟသူရမထားသွား၍တူး ဘော်ဆက်သစေ၊ ရမ္မာဝတီမြို့ဝန်နေမျိုးသူရကမဏ္ဍိမ်ဒေသအနောက်ပြည်များသို့စေတော်မူသည့်အမှုများတွင်ဓညဝတီမြို့က ပေးကုန်ဆောင်ရွက်ရသမျှ ငွေဒင်္ဂါး ငွေသားခွဲစုသင့်များကိုရမ္မာဝတီမြို့ခွဲစုခွဲပုံခံ၍ဆုံပေး စေ၍ မိန့်တော်မြွက်ကိုဦး ထိပ်ရွက်ရပါသည်၊ ရမ္မာဝတီမြို့ကလည်း အထက်ရွှေတောင်သာဂသူကိုမြို့ဝန်မခန့်မှီဗာရာဏသီမြို့သို့စေတော်မူရာကြိုဆိုပို့သည့်စရိတ်ငွေဒင်္ဂါး ၄၅၀၀၊ ရွှေတောင်သာဂသူကိုမြို့ဝန်ခန့်တော်မူမှဗာရာဏသီမြို့သို့စေတော်မူရာအသွားအပြန်ပေးကုန်ဆောင်ရွက်ရသည့်ငွေဒင်္ဂါး ၅၄၈၁၅၊ စစ်ကဲငစံ၊ အိမ်ရှေ့ထမ်းငမှုံတို့ကပိလရသေ့အပင့်အဆောင်အသွားအပြန်ပေးကုန်ဆောင်ရွက်ရသည့်ငွေဒင်္ဂါး ၂၃၄၉၀၊ သီဟိုဠ်ရာမဟာဗောဓိပင်များနှင့်ရမ္မာဝတီမြို့သို့ဆိုက်ရောက်ရာရွှေဘဝါး တော်အောက်အရောက်ကျွေး မွေးပို့ဆောင်ရသည့်စရိတ် ၄၁၅၀ အစုစုရမ္မာဝတီမြို့က ပေးကုန်ဆောင်ရွက်ရသည့်စရိတ်ဒင်္ဂါး ၀၆၉၅၅ များကျကုန်ရှိပါသည်၊ ဓညဝတီမြို့ကကျကုန်သည့်စရိတ်နည်း ပြန်အမ်း ညီညွတ်ကျကုန်ပါရမည့်အကြောင်း နှင့်ဖွဲ့ခိုး သံတော်ဦးတင်ချက်အတိုင်း ရမ္မာဝတီမြို့ကအနောက်သဘောပြည်မဏ္ဍိမဒေသများသို့စေခန့်သွားရာကုန်သည့်စရိတ်ကြေး ငွေမှာဓညဝတီမြို့နည်း ကုန်ကျသည်မှန်သမျှကိုဓညဝတီ၊ ရမ္မာဝတီ၊ ဒွါရဝတီ၊ မေဃဝတီ လေးမြို့သာနာညီမျှပြန်အမ်း ကျခံကြ စေ။

29 July 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်းတရားကြီး နန်း စံ ၃၅ နှစ်စမ္မာဗိမာသိသုဒ္ဓဒိန် ၅၂၀ တော်သလင်းလဆန်း ၃ ရက်နေ့နားခံ ဇေယနေဘ်ရထာတွင်ပြန်။
(တင်ပုရပိုက်)

ဗန့်မော်မြို့ဝန် နေမျိုးသူရကျော်ခေါင်တို့ လှေလျှင်နှင့်အလျင်အမြန် ခေါ်စေအ
မိန့်တော်ပါသည်မှာ အလျင်အမြန်မလာစေ(နှင့်ဦး)။ ဝေသာလီမင်း ကဆက်
သည့်သမီး ကညာလက်ဆောင်တော်များကို ဗန့်မော်မြို့ဝန်ကိုယ်ကြပ်မဆောင်ယူ၍
ရွှေဘဝါး တော်အောက်လာစေ။ မိုး ကောင်းမြို့ဝန် နေမျိုးသိဒ္ဓိကျော်ထင်။ မိုး
ညှင်းမြို့ဝန်နရာရဲခေါင် ကျော်တို့ကို ရွှေဘဝါး တော်အောက်အလျင် ရောက်အောင်
ခေါ်စေ။ မိုး ကောင်းမြို့ဝန်တို့တပ်တွင်ပါသည့်တပ်မှူး စစ်ကဲခေါင်းကြီးတို့မှာ
လည်း ဗန့်မော်မြို့ဝန်ကရှိနိုး သံတော်ဦး တင်ချက်ဝင်စာရင်း ဆက်ရာပါသူအစစ်
ခံစေရန်လူတို့ကိုတ ယောက်မကျန် မိုးကောင်းမြို့ဝန် မိုးညှင်း မြို့ဝန်တို့နှင့်အတူ ရွှေဘဝါး
တော်အောက် ခေါ်ခဲ့စေ။ ရေဝန် ဟောင်းငွှန်း ငယ်သည် ဖြောင့်မှန် အောင်အစစ်
မခံဖြစ်သည်မြို့ဝန်တစ်ဦး ထိုး စီရင်ရှိသည့်အတိုင်း ပေါ်အောင်စစ်စေ။ ဘောင်း
လင်း မြို့သူကြီး ငအူ။ ဘောင်း လင်း မြို့နေ ငသင်တို့စစ်ချက်ကိုဆင်ဝန်ကဆက်သွင်း
သည့်အတိုင်း ဘောင်း လင်မြို့သူကြီး ငအူတို့ စလင်း မြို့ဝန်နရာ ကျော် ခေါင်နှင့်ထည့်
အပ်လိုက်သွား စေ၍ ဘောင်လင်မြို့ ရွှေ စောလူဘုရား အနောက် တောင်အရပ်
တောင်ဘီလူး တန်း ပေါ်တွင် ဇောင်ချုပင်ကြီး အနီး အနား သိုက်တူး စနေရာ
မှာ စလင်း မြို့ဝန်နရာ ကျော် ခေါင်ကတူး ဖော်ဆက်သစေ။ အချောက်အလှန့်မ
ပေါ်မရှိစေရအမိန့်တော်ပြန်တမ်း ပေး အပ်၍အမိန့်တော်ပြန်စေ။ ရွှေလေး
အမှုထမ်း ဘယ ရွှေတောင်ကို ဇေယကျော် ခေါင်အစား ရမ္မာဝတီမြို့စစ်ကဲခန့်။

30 July 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ ၃၅ နှစ် စမ္ဗာ ဓိမာသ်သုဒ္ဒ
ဒ်န် ၅၂၉ တော်သလင်း လဆန်း ၄ ရက် နေ့နား ခံသိမ်နော်ရထာတွင်ပြန်။
(တင်ပုရပိုက်)

ရေး မြို့ဝန် ဟောင်း ဂုံစက် ကျော် ခေါင်မှာ ရေး မြို့ကထွက် ပြေး သည့်ကရင်တို့ကို မုတ္တမ ကေလာသကင်း တပ်အတွင်း ရှိ နေရာကင်း တပ်တို့တိုက်ဖျက်သိမ်း ယူ ကြောင်း နှင့်အ ဖြောင့်အမှန်အစစ်ခံ၍ ရှိသည်၊ တကြိမ်တခါမှား ယွင်း ကြုး လွန်မိ သော်လည်း အ ဖြောင့်အမှန်အစစ်ခံသည်ဖြစ်၍ ချမ်း သာ ပေး တော်မူသည်၊ အကျည်း ကလွှတ်၊ ဂုံစက် ကျော် ခေါင်ကိုလည်း အ ဆောင် တော်မှာမြဲ စွဲထမ်း ရွက် စေ။

2 August 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၅ နှစ် စမ္မာ မိမာသီသုဒ္ဓိ ဒိန် ၅၃၂ တော်သလင်း လဆန်း ၇ ရက် နေ့နား ခံသီတ နော်ရထာတွင်ပြန်။

(တင်ပုရပိုက်)

ပန်း တည်း ဝန်ကိုအတွင်း တော်သို့ဝင်ထွက်ထမ်း ရွက်မြဲဝင်ထွက်ထမ်း ရွက် စေ။

ဆန္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၅ နှစ် စမ္မာဓိမသည်သဒ္ဒ
3 August 1817
ဒိန် ၅၃၃ တော်သလင်း လဆန်း ၈ ရက် နေ့ နံ ၁း ခ် ဇေယ နော်ရထာ တွင်ပြန်။

(တင်ပုရပိုက်)

ရတနာသိင်္ခမြို့ မြေတိုင်ကြီး ငထော်သား ငခွေး ကဆက်သည့်ရတနာသိင်္ခမြို့ တောင် တကနန်ရွာ ရှေ့တွင်လုပ်ဂိုး စွဲလယ်ကန်ကိုင်ကြီး၊ အိုင် ပေါက်ကြီး၊ အုတ်နှံ့ရင်း မြောင်း၊ ရွက်ချွန်၊ ပျိုး ခင်းကြီး လယ်စုနှင့်လယ်တွင်းရေ ၂၂၊ မျိုး ဝင် ၂၅ ပြဲ မြောင်း အရှေ့ဘက်ဝမ်း ဘဲလူး လယ်နှင့်တွင်း ရေ ၄၊ မျိုး ဝင် ၅ ပြဲ ၂ စုလယ်တွင်း ရေ ပေါင်း ၂၆၊ မျိုး ဝင် ၂ ရ် ၅ ပြဲတို့ ဝန်ဝန်စာ ရေး တို့ကိုအပ်၍ထိန်း သိမ်း စေပြီး လျှင်အလုံမြို့ဝန်သို့မှာထား လုပ်ဆောင်စေ၊ လယ်ကိုလည်း လယ်ဆက်သူ ငခွေး ကလိုက်၍ပြအပ်စေ၊ ရတနာသိင်္ခမြို့နယ်ပိုင် ငခွေး စောင့်ကြပ်၍ ရေး သား စေ၊ သိပေါ်အမတ်တို့မှာသူခိုး လူဆိုး တို့ကိုဖမ်း ဆီး ၍အပ်နိုင်သည် ဖြစ်သည်၊ သိပေါ်အမတ်တို့ကိုမချုပ်မထား နှင့်ချမ်း သာ စေ။

4 August 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၅ နှစ်စမ္ဗာဓိမာသိသုဒ္ဓဒိန် ၅၃၄ တော်သလင်း လဆန်း ၆ ရက် နေ့နား ခံသိမ်း နေ်ရထာတွင်ပြန်။

(တင်ပုရပိုက်)

မြစ်သား မြို့စား မင်း သမီး ကမြစ်သား မြို့မှာ မြေတိုင်သူကြီး ခန့်တော်မူသူ င
ခွေး ဖြူ့သေဆုံး လျှင်သမက်ငရန်ကင်း ကို မြေတိုင်သူကြီး ခန့်တော်မူ၍ကြီး စိုး စီ
ရင်သည့်အတွင်း ငအိုက ငခွေး ဖြူ့သား ဖြစ်သည်ရှိခိုး သံတော်ဦး တင်၍ ငအိုကို မြေ
တိုင်သူကြီး ခန့်တော်မူသည်တွင် ငရန်ကင်း အရာကကျလွှတ်ပါရသည်၊ ယခု ငအို သေ င
ခွေး ဖြူ့သား မြေ အဆက်အခံ မရှိအထက်ခန့်တော်မူရင်း င ခွေး ဖြူ့သမက် ငရန်
ကင်း ကို မြေတိုင်သူကြီး ခန့်ထား ပါမည်အကြောင်း နှင့်ရှိခိုး သံတော်ဦး တင်ချက်
အတိုင်း ငရန်ကင်း ကိုမြစ်သား မြို့ မြေတိုင်သူကြီး ခန့်၊ ကျုံဝန်ဝန်စု ငွေခွန်ဝန်ဝန်
စု ကျေး ရွာ များ မှာအရေး အခွင့်ရှိလျှင်ရှိ လျှောက်မိုး နံ့ဗိုလ်မှူး ကခန့်ထား စေ
မည်အရေး အခွင့်မရှိလျှင်လည်း အထက်အမိန့်တော်ရပ်း နှင့်အညီ မခန့်မထား ငြိမ်
ဝပ်စေရမည်စာဆက်သွင်း ချက်အတိုင်း သင့်ပြီ၊ မြေထပ်ဝန်ရဲလှ ကျော်ထင်ကို မြေ
လပ်ဝန်အရာကနှုတ်၊ ဝန်ကြီး မဟာမင်း လှမင်း ခေါင်ကအဘမြင်း ဝန်နှင့်မဂ်
လာတပ်တော်တွင်အမှုတော်ကိုထမ်း ရွက်သည့်မဂ်လာတပ်တော်ပါလူတို့ကို ၅၀ တော်
သွေး သောက်သွဲ့၍ထမ်း ရွက်ပါစေရမည့်အကြောင်း နှင့်စာရင်း တော်ဆက်၍ရှိ
ခိုး သံတော်ဦး တင်သူ ရွှေ တောင် ကျော်ထင်၊ ငထွား သား ငကြင်ဥ၊ ငကြင်ခဲ၊
အိန္ဒ ဝေရ၊ ငမြတ်ထွန်း အောင်သား ငတုံ၊ ပုံချီ ဇေယကျော်သား ဇေယရာဇာသူ
ညီငမြတ်ထွေ၊ ငထွန်း လှသား ဥဒန်သကြန်၊ ငဝက်သား ငကင်၊ ငနက်သား င
သော်၊ ငမောင်သား ငခွေး၊ ငဘိုလူသား ငဘိုး လျှောက်တို့လူ ပေါင်း ၁၂ ကို ၅၀
တော် ကောတာရာဇ္ဇသူ သွေး သောက်မှာစာရင်း သွင်း၍သွဲ့၊ သား မယား အသက်
နေ့နံ စာရင်း ကျယ်ကိုလည်း သွင်း ။

5 August 1817

ဆန္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ၃၅နှစ်စမ္ဗဝဓိမာသီသုဒ္ဓ
ဒိန် ၅၃၅ တော်သလင်း လဆန်း ၁၀ ရက် နေ့နား ခံပြောကြား မှူး သီဂို ဇေယ နော်
ရထာမြန်။

(တင်ပုရပိုက်)

ရှုပ်ထား နံ့ထား ပြုလုပ်သူ ဆေး သမား ကိုခါး မှာသံကြီး တပ်၍ပြုလုပ်ရင်း အရပ်
မှာပြုသတူး တော်စေပြီး လွှင်အတတ်ကို ဖြေသိမ်း စေ၊ မပြုမ တော်လျှင် ဆေး သ
မား ကိုအဆုံး စီရင်၊ မဇ္ဈိမဒေသတိုက်ဝဇ္ဇီတိုင်း ဝေသာလီပြည်ကြီး သည် ရွှေလက်
တော်သို့ ရောက်၍ ဝေသာလီမင်း မျိုး ဖြစ် သော မင်း သမီး စစ်ကို ခြွေရံ နောက်
ပါများ စွာအများ အမတ်တို့ကြပ်မ ဆောင်ယူ၍ ဗန်း မော်မြို့သို့ ရောက်သည်ကို ဂန္ဓလ
ရာဇ်တိုင်း ဥတည်မင်း ကဆက်သည့်မင်း သမီး သုံး ပါး ကိုကြိုဆို ဆောင်ယူသည့်နည်း
ကြိုဆို ဆောင်ယူဆက်သ စေမည်စာသွင်း ချက်အတိုင်း သင့်ပြီ။

6 August 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၅ နှစ် စမ္ဗာမိမာသ်သုဒ္ဒ
ဒိန် ၅၃၆ တော်သလင်း လဆန်း ၁၁ ရက် နေ့ နာ ခံ စ မြောင်များ ကျော်စွာ နော်
ရထာ တွင်ပြန်။

(တင်ပုရပိုက်)

မြင်း စုကြီး ဝန် နေမျိုး နေဘ်ရထာ စည်သူ၊ အသည်ဝန် နေမျိုး သီဟ ကျော်စွာ၊
ဝန်ထောက် နေမျိုး ရွှေ တောင် နေဘ်ရထာ တို့ကိုကွမ်း ခွက်၊ လဘက်အိုး ၊ တ ကော်င်း
ပိတ်ရှစ် ထောင့်၊ ငွေ ထွေး အင်၊ တား အ ဆောကကတ္တီပါနက်မှမ်း ရင်း ဖျား
ခွေး မခွေး ငယ်ရတန့်၊ ရွှေသား ကျောက်အိမ်ပါ၊ အိမ်ကတ္တီပါနက်မှမ်း ၊ ရင်း
ဖျား ခွေး မသံပတ်ရတန့် ရွှေသား ကျောက်အိမ်ပါ၊ တစင်သံလျှင်း တလဲ ၉ ဝန်း ဘဲ
နပ်ကုလား ပန်း ၊ အိမ် ညောင်ရွက်အတွင်း ကုလား ပန်း ၊ ဘောင်ထိပ်ဘ ယောင်း
ပွင့်ခါး ပန်ကမွတ်ကြာနုတမြှုံခြုံး ၊ ကမွတ်အတွင်း ပြုင်ပွတ်ခြမ်း ၊ စက်ဘီလူး ခေါင်း
အတွင်း ကြယ်နား ကုလား ပန်း ညောင်ရွက်တမြှုံခြုံး ၊ ကြက်ရင်ကုလား ဝန်း အိမ်
ညောင်ရွက်အတွင်း ကုလား ပန်း ထောင့် ကြေး စည်တိုင်အ ဖြေမြဝ်း နား လျောက်
၅ ဝန်း ထုတ် ၃ ဝန်း ၊ ထု ပြောက်အနီသုတ်၊ ခါး ပန်း စကမှာလက်ဝဲလက်ယာ ၃ ဝန်း
စီ၊ နောကထုတ် ၃ ဝန်း ၊ စကအတွင်း ဆင်စွယ်ကြယ်စက်နား ညောင်ရွက၊ ဆင်
စွယ်ကြက်ရင်ကုလား ပန်း ၊ အိမ်ဆင်စွယ် ၂ တန့်၊ လည်သီး ဆင်စွယ် မော်သေး ၊ ကြေး
စည်တိုင်ဆင်စွယ်တပ်၊ ဘောင်ထိပ်ဘ ယောင်း ပွင့်၊ ချက်ဆင်စွယ်၊ ထီး နီ ညောင်
ရွက် ၂ ဆင့်၊ ရွှေထွတ် ၁၊ ညောင်ရွက် ရေ ၁၂၊ ကျူင်း ဆင်စွယ်ထွတ် ၁၊ ဗောင်းပန်း
၉၊ တမာရွက် ထောင် ၉၊ ရွှေစလွယ် ၉ သွယ်၊ ကတ္တီပါဝတ်လုံ၊ ဘွဲ့ဖြူ ရွှေမြိတ်ဂံ၊ နား
တောင်း ရွှေသား ကြက်ရင်ဆူး ၂ ထပ်၊ မောက်တုံ ရွှေပိန်း ရွှေကုံး စိန် တောင်
ရ၊ ရွှေထိပ် ရွှေထွတ်ငှက်မနား စိန်ပွင့် ၉၊ ပါး ကာနား ကာ၊ မောက်ရှုပါလည်
ကွေး ရွှေကာ နောက်ကာ၊ ကတ္တီပါနီဘဲကွပ်၊ ပုံး စုံသပ်၊ မျည်း တိုကတီပါနက်ဘဲကွပ်၊
ပုံး စုသပ်၊ မျည်း ရွှည်ကတ္တီပါပြာဘဲကွပ် ပုံး စုံသပ်၊ မြင်း ကကုံး ညောင်ရွက်ရ၊
သံပရာခွဲရက် ဘောက်က တောင်ဆွဲ၊ ဆက်ပါး ကာ ရွှေဇဝါဝိန်း ၊ နင်း နှင်း သိပ်၊
အိမ် မြွောင်ရင်ပတ်ကွင်း ၊ ငွေဇဝါ၊ က တောင် ရွှေ ရေး ဇာမရီရှုပ်ပန်း ခက်
ကိုက်၊ အနား သံငှ၊ ရွှေပိန်း ၊ ဥက္ကက်ယံပ် ဆောဝ်း မြီး ဖြန်း ရင်ပတ၊ သက္ကလပ်
ကြိုး ရွှေကြယ်တပ်၊ ဇီး နှီး သက္ကဒါန်၊ သက္ကလဝ်တင်ရန်း စက်ဟွန်း ၃ ဆင့်၊ လှော်ကား
လှေမှတ်၊ ဦး ငကဝန်း ပဲ့စက်ဝန်း ရွှေငှက်ပြုရုပ်ငှ၊ နောက်ငှက်ပြုရုပ်ဖြ၊ ဆံထုံး
တဘက် ဖရုံတုံး ၊ ပရိတ်ချည် ၃ ဆင့်ခင်တုရင်အမိုး အုံဖြူပဲ့ဘဲတုရင်လုင်တိုင် ထောင့် ဖြေ၊
ပန်း ဆုပ် ကြေး ကြိုး ငွေကဲ တော့၊ အောင်း နီဦး တပွင့်၊ ပဲ့ ၂ ပွင့်၊ လှော်တက်ဖြူ

သနား တော်မူသည်၊ စာချွန်ရေး မြဲရေး၍သွင်း ၊ စန္ဒဇေယက ချေး ယူသည့် ငွေ တော် ၁၀၀၀ ကို စန္ဒဇေယရှိစဉ်က မဆပ်မသွင်း နိုင် ငွေ ၄၀၀ ကျော်သာဆက် သွင်း နိုင်သည်ဖြစ်၍ စန္ဒဇေယကဆင့်ကဲ ချေး ထား သည်များ ကိုစစ်ဆေး ရာတွင် အသီး အသီး ချေး ယူသည့်သဿရာဇ်စာတွက်ကို ဝန်ကြီး မဟာသီတသူရကဆက်သွင်း သည့် အတိုင်း စန္ဒဇေယက ချေး ပေး သမျှ ငွေသည် ငွေ တော်ဖြစ်သည်၊ သဿရာဇ်စာ ရင်း ဝင် ချေး ယူသူတို့မှာ ဝန်ကြီး မဟာသီတသူရက တောင်း ၍ဆက်သွင်း စေ၊ ကျိုင်း ရုံး ကြီး မြို့မှာ မဟာခန်ကို ယည်ဝိဘွား ခန့် တော်မူပါမည့်အကြောင်း နှင့် ရှိခိုး သံ တော်ဦး တင်သည်မှာ မဟာခန်သည် ရွှေဘဝါး တော် အောက်မ ရောက်မ လာသည်ကို ယည်ဝိဘွား ခန့်ထား မြဲထုံး စံမရှိဖြစ်သည်၊ လာလူတို့ကိုပြန်သွား စေ၊ ဗန်းမော်မြို့ဝန် နေမျိုး သူရ ကျော် ခေါင်မှာအမိန့် တော်နှင့် ခေါ် တော်မူ၍သာ ရွှေဘဝါး တော် အောက်အလျင်အမြန်လိုက်ရောက်ရသည်ဖြစ်သည်၊ ဗန်းမော်မြို့သို့ပြန် သွား စေ၍ ဝေသာလီမင်း ကဆက်သည့်သမီး ကညာအ ချွေအရံနှင့်တကွ စီး ရန် ဆောင်ပန်း လှေတက်များ ကိုကြပ်မ ဆောင်ယူဆက်သ စေ၊ လွှတ် တော်ကလည်း အ မိန့် တော်ရင်း အတိုင်း အကြိုအဆိုမှူး မတ်တ တော်မယား တို့ကိုခန့်ထား သွား စေ။

7 August 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ ၃၅ နှစ်စမှာ မသည်သူဒ္ဒ ဒိန် ၅၃၇ တော်သလင်း လဆန်း ၁၂ ရက် နေ့နား ခံသီဟ နော်ရထာတွင်ပြန်။ (တင်ပုရပိုက်)

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော ရေ မြေအသျှင်ဆဒ္ဒန်ဆင်မင်း သခင်
ဆင်ဖြူများ ရှင်လက်နက်စကြာသခင်အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အ
မိန့်တော်ရှိသည်၊ ငါအသျှင်ဧကရာဇ်မင်း မြတ်သည်တိုင်း သား ပြည်သူသတ္တဝါအ
ပေါင်း တို့ကိုး ကွယ်မှီခိုရာဖြစ် တော်မူ သော ကျောင်းသတ္တဝါအ ပေါင်း တို့အား အကျိုး
စီး ပွါး များ စိမ့် သော ငွါ ဗေဒင် ကျောင်း ပိဋကတ် ကျောင်း နှစ်ပါး မှာ ပင်တ
ရား အမှန်ဖြစ် စေလို၍ ဥဿဟလို့လအား ထုတ်ခြင်း ဖြင့်မပြတ် မလပ်နှစ်လ နေ့ရက်
ကာလအရှည် ပြော ဟောပြသ တော်မူသည်၊ ထိုသို့ပြသ တော်မူ သော်လည်း နား လည်
ဆောင်စွမ်း နိုင်ကြသည်မဟုတ်၊ မြန်မာတို့တိုင်း ပြည်တွင်သူနာပရန္တတိုင်း လယ်
ကိုင်း အရပ်နှိုက်အရှင်ပုဏ္ဏ မ ထေရ် ရောက်၍ ရဟန်း ယောကျ်ား ငါး ရာရဟန်း
မိန်း မငါး ရာတို့သည်ရဟန္တာမြစ်ကုန်ကြသည်နှင့်သာသနာ တော်ပွါး များ တည်ထွန်း
၍တမ္ဗဒီပတိုင်း သ ရေ ခေတ္တရာပြည်သို့ ရောက်ပြန်လျှင်သ ရေ ခေတ္တရာတွင်မင်း
နှစ်ဆယ့်ခုနစ်ဆက်၊ အရိမဒ္ဒနာပုဂံပြည်တွင်မင်း လေး ဆယ့်တဆက် မြောက်လက်ထက်
တည်ထွန်း ရှိသည်ကိုအ နော်ရထာ စောလက်ထက်တွင်မှအထက်သာသနာရင်း ကိုပယ်
ရှား ဖျောက် ဖျက်၍သာသနာသစ်ပြု ကျောင်း ကိုလည်း ရာဇဝင်အထင်အရှား ရှိ
သည်၊ ရှင်ပုဏ္ဏမ ထေရ်သာသနာပြုစု ကျောင်း ကိုလည်း ပုဏ္ဏောသုတ်အထင်အရှား
ရှိသည်၊ ပုဏ္ဏောဝါဒသုတ်လါရှိသည်ကိုအယူမရှိကြ၊ ဖေါ်ပြ တော်မူမှသာပုဏ္ဏောဝါဒ
သုတ်လည်း ပေါ်ထွန်း ရသည်၊ နော်ရထာ စောလက်ထက်တွင်မှရဟန္တာမဟုတ်သူသ
ထုံမြို့ကင်တ်မွတ် ခေါင်း ပါး ၍အစား အစါရှာ ဖွေလှည့်ပတ်သည့်သာမ ဏေငယ် ရောက်
သည်ကိုမူဆုံး ဆောင်ယူ၍အ နော်ရထာ စောကိုအပ်လျှင်ရဟန္တာဖြစ်ဟန်ပြုလုပ်၍အ
ထက်အရှင်ပုဏ္ဏသာသနာရှိရင်း ရှင်အရည်း ကြီး သုံး ကျိတ်အရည်း ငယ် ခြောက် သောင်း
တို့ကိုစီရင်ပယ်ရှား ပြီး လျှင်သာသနာသစ်ပြုလုပ်သည့်အရာသည်ရာမညတိုင်း တလိုင်း
ပြည်သည်လည်း သ ရေ ခေတ္တရာမင်း တို့ပိုင်နက် ကျေး ကျွန်သာဖြစ်၍သ ရေ ခေတ္တရာ
ပြည်ကိုဒွတ္တ ပေါင်မင်း တည်သည့်ကာလသက္ကရာဇ်၁၀၀သာရာဇဝင်ရှိသည်၊ ထိုကာ
လတလိုင်း ပြည်ဟူ၍ မထင်မရှား ၊ ပုဂံတွင်အ လောင်း စည်သူလက်ထက်သက္ကရာဇ်၅၁၀
တွင်မှတလိုင်း ပြည်ရွာဖြစ်ပွါး ၍ဟံသာဝတီတွင်သမလ ဝိမလတို့တည် ထောင်စိုး အုပ်
သည်၊ အလိမ်မာတို့လည်း မုတ္တမတွင်ထား ၍မြို့ရွာပြုစု စေသည်များ ကို ထောက်လျှင်

တလိုင်း တို့ဒေသအရပ်လည်း ပြည်ကြီး တိုင်း ကြီး မူလရင်း မဟုတ်၊ တလိုင်း ပြည်မှာ
ယူရသည်ဆိုသည့်၏ ပေပိဋကတ်ရဟန်း ဆိုသည်များ နှင့်သာသနာသစ်ပြုလုပ်သည့်အ
ရာမသင့်မလျော်ဖြစ်လျက်အရှင်ပုဏ္ဏသာသနာကိုပယ်ရှား ရ အောင်နော်ရထါ
စောမှား သောအယူဖြင့်ပြုလုပ်သည့်အရာကို ကောင်း သည်ထင်မှတ်၍ ပုဂံ မြင်
စိုင်း စကိုင်း ပင်း ယ အဝမင်း တို့လက်ထက်ချိုး မြောက်ကိုး ကွယ်စွဲလမ်း ယူ
မှား ကုန်သည်များ ကိုနား လည်သ်မြင် ကောင်း လျက်ဆရာစဉ်ဆရာဆက်တို့မဖော်
မပြု၊ နော်ရထာ စောပြုစုခဲ့ သောအရာတို့အယူ၊ ညတ္တိစတုတ္ထ ကမ္မဝါစါဖြင့်ရဟန်း
ပြုကုန်သည်ကိုသာအ လေး အမြတ်ယူဆကျင့် ဆောင်ကုန်သည်ဖြစ်၍ ညောင်ရမ်း ဆယ်
ဆက်လက်ထက်တွင်လည်း သာလွန်မင်း လက်ထက်ပိဋကတ်စာ ပေကိုအရပ်ရပ်စု ဆောင်း
၍ရသမျှပိဋကတ်တိုက် နှင့် ရေး သား သွင်း ထား သည်၊ ညတ္တိစတုတ္ထဖြင့်ပြု သောရဟန်း
တို့ကိုလည်း နှစ်စဉ်၏မေး ပွဲပဥ္စင်း တော်ခံပွဲလမ်း ပြုလုပ်ထား သည်၊ ရဟန်း တို့
လည်း ဂါမဝါသီ၊ တုံ၊တော ကျောင်း ၊ အုပ်ထုပ် ဆောင်း ၊ ပွဲ ကျောင်း ၊ အရုံ၊ အတင်၊
စည်တီး ၊ မီး နှက်အသီး အသီး ကျင့် ဆောင် နေကြသည်များ ကိုအကြံမကြံမိပြသ တော်မူ
သော်လည်း အယူ တော်ကိုနား မလည်ကြကုန်သည်ဖြစ်၍ ရှေ့ပြုမြဲကို မစွန့်မပယ်နိုင်ကြ၊
အယူရှိရာသို့လည်း တည့်တည့်တည်း မလိုက်နိုင်၊ ပြည်ရွာအကျင့်အ လေ့အစွဲအလမ်း မ
ရှိဖြစ်မည်ကိုချင့် ထောက် တော်မူ၍ ရှေး ဆရာစဉ်ဆရာဆက်ပြုလုပ်ကျင့်ကြသည့်အရာ
ကိုပင်ကျင့် ဆောင် စေမှညီညွတ်ကြမည်အ ကြောင်း ကိုသိ တော်မူသည်၊ ညတ္တိတမ္မဝါစါ
ဖြင့်ရဟန်း ပြုလုပ်ကျင့် ဆောင်သည်များ ကိုမ ပျောက်မပျက် စေရ၊ ပြည်ရွာဓ လေ့
ရှိမြဲရှိ အောင်ကြပ်ကြပ်တည်း တည်း စီရင် တော်မူမည်၊ ရွှေပြည် တော်အတွင်း ပြုမြဲ
ရှေး အစဉ်ညတ္တိစတုတ္ထတမ္မဝါစါဖြင့်သာရဟန်း ပြုစေ၍ကျင့် ဆောင်မြဲတုံ၊ တော
ကျောင်း ၊ ပွဲ ကျောင်း ၊ ဂါမဝါသီ၊ အုပ်ထုပ် ဆောင်း ၊ တလပတ်ကိုင်၊ စည်တီး ၊
မီး နှက်၊ အရုံ၊ အတင် ကျင့်လိုသမျှကျင့် ဆောင်ကြ စေ၊ တကါဥပါတို့မှာလည်း ကျောင်း
ကန် ဆောက်လုပ်လှူဒါန်း တုံး ကွယ်မြဲ ဆောက်လုပ်လှူဒါန်း ကိုး ကွယ် စေ၊ နှစ်စဉ်ပဥ္စင်း
တော်ရှင် တော်၏မေး ပွဲများ ကိုလည်း နှစ်စဉ်အတိုင်း စီရင်မြဲစီရင်အမိန့် တော်
ထုတ်ပြန်သည်ကို ရှေး အစဉ်ဖြစ်မြဲ မဖြစ်မရှိ စေနှင့်၊ ဝန်တို့မှာလည်း အာဏာထား
၍ နိုင်နင်း အောင်စီရင်၊ တိုင်း နိုင်ငံ တော်အတွင်း မြို့၏ စော်ဘွား မြို့ဝန်စစ်

ကဲ ဈေမြတိုင်သူကြီး တို့သို့လည်း စေ့နှံ့အောင်အမိန့်တော်ပြန်။

7 August 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၅နှစ်စမ္ဗာဒီမဘယ်သုဒ္ဒ ဒိန်၅၃၇ တော်သလင်း လဆန်း ၁၂ရက် နေ့နား ခံသီတ နေ၁ရထာ၁တွင်ပြန်။

(အုပ်ချုပ်ပုံ၊ တ၊ ပိုဒ်၃၉၂၈၊ စာ၁၂၃-၅၊ တင်ပုရပိုက်၊ ပေလေး ပင်၊ မှတ်၁၊ ဩဂုတ်၁၉၇၀၊ စာ၄၄-၀)

ဘိသိက် တော်ဆက်ရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇာဂုရုကရာဇာ မဏ္ဍန်ကျွမ်း ထွက်နှင့်
အညီနန်း စံ၃၅နှစ်စမ္ဗာဓိမာသ်သုဒ္ဓဒိန် ၅၅၀သိမ်ရာသီစန္ဒရမာသ၂ ဖြအသ်ာ
22 August 1817
နှင့်နာဂိ၄၀ တော်သလင်း လပြည့်ကျော် ၁၂ရက် နေ့အစဝင်တွင်အဿတိရ သေ့ကို
နှစ်စဉ်ပူဇော် တော်မြဲပူဇော် တော်မူပါမည့်အကြောင်း နှင့်ဖွံ့ဆိုး သံ တော်ဦး
တင်ချက်အတိုင်း နှစ်စဉ်ပူဇော်မြဲပူဇော်စေ၊ လှော်ပွဲသဘင် နေ့ရက်နီး ပြီဖြစ်သည်၊
လှော်ကား လှော်တက်စာရင်း ကိုဆက်သွင်း သည်မှာ ဝေသာလီမင်း သမီး ရွှေစက်
တော် အောက် ရောက်မည့် နေ့ရက်လည်းနီးပြီဖြစ်သည်မင်း သမီး ရောက်သည့်ကာ
လမှ လှော်တက်စာရင်း ဆက်သွင်း ချက်အတိုင်း လှော်ပြိုင်ကြစေ။
8 August 1817
ဆန္ဒန်ဆင်မင်း သခင်မင်း တရား ကြီး နန်း စံ၃၅နှစ်စမ္ဗာဓိမာသ်သုဒ္ဓ
ဒိန်၅၃၈ တော်သလင်း လဆန်း ၁၃ရက် နေ့နား ခံ ဇေယနော်ရထာ တွင်ပြန်။
(တဝ်ပုရပိုက်)

ဝေသာလီမင်း သမီး ကိုသင်း ပင်း အခြွေအရံများ ရွာနှင့်ဗန်းမော်မြို့က ရွှေဘ
ဝါး တော်အောက် ဆောင်ယူဆက်သမည်မှာ ဘောင်ပန်း လှေတက်မျိုး ဂိုဏ္ဍာ ဈေး
မွေး လုပ် ဆောင်ရန်ရှိသည်များ ကိုအညာမြစ်စဉ်မြို့ရွာစုက တော်သင့်အောင်
ခန့်ရန်စီမံ၍ ရွှေဘဝါး တော်အောက်ဆက်သစေ၊ သင်မှူး သူရိန် ရွှေတောင်ကို
ဗန်းမော်မြို့ဝန်နှင့်လိုက်၍ မင်း သမီး ကို ဆောင်ယူလာသည့်ကာလမှ ရွှေဘဝါး တော်
အောက်လိုက်လာစေ၊ ဗန်းမော်မြို့ဝန် နေမျိုး သူရကျော် ခေါင်ကိုကွမ်း ခွက်၊ လဘက်
အုံး ၊ တကောင်း ပိတ်ရှစ် ထောင့်ပယင်း တပ၊ ဇောင်း ကတ္တီပါနီ ရွှေသား ပန်း
၉၊ တမာရွက် ထောင် ၉၊ ဘုံသင်း ကျစ်တပ၊ ရွှေစလွယ် ၁၂ သွယ်၊ ရွှေနား တောင်
ကြက်ရင်ဆူး ၂ တပ်၊ ဝတ်လုံကတ္တီပါဘဲဂုံ ရွှေဖျင်ဝိတဆင့်တပ၊ ဘုံဖြူ ရွှေမြိတ်ဂံ၊ အုံး ဝန်း ၊
မောက်တို၊ ရွှေဝန်း ရွှေကုန်း ဇိန် တောင် ၉၊ ရွှေထိပ် ရွှေထွတ်ငှက်မနား ဇိန်
ပွင့် ၁၂၊ ပါး ကနား ကာ၊ မှောက်ရုပ်လည် ကျေး ရွှေကာ နောက်ကာကတ္တီပါနီ
ယက်ပြာသတ်၊ မျည်း တိုကတ္တီပါဇိမ်း ယက်ပြား သတ်၊ ထီး နီ ရွှေ ညောင်ရွက် ၃ ဆင့်၊
ရွှေထွတ် ညောင်ရွက် ရေ ၃ ၆၊ ကျိုင်း ဆင်စွယ်ထွတ် ၁၊ ထမ်း စင်သံလျင်း တလ ၉ ဝန်း ၊
ဘုန်ပတုလား ပန်း ၊ အိမ် ညောင်ရွက်အတွင်း တုလား ပန်း ၊ ဘောင်ထိပ်ဘ ယောင်း
ပွင့်၊ ခါး ပန်း တမွတ်ကြာနုတမြို့ချီး ၊ တမွတ်နား အတွင်း ပြင်ပွတ်ချမ်း ၊ စက်ဘီ
လူး ခေါင်း ၊ အတွင်း ကြယ်နား တုလား ပန်း ညောင်ရွက်တမြို့ချီး ၊ ကြက်ရင်တုလား
ပန်း ၊ အိမ် ညောင်ရွက်အတွင်း တုလား ပန်း ၊ ထောင့်ကျေး စေတီ၊ အဖြေ
မြင်း နား လျောက် ၅ ဝန်း ၊ တု ပြောက်အနီသုတ်၊ ခါး ပန်း စက်မှာလက်ဝဲလက်ယာ
၃ ဝန်း စီ၊ ရွှေနောက်ထုတ် ၃ ဝန်း ပက်အတွင်း ဆင်စွယ်ကြယ်၊ စက်နား ညောင်
ရွက်ဆင်စွယ်ကြက်ရင်တုလား ပန်း ၊ အိမ်ဆင်စွယ် ၂ တန့်၊ လည်သီး ဆင်စွယ် မှော် ဆေး
ကျေး စေတီဆင်စွယ်တပ၊ ဘောင်ထိပ်ဘ ယောင်း ပွင့်၊ ချက်ဆင်စွယ်၊ လှော်ကား
ပရိတ်ခြည် ၃ ဆင့် လှေမှတ်ခြ သော့ရုပ်၊ ဦး ငှက်ပျံရုပ် ၄၊ ပဲ့ငှက်ပျံရုပ် ၆၊ တဖက်ဘရုံ
တုံး။ ပဲ့ဘိတုရင်လုင်တိုင် ထောင့်ဖြေပန်း ဆုတ်၊ ခင်တရင်အမိုး အုန်နီ ကြေး ပြုံး ငွေ
က တော့ အောင်း နီဦး တပွင့်ပဲ့ ၂ ပွင့်၊ လှော်တက်ဖြူသနား တော်မူသည်၊ စာ
ချွန် ရေး မြ ရေး ၍သွင်း ။

9 August 1817

9 August 1817

ဆဒ္ဒန်ဆင်မင်း သခင်မင်း တရားကြီး နန်း စံ၃၅နှစ်စမ္ဗာဝိမာသည်
သုဒ္ဓဒိန်၅၃၉ တော်သလင်း လဆန်း ၁၄ရက်နေ့နား ခံသိမ်နော်ရထာတွင်ပြန်။
(တင် ပုရပိုက်)

